တမန်တော်မြတ် صَلَّى اللَّهُ عَلَيْهِ وَسَلَّمَ ၏
ဘဝဖြစ်စဉ်နှင့် ဓမ္မကျင့်စဉ်

ကြီးကြပ်သူ

မုဖ်သီ အာစွင်းမ် (နဒ်ဝီ၊ မဇ္ဈာဟေရီ)

ပြန်ဆိုသူ

အွတ်ဆ်မားန် စအီးဒ် (အလ်ကောင်ဆရီ)

မာတိကာ

အကြောင်းအရာ	စာမျက်နှာ
အမှာစာ	၄
ဖတ်ညွှန်း	၇
ချစ်နဗီ ﷺ ၏မျိုးရိုးစဉ်ဆက်	၉
မွေးဖွားသန့်စင် ကိုယ်တော်သခင်	၁၉
ဒအ်ဝသ်ချိန်ခါကျလေပြီ	၃၅
ဝမ်းနည်းဖွယ်နှစ်ကာလ	၅၃
ဟစ်ဂျရသ်အစီအစဉ်များစတင်လာခြင်း	၅၉
မဒီနဟ်သို့	၆၆
အစ္စလာမ့်ဝန်းကျင်တည်ထောင်ခြင်း	၇၀
ဂျေဟားဒ်စစ်မက်တိုက်ခိုက်ရေးမူဝါဒ	၇၃
ဗဒ်ရ်ကွဗ်ရာ	၇၅
ဗနီကိုင်နိုကားအ်စစ်ပွဲ	၈၀
ဇိုက်ဒ်ဗင်နဟာရေဆဟ်တပ်စိတ်	၈၃
အုဟုဒ်စစ်ပွဲ	၈၅
ဟမ်ရာအုလ်အစဒ်စစ်ပွဲ	၉၄
ဗနီနသွီးရ်စစ်ပွဲ	၉၅
အဟ်ဇားဗ်စစ်ပွဲ	၉၇
ကိုရိုင်သွဟ်စစ်ပွဲ	၁၀၁

တမန်တော်မြတ် ﷺ ၏	ဘဝဖြစ်စဉ်နှင့်ဓမ္မကျင့်စဉ်
အွမ်ရဟ်ဟိုဒိုင်ဗီယဟ်	၁၀၄
ဘုရင်များထံသဝဏ်လွှာပို့ဆောင်ခြင်း	၁၁၁
ခိုင်ဗရ်စစ်ပွဲ	၁၁၂
မုအ်သဟ်စစ်ပွဲ	၁၁၈
မက္ကဟ်အောင်နိုင်ခြင်း	၁၂၂
ဟိုနိုင်နှစ်ပွဲ	၁၂၇
သဗူးက်စစ်ပွဲ	၁၃၁
နှုတ်ဆက်ခြင်းဟဂျ်	၁၃၆
အဆုံးသတ်ခွဲခွါခြင်း	၁၄၀

بسم الله الرحمن الرحيم

الحمد لله وحده والصلاة والسلام على من لا نبي بعده. وعلى آله وصحبه الذين اتبعوا سننه وهديه.

နှစ်ဘဝအလှဆင်မြန်းသော မြတ်ကိုယ်တော် ﷺ သို့

ရဗီအွလ်အောက်ဝလ် ဆန်းဦးစလစနွာနှင့်အတူ **"တမန်တော်မြတ်၏ ဘဝဖြစ်စဉ်နှင့် ဓမ္မကျင့်စဉ်"** ဟူသော စာအုပ်လေး တစ်အုပ်လည်း ထွက်ပေါ်ခဲ့ပါပြီ။ ဤကျမ်းငယ်ကို လူငယ်ကလောင်ရှင် မော်လာနာ မုဟမ္မဒ် အွတ်ဆ်မားန် စအီးဒ် (အလ်ကောင်ဆရီ)က السيرة النبوية للأطفال والناشئة ကျမ်းကို အခြေခံကာ ရေးသားပြုစုထားခြင်းဖြစ် သည်။

ကလေးသူငယ်များ၊ ဆက်ကျော်သက်အရွယ် လူငယ်လူရွယ်လေးများ ပင်လျှင် စီရသ် (ကိုယ်တော်မြတ် ﷺ ၏ အတ္ထုပ္ပတ္တိ) ကို ရိုးရှင်းလွယ်ကူစွာလေ့လာနိုင်ရန် ရည်ရွယ်ပြုစုထားခြင်းဖြစ်ပါသည်။

ဖတ်ရှုရလွယ်ကူသည်။ တင်ပြဟန်ကောင်းမွန်သည်။ ပါဝင်သောအချက်အလက်များသည် မှန်ကန်တိကျသည်။ မှတ်သားရလွယ်ကူသည်။ ကိုယ်တော်မြတ် ﷺ အတ္ထုပ္ပတ္တိအစမှ အဆုံးထိ လိုအပ်သည်များကို စုစည်းတင်ပြထားသည်။ အကြောင်းအရာတိုင်းကို ဖြစ်ပျက်ခဲ့သည့် အကြောင်းတရားများ၊ နောက်ခံသမိုင်းအကျဉ်းနှင့် တင်ပြထားသည်။

ယနေ့ခေတ်တွင် ကျွန်ုပ်တို့၏ ကလေးငယ်များ၊ ဆယ်ကျော်သက် အရွယ် လူငယ်လေးများသည် စံနမူနာရှင် ရွေးချယ်ရာတွင် လွဲမှားနေကြသည်။ အထင်ကြီးမှုမှားနေကြသည်။ ရုပ်ရှင်မင်းသား၊ မင်းသမီးများ၊ ဆယ်လီများ၊ အားကစားသမားများကို အထင်ကြီးပြီး ၎င်းတို့အကြောင်းများကို ကောင်းစွာသိရှိကြသည်။ လေ့လာ

မှတ်သားကြသည်။ အထက်ပါ ပုဂ္ဂိုလ်များအကြောင်းတို့သည် ၎င်းတို့စကားဝိုင်းများ၏ အဓိကဆွေးနွေးချက်များ ဖြစ်နေသည်။

အထင်ကြီးရာမှတဆင့် လေ့လာခြင်း၊ လေ့လာခြင်းမှတဆင့် ဂဃနဏာသိရှိရန် ကြိုးစားခြင်းအထိ ဖြစ်လာသည်။

ယနေ့ ကျွန်ုပ်တို့မျိုးဆက်သစ်လူငယ်များအနေဖြင့် နှစ်ဘဝနှစ်ဌာနတွင် အောင်မြင်မှုအာမခံချက်ပေးမည့် ကိုယ်တော်မြတ် ﷺ ၏ စီရင်ပုံကို နားလည်ချိန်တန်ပါပြီ။ ကိုယ်တော့်ကို အထင်ကြီးချိန်တန်ပါပြီ။ သူတို့လေးတွေထံတွင် အထင်ကြီးထိုက်သည့် စံချိန်စံညွှန်းများထက်ပိုသော အလှတရားများ၊ အရည်အချင်းများ၊ စွမ်းရည်များ ကိုယ်တော့်ထံတွင်ရှိနေကြောင်း ၎င်းတို့ ကောင်းစွာသိရှိချိန်တန်ပါပြီ။

ဤသို့ သိရှိနိုင်ရန် ကလောင်းစွမ်းရည်ရှိသူများအနေဖြင့် မိမိတို့ ကလောင်စွမ်းဖြင့် အွမ္မသ်ကို ကိုယ်တော်နှင့် မိတ်ဆက်ပေးသင့်ပါပြီ။ ကိုယ်တော်မြတ် ﷺ၏ ဘဝရှုထောင့်အစုံအား လေ့လာတင်ပြပြီး နှစ်ဘဝနှစ်ဌာနတွင် နဗီအချစ်ကြောင့် ရရှိမည့် အောင်မြင်မှုဆီ လှမ်းချီသင့်ပါပြီ။

ဤရည်ရွယ်ချက်ဆီ လှမ်းချီသော ခြေလှမ်းများတွင် မော်လာနာ အွတ်စ်မားန်၏ ဤစာအုပ်သည်လည်း အပါအဝင်ဖြစ်ပါသည်။ ဆရာရေးသားပြုစုသောကျမ်းသည် နဗီအချစ်များ ကျွန်ုပ်တို့ရင်တွင်း ကူးစက်ပေးမည့် စာအုပ်တစ်အုပ်ဖြစ်ပါသည်။

ကျွန်ုပ်တို့အသက်ထက်ချစ်ရသော နဗီကြီးအကြောင်းကို....

ဖတ်ပါ... မှတ်ပါ... လေ့လာပါ...

ရင်ဘတ်ကြီးဖြင့် ပုံအောပြီး

ချစ်ပါ... မြတ်နိုးပါ... တန်ဖိုးထားပါ...

အမြဲတမ်း

ဒရူးဒ်မေတ္တာပို့သနေရင်း... နဗီ့အကြောင်းတွေးရင်းဆွေးရင်းဖြင့် ကျန်ရှိနေသော ဘဝစက္ကန့်တိုင်းကို ကျော်ဖြတ်ခွင့် အရှင်မြတ် ကျွန်ုပ်တို့ အားလုံးကို ချီးမြှင့်ပေးသနားတော်မူပါစေ။ ဟု ဆန္ဒပြု ဆုမွန်ခြွေရင်း....

မုဟမ္မဒ် အာစွင်းမ်

(နဒ်ဝီ၊ အဗုလ်ဟစန်၊မဇ္ဇာဟေ့ရီ)

ဟစ်ဂျ်ရီ (၁၄၄၆)ခု၊ ရဗီအွလ်အောက်ဝလ်(၃)ရက်

7/9/2024(စနေနေ့)

ဖတ်ညွှန်း

စာအုပ်အမည် - တမန်တော်မြတ် ﷺ ၏ဘဝဖြစ်စဉ်နှင့် ဓမ္မကျင့်စဉ်

စာမျက်နှာ - (၁၄၄)မျက်နှာ

ဘာသာစကား - မြန်မာ

ကြီးကြပ်သူ - မွဖ်သီ အာစွင်းမ် (နဒ်ဝီ)

ပြန်ဆိုသူ - အွတ်ဆ်မားန်စအီးဒ် (အလ်ကောင်ဆရီ)

စျေးနှုန်း - ၉၀၀၀ ကျပ်

ကျွန်တော်တို့ဘဝမှာ တမန်တော်မြတ် ﷺ နဲ့ အိမ်နီးချင်းလုပ်ဖို့လိုအပ်ပါတယ်။ ဘယ်လိုလုပ်ရမလဲ? လွယ်ပါတယ်။ ကျွန်တော်တို့ တမန်တော်မြတ် ﷺ နဲ့ အိမ်နီးချင်းလုပ်ဖို့အတွက်က တမန်တော်မြတ်ရဲ့ စီရသ်(အတ္ထုပ္ပတ္တိ)ကို ဖတ်နေခြင်းပါ။ ဒါဆို ကျွန်တော်တို့ တမန်တော်မြတ်နဲ့ အိမ်နီးချင်းဖြစ်သွားမှာပါ။

တမန်တော်မြတ်နဲ့ အိမ်နီးချင်းလုပ်ဖို့အတွက် ပေါင်းကူးလေးတစ်ခုအဖြစ် ဒီစာအုပ်လေးကို ပြန်ဆိုရေးထားခြင်းဖြစ်ပါတယ်။ အထူးသဖြင့် ရင်သွေးငယ်များအတွက် ရယ်ရွယ်ပါတယ်။ မြန်မာစာကို ဖတ်တတ်စ,ရင်သွေးငယ်များအနေနဲ့ တမန်တော်မြတ်ရဲ့ ဘဝဖြစ်စဉ်ကို ရိုးရှင်းစွာနားလည်နိုင်ရန် ရည်သန်၍ တင်ဆက်ထားပါတယ်။

စီရသ်ကို စတင်လေ့လာမယ့် လူငယ်များနေနဲ့လည်း စီရသ်အခြေခံလေ့လာနိုင်ရေးအတွက် အထောက်အကူပြုနိုင်မည်ဟု မျှော်လင့်ပါတယ်။ စီရသ်ကို ဖတ်ရှုတ်တဲ့အခါ တမန်တော်မြတ်သည် စံပြပုဂ္ဂိုလ်တစ်ဦးဆိုတာထက် အလွာဟ်အရှင်မြတ်က စေလွှတ်သော တမန်တော်တစ်ပါးဖြစ်သည်ကိုလည်း နှလုံးသွင်း၍ ဖတ်မှတ်ပါ။ စီရသ်ထဲမှ သမိုင်းဝင်နေရာများ၊ ခုနှစ်များ၊ ဆွဟာဗဟ်များ၊ ရန်သူများ၏နာမည်များ

အား သေချာမှတ်သားပါ။ ဒါမှ တစ်ဦးကပြောသည်၊ ခရီးတစ်ခုမှာ၊ စစ်ပွဲတစ်ခုမှာ စသည်ဖြင့် မတိကျသောပြောဆိုမှုများမှ ကင်းလွတ်နိုင်မှာပါ။

အထက်ပါအရာတွေကတော့ လမ်းညွှန်ချက်ဆိုတာထက် နဗီချစ်သူအချင်းချင်း မျှဝေသော အတွေးစများဖြစ်သည်ဟု မှတ်ယူစေကြောင်းပါ။

ဒီစာအုပ်အားရေးသားရာမှာ ကကြီး မှ အ ထိ အကျိုးအကြောင်း သင့်လျော်စေခဲ့သည့် အလ္လာဟ်အရှင်မြတ်အား ဦးစွာကျေးဇူးတင်အပ်ပါတယ်။ အလ္လာဟ်ရှင်လက်ခံတော်မူပါစေ။(အာမီးန်)

ဒုတိယအနေနဲ့ ဒီစာအုပ်ကို စလယ်ဆုံး ဖတ်ရှုစိစစ်ပေးခဲ့ပြီး လိုအပ်သည်များအား လမ်းညွှန်ပြုပြင်ပေးခဲ့သည့် ဆရာ မုဖ်သီ အာစွင်းမ် (နဒ်ဝီ၊ မဇ္ဇာဟေရီ၊ အဗုလ်ဟစံနီ) နှင့် မြန်မာစာ စာလုံးပေါင်းသတ်ပုံများအား သေချာစွာ စစ်ပေးခဲ့သော ဆရာ ဇကရီယာ(ခ)ကိုမင်း (B.A(his))တို့ကို လှိုက်လှဲစွာကျေးဇူးတင်ရှိပါတယ်။

အဆုံးသတ်အနေနဲ့ အရှင့်ကရုဏာဆီ ရောက်လေပြီးသော ဖခင်ဖြစ်သူနှင့် အာရ်ဝါဟ်များအတွက် အီဆွာလ်ဆဝါးဗ်အဖြစ် အလ္လာဟ်ရှင်လက်ခံစေရန် ဆုမွန်ဒုအာပြုအပ်ပါတယ်။

အပြုသဘောဆောင်သော ဝေဖန်ချက်များအား ကြိုဆိုကြောင်း...

အွတ်ဆ်မားန်စအီးဒ် (အလ်ကောင်ဆရီ)
+၉၅ ၈၉၂ ၆၂၆ ၀၂၅
osmmansaeidkausari@gmail.com

ချစ်နဗီ ﷺ ၏မျိုးရိုးစဉ်ဆက်

အစ်ဗ်ရာဟီးမ် ﵇ သည် အီရတ်နိုင်ငံမှပါလက်စတိုင်းနိုင်ငံကို ဟစ်ဂျရသ် ပြုခဲ့သည်။ ပြီးနောက် ပါလက်စတိုင်းကို ဒအ်ဝသ်ပေးဖိတ်ခေါ်ရေး ဌာနချုပ် အဖြစ်သတ်မှတ်ခဲ့၏။ တမန်တော်ကြီးသည် လူတို့အား အလ္လာဟ် အရှင်မြတ် တစ်ပါးတည်းသာ ခဝပ်ကိုးကွယ်ကြစေရန် ပါလက်စတိုင်းနိုင်ငံ တွင်သာမက နိုင်ငံပြင်ပထိ ခရီးများထွက်ခဲ့သည်။

ခရီးတစ်ခုတွင် တမန်တော်ကြီးသည် အလွန်ကြမ်းကြုတ်သော ဘုရင်တစ်ပါး၏တိုင်းပြည်နယ်နိမိတ်နားမှ ဖြတ်သန်းခဲ့သည်။ တမန်တော်ကြီး နှင့်အတူ ဇနီးသည်ဖြစ်သူ စာရဟ် သခင်မ လည်း ခရီးစဉ်တွင် လိုက်ပါခဲ့သည်။ သခင်မကြီးသည် အမွန်ရည်ဆုံး အမျိုးသမီးများထဲမှ ဖြစ်သည်။ ရက်စက် ကြမ်းကြုတ်သော ဘုရင်ဖြစ်သူက သခင်မကြီးအား ဒုက္ခပေးရန်ကြံရွယ်သည်။ သို့သော် စာရဟ်သခင်မကြီးသည် ဘုရင်ဆိုးရန်မှ ကာကွယ်ပေးရန် အလ္လာဟ် အရှင်မြတ်ထံ ဒုအာတောင်းဆုပြုခဲ့တဲ့အတွက် အလ္လာဟ်အရှင်မြတ်သည် ဘုရင်ဆိုးရန်မှ ဖယ်ရှားပေးတော်မူခဲ့သည်။ ဘုရင်ဆိုးကြီးသည် အလ္လာဟ် အရှင်မြတ်ထံပါးတွင် စာရဟ်သခင်မကြီးသည် မြင့်မားသော အဆင့်အတန်းရှိ သူမွန်သူမြတ်တစ်ဦးဖြစ်ကြောင်း သိရှိခဲ့သည်။ ထို့ကြောင့် စာရဟ်သခင်မကြီး ၏ထွတ်မြတ်မှု ၊ အလ္လာဟ်အရှင်မြတ်ထံမှ ပြစ်ဒဏ် စီရင်ချက်ကို ကြောက်ရွံ့ စိုးရိမ်သည့် အတွက် ဘုရင်ဆိုးသည် ဟာဂျရဟ်သခင်မကို စာရဟ်သခင်မ အတွက် အလုပ်အကျွေးပြုရန် လက်ဆောင်အဖြစ် ပေးခဲ့သည်။ စာရဟ် သခင်မသည် အစ်ဗ်ရာဟီးမ် ﵇ အား ဟာဂျရဟ်သခင်မကို ပြန်လည် ပြီး လက်ဆောင်အဖြစ် ပေးခဲ့သည်။

တမန်တော်ကြီး အစ်ဗ်ရာဟီးမ် ﷺ သည် ပါလက်စတိုင်းတွင်ရှိသော မိမိဌာနချုပ်ဆီပြန်လာခဲ့သည်။အလ္လာဟ်အရှင်မြတ် သည် ဟာဂျရဟ်သခင်မမှ အစ္စမာအီးလ် အမည်ရှိသားယောကျ်ားလေးတစ်ဦး မွေးဖွားသန့်စင်စေခဲ့ပြီး နဗီကြီးအားချီးမြှင့်ခဲ့၏။

ထို့ကြောင့်စာရဟ်သခင်မအားမခံမရပ်နိုင်ဖြစ်စေခဲ့ပြီးနောက်ဆုံးတွင် ဟာဂျရဟ်သခင်မနှင့်နို့စို့ရွယ်သားလေးကိုဝေးရာသို့ပို့ရန်နဗီကြီးအားအကြပ် ရိုက်စေခဲ့သည်။ဤသည်လည်းအလ္လာဟ်အရှင်မြတ်၏ မိန့်ကြားချက်အား အကောင်အထည်ဖော်ခြင်းဖြစ်သည်။ နဗီကြီးသည်ဟာဂျရာသခင်မနှင့်နို့စို့ ရွယ်သားငယ် လေးအား ဟေဂျားဇ်နယ်ဆီ ခေါ်ဆောင်လာခဲ့သည်။ ကအ်ဗဟ် ရှိရာ ယာမြေမဲ့ လျှိုမြောင်တွင် သားမိန့စ်ဦးအား နေထိုင်စေခဲ့သည်။

ထိုအချိန်က ကအ်ဗဟ်သည် မြေမြင့်ပိုင်းတွင်ရှိသည်။ ရေကြီးရေလျှံမှု ဖြစ်ပြီး ဘေးဘီဝဲယာမှ ရေလှိုင်းများကြောင့် ဗလီအထက်ပိုင်း ဇမ်ဇမ်ရေတွင်း အပေါ်တွင် ဖြစ်ရှိခဲ့သည်။ထိုအချိန်ကမက္ကာဟ်တွင်လူသူကင်းမဲ့ပြီးစာနပ်ရိက္ခာ ရှားပါးသည်။ တမန်တော်ကြီးက သားမိန့စ်ဦးအတွက် စွံပလွံအိပ်တစ်လုံးနှင့် ရေအိပ်တစ်ခုသာထားရှိခဲ့သည်။ ပြီးနောက် တမန်တော်ကြီးသည် ပါလက်စတိုင်းကို ပြန်လာခဲ့သည်။

မကြာခင်စားနပ်ရိက္ခာပြတ်တောက်ခဲ့သည်။ထိုအချိန်တွင်အလ္လာဟ်အ ရှင်မြတ် ကျေးဇူးတော်ဖြင့် ဇမ်ဇမ်ရေတွင်း ပန်းထွက်လာခဲ့ပြီး သားမိန့စ်ဦး ရေဆာပြေသည်ထိ သောက်သုံးခဲ့ကြသည်။

အချိန်အတန်ကြာပြီးနောက်ဂျုရ်ဟွန်းမ်အမည်ရှိယီမင်မျိုးနွယ်စုတစ်ခု ရောက်လာခဲ့ပြီး ဟာဂျရ်သခင်မကြီး၏ ခွင့်ပြုချက်ဖြင့် မက္ကာဟ် တွင် နေထိုင်ခဲ့ကြသည်။ ဂျုရ်ဟွန်းမ် မျိုးနွယ်သည် ယခင်က မက္ကာဟ် အစွန်များရှိ လျှိုမြောင်များတွင် ရှိနေခဲ့သည်။ တမန်တော် အစ္စမာအီးလ် ရောက်ရှိလာပြီး အရွယ်မရောက်သေးခင် မက္ကာဟ်တွင်စတည်းချ နေထိုင်ခဲ့ကြသည်။ ယခင်က လျှိုမြောင်အား ကြိမ်ဖန်များစွာ ဖြတ်သန်းခဲ့ကြသည်။

တမန်တော် အစ္စမာအီးလ် အရွယ်ရောက်လာသည့်အခါ ဂျုရ်ဟွန်းမ် မျိုးနွယ်ထံမှအရဗီဘာသာစကားအားသင်ယူခဲ့သည်။ ဂျုရ်ဟွန်းမ်အနွယ်များကတမန်တော်အစ္စအီးလ်အားမိမိတို့မျိုးနွယ်မှအမျိုးသမီးတစ်ဦးဖြင့်ထိမ်းမြားပေးခဲ့ကြသည်။ အလ္လာဟ်အရှင်မြတ်သည် တမန်တော် အစ္စမာအီးလ် အားသားယောကျ်ားလေး ၁၂ဦးထိ ချီးမြှင့်ခဲ့သည်။ နာဗစ်သ် ၊ နီဗာယော့သ် ၊ ကီဒါ ၊ အဒ်ဗီးလ် ၊ မစ်ရှ်မန် ၊ မစ်ရှ်မာ ၊ ဒူမဟ် ၊မတ်စာ ၊ ဟဒတ်၊ သီမာ ၊ ဂျတူရ် ၊ နဖစ်ရှ် နှင့် ကဒီမဟ်တို့ဖြစ်ကြသည်။

တမန်တော် အစ္စမာအီလ်၏သား၁၂ ဦးမှ မျိုးနွယ်စု ၁၂စုထိ ပေါက်ဖွားလာခဲ့ပြီး မက္ကာဟ်၌ အချိန်တစ်ခုအကြာ နေထိုင်ခဲ့ကြသည်။ ထိုအချိန်က ကူးသန်း ရောင်းဝယ်ရေးစနစ်မှာ ယီမင်နိုင်ငံမှဆီရီယားနိုင်ငံနှင့် အီဂျစ်နိုင်ငံသို့ ကုန်စည် ကူးသန်းရောင်းဝယ်ရေးဖြစ်သည်။ မျိုးနွယ်စုများသည်ကျွန်းဆွယ်နှင့် ကျွန်းဆွယ်ပြင်ပတွင်ပြန့်နှံ့လာခဲ့ကြသည်။ ခေတ်ကာလကြာညောင်းလာခဲ့ ပြီး နာဗစ်သ်နှင့်ကီဒါ၏မျိုးဆက်မှအပ ကျန်မျိုးနွယ်စုအများအပြားသည် မျိုး ဆက်ပြတ်ခဲ့သည်။

အစ္စမာအီးလ် ؑ ၏သားဖြစ်သူ ကီဒါ၏ မျိုးဆက်များသည် မက္ကာဟ်တွင်သာ နေထိုင်ခဲ့ကြသည်။ ကီဒဟ်၏ မျိုးဆက်မှ အဒ်နာန် နှင့် သားဖြစ်သူ မအ်ဒ် တို့ပေါက်ဖွားလာခဲ့ပြီး အရဗ်အဒ်နာန်မျိုးနွယ်စုအား ထိန်းသိမ်းခဲ့ကြသည်။ တမန်တော်မြတ်ကြီး ﷺ၏အထက်ဆက် ၂၀မြောက်အဘိုးသည်အဒ်နာန်ဖြစ်သည်။

ဆင့်ကဲရောက်ရှိလာခဲ့သော ချစ်နဗီ တမန်တော်မြတ်ကြီး ﷺ မျိုးရိုးစဉ်ဆက်မှာ-

မုဟမ္မဒ် ဗင်န် အဗ္ဒုလ္လာဟ် ဗင်န် အဗ်ဒုလ် မွတ်သလေ့ဗ် (ရှိုင်ဗဟ်) ဗင်န် ဟာရှင်မ်(အမ်ရ်) ဗင်န် အဗ်ဒု မနားဖ် (မုဂီရဟ်) ဗင်န် ကိုဆွိုင်ယ် (ဇိုက်ဒ်) ဗင်န် ကေလားဗ် ဗင်န် မုရ်ရဟ် ဗင် ကအ်ဗ် ဗင်န် လိုအိုက်ယ် ဗင်န် ဂါလို့ဗ် ဗင်န် ဖေ့ဟ်ရ် (သူ့ကို ကိုရိုက်ရှ်ဟု ခေါ်ကြသည်။ ကိုရိုက်ရှ်မျိုးနွယ်က သူနှင့် ဆက်နွယ်သည်။) ဗင်န် မာလို့က်ဗင်န် နဒ်ဂ်ရ်(ကိုင်းစ်) ဗင်န် ကေနာနဟ် ဗင်န် ခိုဇိုင်မဟ် ဗင်န် မုဒ်ရေကဟ်(အာမေ့ရ်) ဗင်န် အေ့လ်ယားစ် ဗင်န် နဇားရ် ဗင်န် မဒ်အ် ဗင်န် အဒ်နာန် ဖြစ်သည်။

ထပ်မံတူးဆွ ဇမ်ဇမ်

ဟဂ်ျခရီးသွားလာသူများကိုရေတိုက်ကျွေးခြင်းနှင့်ကျွေးမွေးဧည့်ခံခြင်းအား ဟာရှင်မ် ဗင်န် အဗ်ဒု မနားဖ်က ဦးစီးခဲ့သည်။ သူ့နောက် ညီဖြစ်သူ မုသ်သွလစ်ဗ် ဗင်န် အဗ်ဒုမနားဖ်က ဦးစီးခဲ့ပြီး နောက်ဆုံး တွင် တူဖြစ်သူ အဗ်ဒုမုသ်လစ်ဗ် ဗင်န် ဟာရှင်မ်က ဦးစီးခဲ့သည်။

အဗ်ဒုလ် မုသ်လစ်ဗ် သည် မျိုးနွယ်အတွက် ယခင်လူများထက်ပိုပြီးကြိုးပမ်းဆောင်ရွက်ခဲ့သည်။မျိုးနွယ်စုအတွင်းမည်သူမျှမရရှိခဲ့သောအမွန်မြတ်

ဆုံး ဂုဏ်ရှိသူဖြစ်ခဲ့သည်။ မျိုးနွယ်အတွင်း အချစ်ဆုံးနှင့် ဂုဏ်ဒြပ်ကြီးမားသူ ဖြစ်ခဲ့သည်။

တစ်ညတွင် အဗ်ဒုလ် မုသွလစ်ဗ် က ဇမ်ဇမ်ရေတွင်း တူးဖော်စေရန် မြင်မက်ခဲ့သည်။ အိပ်မက်ထဲတွင် လွန်ခဲ့သော နှစ်လအလီလီကတည်းက မြုပ်နှံခံခဲ့ရသော ရေတွင်းနေရာကို အတိအကျညွှန်းခဲ့သည်။ အဗ်ဒုလ်မုသွလစ်ဗ်သည် ရေတွင်းပြန်လည်တူးဖော်ခြင်းကို ဆောက်ရွက်ခဲ့သည်။ တူးဖော်ပြီးနောက် ဂျုရ်ဟွန်းမ် မျိုးနွယ်များ မက္ကာဟ်ကမှ စွန့်ခွါစဉ် မြုပ်နှံခဲ့ ကြသော ရွှေဓါး၊သံချပ်ကာနှင့်ဓါးများကို တွေ့ရှိခဲ့ကြသည်။ ဓါးများအား ကအ်ဗဟ်၏ တံခါးပြုလုပ်ခဲ့ကြပြီး ဓါးမြှောင်များဖြင့် ရွှေတံခါးချပ်များ ပြုလုပ်ခဲ့ကြသည်။ ဟဂ်ျခရီးသွားများကို ဇမ်ဇမ်ရေတွင်းမှ ရေတိုက်ကျွေးခြင်းအားဆောက်ရွက်ခဲ့ကြသည်။

ဇမ်ဇမ်ရေတွင်း ရုပ်လုံးပေါ်လာပြီးနောက်ပိုင်း ရေပေါပေါသီသီ ထွက်လာခဲ့သည်။ ကိုရိုက်ရှ် ခေါင်းဆောင်ပိုင်းတို့က လုပ်ဆောင်ပိုင်ခွင့်အတွက် ငြင်းခုန်ခဲ့ကြပြီး “ငါတို့ကိုလုပ်ပိုင်ခွင့်ထည့်သွင်းပေး” ပါဟု အဗ်ဒုလ်မွသွလစ်ဗ်ကို ပြောခဲ့ကြသည်။ အဗ်ဒုလ်မွတ်သွလစ်ဗ်က “ကျွန်ုပ် အသင်တို့ တောင်းဆိုသလို မလုပ်နိုင်ပါ။ ကျွန်ုပ်နှင့်သာသက်ဆိုင်တယ်” ဟု ပြန်လည်ပြောဆိုခဲ့သည်။ ကိုရိုက်ရှ်ခေါင်းဆောင်များက အလျော့မပေးသေးဘဲ စအ်ဒ် မျိုးနွယ်ရှိ ဗေဒင်ဟောကြားသူထံ အဆုံးအဖြတ်ခံယူရန် ထွက်လာခဲ့ကြသည်။ ခရီးလမ်းတွင် ရေပြတ်လပ်ခဲ့ပြီး အလွှာဟ်အရှင်မြတ်က အဗ်ဒုလ်မုသွလစ်ဗ် အပေါ် သာမိုးရွာသွန်းစေခဲ့သည်။ တခြားသူများအပေါ်မိုးရေတစ်စက် ရွာသွန်းခြင်း မရှိစေခဲ့ပါ။

ဇမ်ဇမ်ရေတွင်းသည် အဗ်ဒုလ်မုသ္ဓလစ်ဗ်နှင့်သားသက်ဆိုင်ကြောင်း ကိုရိုက်ရှ် ခေါင်းဆောင်ပိုင်းများက သဘောပေါက်လာခဲ့ပြီး လှည့်ပြန်ခဲ့ကြသည်။ အဗ်ဒုလ်မုသ္ဓလစ်ဗ်သည် အလ္လာဟ်အရှင်မြတ်က မိမိအား သား (၁၀)ဦးချီးမြှင့်ပါက တစ်ယောက်အား အလ္လာဟ်အရှင်မြတ်ကို ကျေးဇူးတင်သည့်အနေဖြင့် ဇဗဟ်လုပ်မည်ဟုနဇ်ရ်ကိုးခဲ့ သည်။

အဗ်ဒုလ် မုသ္ဓလစ်ဗ် သည် သား (၁၀)ဦး ရှိလာချိန် မိမိ၏နဇ်ရ်အချိန် ကျကြောင်းသိရှိခဲ့သည်။ သားဖြစ်သူများကိုမိမိ၏နဇ်ရ်ကိုးထားမှု အကြောင်း အသိပေးခဲ့ရာ အားလုံးကလက်ခံကြသည်။ ဇဗဟ်လုပ်ခံရမည့်သူအဖြစ် မဲနှိုက်ရွေးချယ်ခဲ့ရာ အချစ်ဆုံးသားဖြစ်သူ အဗ်ဒုလ္လာဟ် မဲကျခဲ့သည်။ အဗ်ဒုလ် မုသ္ဓလစ်ဗ်က သားဖြစ်သူကို ခေါ်ဆောင်ပြီး ဓါးကိုင်လာကာ ဇဗဟ်လုပ်ရန် ကအ်ဗဟ်ဆီဦးတည်လာခဲ့သည်။ အဗ်ဒုလ်မုသ္ဓလစ်ဗ်အား ကိုရိုက်ရှ်များက တားမြစ်ခဲ့ကြသည်။ အထူးသဖြင့် ဦးလေးတော်စပ်သော မဇ်ဈူးမ်မျိုးနွယ်ညီဖြစ်သူ အဗူသွာလစ်ဗ်က တားမြစ်ခဲ့ကြသည်။

အဗ်ဒုလ်မုသ္ဓလစ်ဗ်သည် “ငါရဲ့နဇ်ရ်နဲ့ပတ်သက်ပြီး ဘယ်လိုလုပ်ရမလဲ” ဟုမေးခဲ့သည်။ အကြံဉာဏ်ရယူရန် ရှေ့ဖြစ်ဟောသူထံသွားရန် အကြံပေးခဲ့ကြသည်။ သွားရောက်ခဲ့ရာ ရှေ့ဖြစ်ဟောသူက အဗ်ဒုလ္လာဟ်နှင့် ကုလားအုပ် (၁၀) ကောင်ကြား မဲနှိုက်ကြစေပြီး အဗ်ဒုလ္လာဟ်ပေါ် မဲကျပါက ကုလားအုပ် (၁၀) ကောင် ထပ်တိုး၍ မဲနှိုက်ရန် နှင့် ကုလားအုပ် အပေါ် မဲကျပါက ကုလားအုပ်များကို ဇဗဟ်လုပ်ရန် အကြံပေးခဲ့သည်။ ပြန်လာခဲ့ကြပြီး အကြံပေးချက်အတိုင်း မဲနှိုက်ခဲ့ကြသည်။ အဗ်ဒုလ္လာဟ်အပေါ်သာ မဲကျခဲ့သည်။

နောက်ဆုံး ကုလားအုပ်၁၀၀ရောက်ရှိချိန်မှကုလားအုပ်များအပေါ် မဲကျကာ နဟ်ရ်လည်ဖောက်ခဲ့သည်။ အရဗ်ဓလေ့တွင် လျော်ကြေးအဖြစ် ကုလားအုပ် (၁၀) ကောင် သာရှိခဲ့ကြပြီး ဤအဖြစ်အပျက်ဖြစ်ပြီးနောက် ကုလားအုပ်အကောင် (၁၀၀) ဖြစ်ခဲ့သည်။ အစ်စ်လာမ်က ဤအမိန့်ကို အတည်ပြုခဲ့သည်။

ဆင်တပ်ကြီး ချီလာလေပြီ

ယီမင်နိုင်ငံတွင် ဘုရင်ခံအဗ်ရဟာဆိုသူရှိသည်။ အရဗ်များက ဟဂ်ျပြုရန်ကအ်ဗဟ်ကျောင်းတော်ကြီးဆီ ဦးတည်ကြသည်။ အရဗ်တို့သည် ကအ်ဗဟ်ကျောင်းတော်ကြီးကို အလွန်အင်မတန် ဂုဏ်ပေးလေးစားခဲ့ကြသည်ကိုသိမြင်လေသော ဘုရင်ခံ အဗ်ရဟာဟ်သည် ဆွန်အာမြို့တွင် ဝတ်ကျောင်းတော်အကြီးကြီးတစ်ခု ဆောက်လုပ်ခဲ့သည်။ ရည်ရွယ်ချက်မှာ အရဗ်တို့ကို ကအ်ဗဟ် ကျောင်းတော်အစား သူဆောက်လုပ်ထားသော ဘုရားကျောင်းကြီးကို ဟဂ်ျပြုဖို့ဦးတည်ကြစေရန် ဖြစ်သည်။ ဤသတင်း ကြားသိလေသော ကေနာနဟ်မျိုးနွယ်ထဲမှ လူတစ်ဦးက ညအချိန်မှာ ဝတ်ကျောင်းတော်ကြီးထဲဝင်ပြီး မထီမဲ့မြင်ပြုလုပ်ခဲ့သည်။ သိသိချင်း အဗ်ရဟာဟ် ဒေါသထွက်ခဲ့ပြီး ကအ်ဗဟ်ကိုဖျက်ဆီးပြီး လက်စားချေမည်ဟု ကျိန်ဆိုခဲ့သည်။

အဗ်ရဟာဟ်သည် အင်အား ခြောက်သောင်းရှိသော စစ်တပ်ကြီးနှင့် အတူ ကအ်ဗဟ်ကို ဖျက်ဆီးရန် မက္ကာဟ်သို့ ဦးတည်လာခဲ့သည်။ အကြီးဆုံးဆင်ကြီးတစ်ကောင်ကို စီးနင်းခဲ့လေသည်။ စစ်တပ်တွင် ဆင် ဆယ့်သုံးကောင် ထိရှိနေခဲ့သည်။ ခရီးနှင်လာရင်း မက္ကာဟ်အနီးအနား ရောက်ရှိလာခဲ့ကြသည်။

စစ်တပ်နဲ့အတူဆင်တပ်ကိုပါ အသင့်ပြင်လေခဲ့သည်။ မက္ကာဟ်ကို ဝင်ရောက်စီးနင်းရန် ဟန်ပြင်ခဲ့ကြသည်။

ကအ်ဗဟ်အနီးအနားတွင်ရှိသော လျှိုမြောင်တစ်ခုကို ရောက်လာအချိန်မှာ ဆင်ကြီးက ထိုင်လိုက်သည်။ ကအ်ဗဟ်ကို ဖျက်ဆီးရန် မရွေ့ခဲ့ပေ။ စစ်သားများက တောင်၊မြောက်နှင့်အရှေ့ရပ်ဆီ လှည့်ပေးသောအခါ အရှေ့ကို ဆက်သွားခဲ့သည်။ ကအ်ဗဟ်ဘက်ကို လှည့်ပေးသောအခါ ထိုင်နေခဲ့သည်။ အလ္လာဟ်အရှင်မြတ်သည် အဗာဗီးလ်ငှက် ကလေးများကို အုပ်စုလိုက် စေလွှတ်ခဲ့သည်။ ငှက်တွေက သူတို့ကို ရွံ့စေးကျောက်ခဲများဖြင့် ပေါက်ခဲ့ကြသည်။ စစ်တပ်အား ဝါးထားသောကောက်ရိုးဖတ် အဖြစ်ပြုလုပ်ခဲ့ကြသည်။ ကုရ်အာန်ကျမ်းတော်မြတ်ထဲတွင် အလ္လာဟ်အရှင်မြတ်မိန့်ကြားထားသည်။

بِسْمِ ٱللَّهِ ٱلرَّحْمَٰنِ ٱلرَّحِيمِ

أَلَمْ تَرَ كَيْفَ فَعَلَ رَبُّكَ بِأَصْحَٰبِ ٱلْفِيلِ أَلَمْ يَجْعَلْ كَيْدَهُمْ فِى تَضْلِيلٍ وَأَرْسَلَ عَلَيْهِمْ طَيْرًا

أَبَابِيلَ تَرْمِيهِم بِحِجَارَةٍ مِّن سِجِّيلٍ فَجَعَلَهُمْ كَعَصْفٍ مَّأْكُولٍ

(၁)အသင်(တမန်တော်)အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် ဆင်ဝိုင်ရှင်များအား မည်သို့ပြုလုပ်တော်မူခဲ့သည်ကို အသင်သည် မသိမြင်ခဲ့လေသလော။

(၂)အရှင်မြတ်သည် သူတို့၏လျှို့ဝှက်ကြံစည်မှုကို ပျက်ပြားစေ တော်မူခဲ့သည် မဟုတ်လော။

(၃)ထို့ပြင် အရှင်မြတ်သည် သူတို့၏အပေါ်တွင် (အဗာဗီးလ် အနက်ရောင်ရှိ ပျံလွှားငှက်များနှင့်တူသည့်)ငှက်များကို အုပ်စုလိုက် စေလွှတ်တော်မူခဲ့သည် မဟုတ်လော။

(၄)ထိုငှက်များသည် သူတို့အား ရွှံ့စေးဖြင့် ပြုလုပ်ထားသော ကျောက်ခဲများ နှင့် ပစ်ခတ်လျက်ရှိခဲ့ကြသည်။

(၅)ထို့နောက် အရှင်မြတ်သည် သူတို့အား စားထားပြီးဖြစ်သော ကောက်ရိုး ဖတ်များကဲ့သို့ ပြုလုပ်တော်မူခဲ့သည်။ (စူရဟ်ဖီးလ် - တွဲ ၃၀)

ငှက်များက အနက်ရောင်ပျံလွှားငှက်များကဲ့သို့ဖြစ်သည်။ ငှက်တစ်ကောင်တိုင်းဆီက ကျောက်ခဲသုံးလုံးချီလာကြသည်။ နှုတ်သီးတွင် တစ်လုံး ၊ ခြေထောက်တွင် နှစ်လုံးစီဖြစ်သည်။ ကျောက်ခဲအရွယ်အစားသည် ကုလားပဲလုံးလေးများကဲ့သို့ ဖြစ်သည်။

ကျောက်ခဲများထိမှန်သည့်အခါ ခန္ဓာအစိတ်အပိုင်းများ ပြုတ်ကျခဲ့သည်။ အားလုံးကိုကျောက်ခဲများ ထိမှန်ခြင်းမရှိခဲ့ပေ။ စစ်သားများသည် အလုံးအရင်း အလုအယက်ပြေးလွှားခဲ့ကြသည်။ ပြေးလေတိုင်း အစိတ်အပိုင်းများ ပြုတ်ကျခဲ့ရပြီး လမ်းပေါ်တွင် အလုံးအရင်း သေကြေပျက်စီးခဲ့ကြသည်။

အဗ်ရဟာဟ်အား အလ္လာဟ်အရှင်မြတ်ကြီးက ရောဂါတစ်ခုစွဲကပ်စေပြီး လက်ချောင်းများ ပြတ်ကျခဲ့သည်။ သူနေသော ဆွန်အာမြို့ဆီ ပြန်မရောက်ခဲ့ဘဲ ခန္ဓာကိုယ်က ငှက်ပေါက်လေးလို အရွယ်အစားသာ ရှိခဲ့သည်။ နောက်ဆုံးရင်ကွဲကာ သေကြေခဲ့သည်။ ကိုရိုက်ရှ်များသည် အဗ်ရဟာဟ်၏ စစ်တပ်အားရင်မဆိုင်ရဲကြဘဲ လျှို့မြောင်များထဲ အဖွဲ့လိုက်နေခဲ့ကြသည်။ တောင်ထိပ်များတွင် ခိုလှုံခဲ့ကြသည်။ အဗ်ရဟာဟ်၏စစ်တပ်ကြီး ပျက်စီးခဲ့ပြီးနောက်

မိမိတို့၏အိမ်များဆီ ငြိမ်းချမ်းစွာ ပြန်လာခဲ့ကြသည်။ ဤအဖြစ်အပျက်ကြီးသည် ချစ်နဗီကြီး ﷺ မမွေးဖွားမီ မုဟရ်ရမ်လတွင် ဖြစ်ပွားခဲ့သည်။ အလ္လာဟ်အရှင်မြတ်က မက္ကာဟ်တွင်ရှိသော မုရှ်ရစ်ကာ်များ ကအ်ဗဟ်၏ အဆင့်အတန်းကိုသိစေရန် နှင့် ချစ်နဗီ ၊ ကအ်ဗဟ်ကျောင်းတော်အတွက် ရှေ့ပြေးမဂ်လာဖြစ်သည်။ အလ္လာဟ်အရှင်မြတ်က အရာရာကို တတ်စွမ်းနိုင်တော်မူသော အရှင်ဖြစ်ကြောင်းနှင့် ချစ်နဗီကို စေလွှတ်ခြင်း၏နိဒါန်းဖြစ်ကြောင်း သိစေခဲ့သည်။

မွေးဖွားသန့်စင် ကိုယ်တော်သခင် ﷺ

အဗ်ဒုလ်မွတ်သွိလစ်ဗ်တွင် သားဆယ်ဦးရှိကြောင်း ရှေ့တွင်ပြောပြခဲ့သည်။ အဗ်ဒုလ္လာဟ်သခင်သည် အဗ်ဒုလ်မွတ်သွိလစ်ဗ်၏ သားများထဲတွင် အထွေးဆုံး အလှပဆုံး၊ အမွန်ရည်ဆုံးနှင့် အချစ်ဆုံးဖြစ်သည်။ ဇဗ်လုပ်ခံရရန် မဲကျသူလည်းဖြစ်ခဲ့သည်။ အဗ်ဒုလ္လာဟ်သခင် လူပျိုရွယ်ဝင်လာချိန်တွင် ဖခင်ဖြစ်သူက လက်ထပ်ထိမ်းမြားပေးရန် ဝဟ်ဗ်၏သမီးဖြစ်သူ အာမိနဟ်အား ရွေးချယ်ခဲ့သည်။

အာမေနဟ်သခင်မသည် ကိုရိုက်ရှ်ထဲတွင် မျိုးရိုးအဆင့်အတန်းအရ အမြင့်မြတ်ဆုံးဖြစ်သည်။ ဖခင်ဖြစ်သူကလည်း ဂုဏ်သိက္ခာကြီးမားသူ ဖြစ်သည်။ ဇုဟ်ရဟ်မျိုးနွယ်၏ ခေါင်းဆောင်လည်း ဖြစ်သည်။

တစ်နေ့တွင် စွံ့ပလွံဝယ်ရန် အဗ်ဒုလ်မွတ်သွိလစ်ဗ်ကသားဖြစ်သူ အဗ်ဒုလ္လာဟ်ကို မဒီနဟ်ကိုသွားစေခဲ့သည်။ အဗ်ဒုလ္လာဟ်သခင်သည် ထိုခရီးမှာပင် မဒီနဟ်၌ ကွယ်လွန်သေဆုံးခဲ့သည်။ သေဆုံးချိန်တွင် ကုလားအုပ်ငါးကောင်၊ ဆိတ်တစ်အုပ် နှင့် ဟဗ်ရှီကျွန်မတစ်ယောက် ချန်ထားခဲ့သည်။ သူမ၏အမည်သည် ဘရကဟ်ဖြစ်ပြီး ဘွဲ့သည္ဘာမှာ အွမ်မုအိုင်မန်း ဖြစ်သည်။ သူမမှာ ချစ်နဗီကြီး၏ အထိန်းတော်လည်း ဖြစ်သည်။ အဗ်ဒုလ္လာဟ် သခင် သေဆုံးချိန်တွင် ဇနီးဖြစ်သူ အာမိနဟ်သခင်မ သည်ချစ်နဗီအား လွယ်ထားရသည်။ အဘိုးဖြစ်သူ အဗ်ဒုလ်မွတ်သွိလစ်ဗ်က ကြည့်ရှုစောင့်ရှောက် ခဲ့သည်။ ဖခင်သေဆုံးပြီးနောက် မွေးဖွားလာမည့် ကလေးလေးကို အားလုံးက စောင့်မျှော်နေခဲ့ကြသည်။

ချစ်နဗီကြီးမွေးဖွားခြင်းနှင့်ပတ်သက်ပြီး မိခင်ဖြစ်သူက ယခုလိုပြောပြခဲ့သည်။ သားလေးမွေးဖွားချိန်တွင် ကျွန်မခန္ဓာကိုယ်ထဲမှ ဆီရီးယားနန်းဆောင်တွေကို ထွန်းလင်းစေသော အလင်းရောင်တစ်ခု ထွက်ပေါ်လာသည်ကို ကျွန်မတွေ့မြင်ခဲ့ရသည်။

ကလေးမွေးဖွားပြီးနောက် အဘိုးဖြစ်သူကို သတင်းကောင်းပေးစေခဲ့သည်။ အဘိုးဖြစ်သူက ပျော်ရွှင်ဝမ်းမြောက်ခဲ့ပြီး ကလေးကို ပွေ့ချီကာ ကအ်ဗဟ်ထဲ ဝင်ရောက်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်ထံ ဒုအာတောင်းခဲ့ပြီး ကျေးဇူးတင်ခဲ့သည်။ ကလေးငယ်လေးကို မုဟမ္မဒ်ဟု အမည်မှည့်ခဲ့သည်။ နာမည်သည် အရဗ်တွေကြား ခေါ်ဝေါ်လေ့မရှိသော အမည်ဖြစ်ခဲ့သည်။ ခုနှစ်ရက်မြောက်နေ့တွင်အရဗ် ဓလေ့အတိုင်း ခသ်နာ လုပ်ခဲ့ကြသည်။

စအ်ဒ်မျိုးနွယ်မှာ မဂ်လာတွေခညောင်းလေပြီ

အရဗ်မြို့ပြတွင်နေထိုင်ကြသူများက ကျေးလက်တွင်ရှိသော နို့ထိန်းသည်ဆီ မိမိ၏နို့စို့ရွယ်ကလေးကို အပ်နှံလေ့ရှိကြသည်။ မြို့ပြရှိ ရောဂါများမှ နေကင်းဝေစေရန်၊ ခန္ဓာကိုယ်အရိုးအဆစ်သန်မာကြံ့ခိုင် စေရန်ဖြစ်သည်။ အရဗီဘာသာစကားကိုလည်း ငယ်စဉ်တောင်ကျေးကလေးဘဝတည်းကနေ လိမ်မာပါးနပ်စွာ ပြောဆိုနိုင်ရန်ဖြစ်သည်။ အဗ်ဒုလ်မွတ်သ်လစ်ဗ်သည် မြေးဖြစ်သူအတွက် နို့ထိန်းသည် များ ရှာဖွေခဲ့သည်။ နောက်ဆုံး ဟလီမဟ် စအ်ဒီယဟ် အမည်ရှိသော စအ်ဒ်ဗင်နဘက်ရ်မျိုးနွယ်ထဲမှ အမျိုးသမီးတစ်ဦးကိုငှားရမ်းခဲ့သည်။ သူမ၏ခင်ပွန်းမှာ ဟာရစ်ဆ်အမည်ရှိပြီး မျိုးနွယ်တူဖြစ်သည်။ ချစ်နဗီကြီးမှာ နို့စို့ဖက်မောင်နှမများရှိပေသည်။ သူတို့သည် - အဗ်ဒုလ္လာဟ် ဗင်န် ဟာရစ်ဆ်၊ အိုနိုယ်စဟ် ဗင်သို့ ဟာရစ်ဆ် ၊ ရှီမာ ဗင်နသို့

ဟာရစ်ဆ် ၊ အဗူစွဖ်ယားန် ဗင်န် ဟာရစ်ဆ် ဗင်န် အဗ်ဒုလ်မွသွ်လစ်ဗ် နှင့် ဟမ်ဇဟ်ဗင်န် အဗ္ဒဒုလ်မွတ်သွ်လစ်ဗ်တို့ ဖြစ်ကြသည်။ဟလီမဟ်သခင်မသည် ချစ်နဗီကြီး၏ ကောင်းခြင်းရနံ့ကို ရှူရှိုက်ခွင့်ရခဲ့သည်။

တစ်နေ့တွင် ဟလီမဟ်သခင်မသည် နို့စို့ကလေးသူငယ်ရှာဖွေရန် မိမိမြို့ရွာမှ နို့ထိန်းသည်များနှင့်အတူ မက္ကဟ်သို့ ထွက်လာခဲ့ ကြသည်။ အချိန်ကလွန်စွာကြပ်တည်းနေသော အချိန်ဖြစ်သည်။ အားအင်ချည့်နဲ့သော ကုလားအုပ်အပေါ်စီးနင်းရင်း နို့ဓါတ်ခမ်းနေသောဆိတ်လေးနှင့်အတူ ထွက်လာခဲ့ကြသည်။ ဗိုက်ဟောင်းလောင်းဖြစ်နေသောကလေးငယ်လေး၏ငိုကြွေးသံကြောင့် အိပ်စက်နိုင်ခဲ့ခြင်းလည်းမရှိခဲ့ပေ။

ကလေးအတွက် အာဟာရမရှိသလို တိရစ္ဆာန် အတွက် အစာပင်မရှိခဲ့ရှာပေ။ အကူအညီရလိုရငြား စောင့်မျှော် နေခဲ့ကြသည်။

သူမ၏ကုလားအုပ်လေးနှင့်အတူ ထွက်လာခဲ့ကြသည်။ ကုလားအုပ်က နှေးကွေးသောကြောင့် ကျန်ခရီးသွားများကိုပါ ခရီးဖင့်စေခဲ့သည်။ နောက်ဆုံးမက္ကဟ်သို့ရောက်ရှိခဲ့သည်။ နို့စို့ရွယ်ကလေးသူငယ်ကို ရှာဖွေခဲ့သည်။

ရောက်လာခဲ့ကြသော နို့ထိန်းသည်များက ချစ်နဗီကြီး ﷺကို ဖတဆိုးဖြစ်လေတော့ လက်ခံဖို့ငြင်းဆန်ခဲ့ကြသည်။ ဟလီမဟ် စအ်ဒီယဟ် ခင်မကြီးလည်း အပါအဝင်ဖြစ်သည်။ နို့ထိန်းသည်များက ဖခင်ဖြစ်သူဆီက ကျွေးမွေးစားရိတ် ရကြသည့်အတွက် ဖတဆိုးဖြစ်တဲ့ချစ်နဗီကြီးကို လက်ခံဖို့ငြင်းဆန်ခဲ့ကြသည်။

ရောက်လာခဲ့ကြသော နို့ထိန်းသည်များအားလုံး ကလေးအသီးသီး ရရှိခဲ့ချိန် ဟလီမဟ် သခင်မကြီးက တစ်ဦးမျှမရခဲ့ပေ။ ဟလီမဟ် သခင်မသည် နို့စို့ကလေးမပါဘဲ မိမိရပ်ရွာကို မပြန်လိုလေတော့ ဖတဆိုးဖြစ်သောချစ်နဗီကို လက်ခံလိုက်ရန် ခင်ပွန်းဖြစ်သူကို ပြောကြားခဲ့သည် ။ ချစ်နဗီဆီ ပြန်သွားခဲ့ပြီး မိမိရပ်ရွာဆီ ခေါ်ဆောင်လာခဲ့သည်။ ဟလီမဟ်သခင်မကြီးသည် ချစ်နဗီကို ခေါ်ဆောင်လာခဲ့ပြီးနောက် ကောင်းခြင်းမင်္ဂလာသင်းရနံ့များရရှိခဲ့လေသည်။

ချစ်နဗီကြီးကို ရင်ခွင်ထဲပိုက်ထွေးချိန် နို့အုံမှ နို့များအဆက်မပြတ် ထွက်လာခဲ့ပြီး ချစ်နဗီနဲ့အတူ နို့စို့ရွယ်ကလေးငယ်လေးပါ ဝဝလင်လင် သောက်သုံးနိုင်ခဲ့ကြသည်။ နှစ်နှစ်ခြိုက်ခြိုက်အိပ်မောကျခဲ့ကြသည်။ ခရီးတွင် အတူပါလာခဲ့သည့် နို့ဓါတ်ခမ်းသော ဆိတ်လေးမှ နို့ရည်များ ဖောဖော သီသီရခဲ့ကြသည်။ သူတို့အားလုံး ဝဝလင်လင် သောက်သုံးခဲ့ကြသည် ။

ခရီးသွားအုပ်စုထဲတွင် အနှေးဆုံးဖြစ်သော ကုလားအုပ်သည် အပြန် ခရီး၌ အလျင်မြန်ဆုံးဖြစ်ခဲ့သည်။ အားလုံးက အံ့အားသင့်ခဲ့ရသည်။ စအိဒ် မျိုးနွယ် ရှင်သန်နေထိုင်ရသည့်ဒေသသည် မိုးခေါင်သောဒေသဖြစ်သည်။ သို့သော် ဟလီမသ်စအ်ဒီယဟ်၏ ဆိတ်အုပ်သည် အမြဲတစေ နို့အုံတွေ တင်းလျက်နဲ့သာ ပြန်လာခဲ့ကြသည်။ တခြားသူပိုင်ဆိတ်အုပ်များသည် နို့ခမ်းခြောက်လျက်သာရှိနေခဲ့ကြသည်။

ချစ်နဗီသည် တခြားကလေးသူငယ်များကဲ့သို့ကြီးပြင်းလာခဲ့သည် မဟုတ်ပေ။ အသက်နှစ်နှစ်အရွယ်ရောက်လာခဲ့ချိန်တွင် တည်ငြိမ်ရင့်ကျက်သော ကလေးသူငယ်ဖြစ်ခဲ့သည်။ ချစ်နဗီ အသက်နှစ်နှစ်ပြည့်ပြီးချိန်မိခင် ဖြစ်သူထံပြန်လည်သွားရောက်ပြီး နောက်ထပ် ထပ်မံကျွေးမွေးပြုစုခွင့်ရရန်

ဟလီမဟ်သခင်မက တောင်းဆိုခဲ့သည်။ မိခင်ဖြစ်သူကလည်း မက္ကဟ်၌ ကပ်ရောဂါ ဆိုက်ရောက်ချိန်ဖြစ်သဖြင့် တောင်းဆိုချက်ကို ခွင့်ပြုလိုက်လျော ခဲ့သည်။

ရင်တော်ခွဲကာ ဆေးကြောလေပြီ

ချစ်နဗီကြီး ﷺသည် ဟလီမဟ်သခင်မနဲ့အတူ စအ်ဒ်မျိုးနွယ်ဆီ ပြန်လိုက်ပါလာခဲ့သည်။ ချစ်နဗီ သက်တော်၏ လေးနှစ်ရောက်လာခဲ့ချိန် ပထမအကြိမ် ရင်တော်ခွဲခံရသည်။ ကလေးသူငယ်များနှင့်အတူ ဆော့ကစား နေစဉ် ကောင်းကင်တမန်ကြီး ဂျစ်ဗရာအီးလ် ရောက်လာခဲ့သည်။ ချစ်နဗီကို လှဲချခဲ့ပြီး ရင်တော်ကိုခွဲခဲ့သည်။ နှလုံးသားကိုထုတ်ယူခဲ့ပြီး သွေးခဲတစ်ခုကို သန့်စင်ခဲ့သည်။ နှလုံးသားကို ရွှေလင်ဗန်းထဲထည့်ခဲ့ပြီး ဇမ်ဇမ်ရေနှင့် ဆေးကြောခဲ့သည်။ ဆေးကြောပြီးနောက် မူလအတိုင်း ပြန်လည် ထားခဲ့သည်။

ဤသည်အားမြင်လေသော ကလေးသူငယ်များသည် ဟလီမဟ် သခင်မထံ အပြေးအလွှား လာရောက်ပြောခဲ့ကြသည်။ ချစ်နဗီကလည်း ဖြစ်ပျက်ခဲ့သမျှကို အမှန်တိုင်းပြောကြားခဲ့သည်။ ဟလီမဟ်သခင်မကြီးက ကြားသိခဲ့ပြီးနောက်တွင် ကြောက်ရွံ့ခဲ့သည်။ ချစ်နဗီကို မိခင်ဖြစ်သူထံ ပြန်လည်ပို့ဆောင်ခဲ့သည်။

ချစ်ရသူဆုံးရှုံးလေပြီ

ချစ်နဗီသက်တော် ခြောက်နှစ်အရွယ်ဖြစ်သည်။ မိခင်ဖြစ်သူက ယဆ်ရစ်ဗ်(ယခု မဒီနဟ်) တွင်ရှိသော ဖခင်ဖြစ်သူ၏ကဗရ်ကို ကြည့်ရှုရန် ဖတဆိုးကလေးငယ်လေး ချစ်နဗီ၊ ကျွန်မဖြစ်သူ အွမ္မေ့အိုင်မန်၊ အဘိုး ဖြစ်သူ အဗ်ဒုလ်မွတ်သ်လစ်ဗ်နှင့်အတူထွက်လာခဲ့ကြသည်။ ယဆ်ရစ်ဗ်တွင် တစ်လ

အကြာနေထိုင်ခဲ့ပြီး ပြန်လာခဲ့သည်။ အပြန်လမ်းခရီးတွင် မိခင်ဖြစ်သူ အပြင်းအထန် နာမကျန်းဖြစ်ခဲ့ပြီး မက္ကာဟ်နှင့်မဒီနာဟ်ကြားရှိ အဗ်ဝါးအ်ခ် နေရာတွင် ကွယ်လွန်ဆုံးပါးခဲ့သည်။ အဗ်ဝါးအ်တွင် မြှပ်နှံခဲ့ကြသည်။ ချစ်နဗီကြီးသည် သက်တော် ခြောက်နှစ်အရွယ်တွင် ဖတဆိုး၊မိတဆိုး ဖြစ်ခဲ့ရသည်။

အဘိုးဖြစ်သူ အဗ်ဒုလ်မွတ်သ်လစ်ဗ်က မက္ကာဟ်ကိုပြန်လည်ခေါ်ဆောင်လာခဲ့သည်။ မိတဆိုး၊ဖတဆိုးဖြစ်ရှာသော မြေးဖြစ်သူအပေါ် အချစ်များပိုမိုတိုးခဲ့သည်။ သားသမီးများထက်ပိုပြီး ဦးစားပေးခဲ့သည်။ သားသမီးများမရရှိနိုင်သော ကြင်နာမှုမျိုးရရှိခဲ့သည်။

ကအ်ဗဟ်အရိပ်အောက်တွင် သားဖြစ်သူများက အဗ်ဒုလ်မွတ်သ်လစ်ဗ်အတွက် သီးသန့်အခင်းပိုင်းလေး ခင်းထားခဲ့သည်။ အဗ်ဒုလ်မွတ်သ်လစ်ဗ် မထိုင်မီ အခင်းအပေါ်မထိုင်ဘဲ အခင်းပတ်လည်မှာ ထိုင်နေခဲ့ကြသည်။ တစ်နေ့တွင် ချစ်နဗီရောက်လာခဲ့ပြီး အခင်းပေါ်ထိုင်သည့်အခါ ဦးလေးဖြစ်သူများက နောက်ကိုပြန်ဆွဲခဲ့သည်။ အဘိုးဖြစ်သူ မြင်သည့်အခါ “ငါ့မြေးကိုလွှတ်ထား ပေးလိုက်ကြ။ အလွှာဟ်ကစမ် သူကထူးခြားတဲ့သူဖြစ်တယ်” ဟုပြောကြားခဲ့သည်။ ချစ်နဗီ၏ကျောပြင်တော်ကို လက်နှင့်ပွတ်သပ်ပေးပြီး ချစ်နဗီသဘောကျတာလေးကိုလုပ်ပေးနေခဲ့သည်။

ချစ်နဗီသက်တော် ရှစ်နှစ် နှစ်လနှင့်ဆယ်ရက် ရောက်သောအခါ အဘိုးဖြစ်သူ ကွယ်လွန်ခဲ့သည်။ မကွယ်လွန်မီ မြေးဖြစ်သူကို ပြုစုစောင့်ရှောက်ပေးရန် ချစ်နဗီ၏ဦးလေးအရင်းဖြစ်သူ အဗူသွာလစ်ဗ်ထံအပ်နှံခဲ့သည်။

ချစ်လှစွာသော ဦးလေးတော်၏အရိပ်ဝယ်

ဦးလေးဖြစ်သူ အဗူသွာလစ်ဗ်သည် တူဖြစ်သူအတွက် ဝတ္တရား မပျက်မကွက် လိုလေသေးမရှိအောင် ဖြည့်ဆည်းပေးခဲ့သည်။ သားသမီးများထက်ပိုပြီး ဦးစားပေးခဲ့သည်။ ချစ်နဗီသက်တော် လေးဆယ်ရောက်ချိန်တွင် ချစ်နဗီအပါးနေ၍ ခွန်အားဖြစ်စေခဲ့သည်။ ချစ်နဗီကိုတာဝန်ယူကာကွယ်ခဲ့ သည်။ ချစ်နဗီအတွက် အရေးကိစ္စတိုင်းတွင် အတိုက်ခံပြုခဲ့သည်။

ချစ်နဗီဆယ်ကျော်သက်ဘဝအစပိုင်းတွင် အလုပ်ဟူ၍ အတည်တကျ မရှိခဲ့။ စအ်ဒ်မျိုးနွယ်တွင် နေထိုင်ခဲ့စဉ်က ဆိတ်ကျောင်းခဲ့သည်။ မက္ကဟ် ပြန်ရောက်လာပြီးချိန်မှာလည်းအဖိုးအခယူ၍ဆိတ်ကျောင်းနေခဲ့သည်။ အရွယ်ရောက်လာခဲ့ချိန် ကုန်စည်ကူးသန်းရောင်းဝယ်ရေးအား ပြုလုပ်ခဲ့သည်။

ဘုန်းတော်ကြီး ဘဟီရာ

ချစ်နဗီသက်တော် တစ်ဆယ့်နှစ်နှစ် ရောက်ချိန်တွင် ကုန်စည်ကူးသန်းရေးအတွက် ဦးလေးဖြစ်သူက ဆီရီယားကိုခေါ်ဆောင်သွားခဲ့သည်။ ဘဆွံရာအမည်ရှိ ဆီရီယားလက်အောက်ခံမြို့လေးသို့ ရောက်ရှိလာခဲ့သည်။ ထိုခေတ်က အရဗ်နယ်နိမိတ်သတ်မှတ်ချက်များ ရောမအင်ပါယာကအုပ်ချုပ်သတ်မှတ်ခဲ့သည်။

ဘဆွံရာမြို့လေးတွင် ဘဟီရာအမည်ရှိ ဘုန်းတော်ကြီး တစ်ပါးရှိသည်။ သူနာမည်ကိုဂျရ်ဂျစ်စ် ဟုလည်းခေါ်သည်။ ခရီးသွားအုပ်စု စခန်းချသောအခါ အရင်ကလာလေ့လာထမရှိသော ဘုန်းတော်ကြီးက ခရီးသွားအုပ်စုဆီရောက်လာခဲ့သည်။ အုပ်စုအကြား လှည့်ပတ်နေရင်း ချစ်နဗီရဲ့ လက်တော်ကို ဆွဲကိုင်ပြီး “သူက လောကအပေါင်းရဲ့ ခေါင်းဆောင်၊ လောကအပေါင်းကို

မွေးမြူစောင့် ရှောက်တော်မူတဲ့ အရှင်မြတ်ရဲ့ စေတမန်၊ လောကအပေါင်းရဲ့ ကရုဏာရှင်ဖြစ်တယ်”ဟုပြောကြားခဲ့တယ်။ အဗူသွာလစ်ဗ် ကလည်း “အသင် ဘာ့ကြောင့်ဒီလိုပြောရတာလဲ”ဟုမေးခဲ့သည်။ “ နဗီကိုသာ စဂျဒဟ်ဦးချတဲ့ သစ်ပင်နဲ့ ကျောက်တုံးတွေက သူ့ကိုစဂျဒဟ်ဦးချနေတယ် ။ သူ့ပန်းသီးအရွယ် အစားရှိတဲ့ နဗူဝသ်အမှတ်တံဆိပ်ကြောင့်ဖြစ်တယ်။ ဒီအချင်းအရာ များက ငါတို့ရဲ့ကျမ်းစာတွေမှာတွေ့ရတယ် “ ဟုပြောကြားခဲ့သည်။

ဘုန်းတော်ကြီးက ခရီးသွားအုပ်စုကို ကျွေးမွေးဧည့်ခံခဲ့သည်။ ချစ်နဗီ ကို ပြန်ပို့ရန်၊ ရောမ၊ဂျူးအန္တရာယ်များကြောင့် ဆီရီးယားကို ခေါ်ဆောင်ခြင်း မပြုရန် အဗူသွာလစ်ဗ်ကို ဘုန်းတော်ကြီးက နားချခဲ့သည်။ အဗူသွာလစ်ဗ် သည် ချစ်နဗီကို လူငယ်လူရွယ်အချို့နှင့်မက္ကာဟ်ကို ပြန်လည်ပို့ဆောင်ခဲ့သည်။

ထိမ်းမြားချိန်ခါ နေကာဟ်မဂ်လာ

ချစ်နဗီသက်တော် နှစ်ဆယ့်ငါးနှစ်ရောက်ချိန်တွင် ခတီဂျာ သခင်မကြီး၏ ရောင်းဝယ်ရေးကိုယ်စားလှယ်အဖြစ် ဆီရီးယားနိုင်ငံကို သွားရောက်ခဲ့သည်။ ခတီဂျာသခင်မသည် ဂုဏ်သရေကြီးမြင့်ပြီး ချမ်းသာ သောအမျိုးသမီးကြီးဖြစ်သည်။ မိမိ၏စီးပွားရေးကိုယ်စားလှယ်အဖြစ် လူငှား ရမ်းကာ ခန့်အပ်လုပ်ကိုင်စေခဲ့သည်။ ကိုရိုက်ရှ်မျိုးနွယ်သည် ကုန်သည်မျိုးရိုး ဖြစ်သည်။ ချစ်နဗီ၏ ကတိသစ္စာတည်ကြည်မှု၊ သစ္စာသမာဓိရှိမှု နှင့် ဉာဏ်ထက်မြက်မှုကို ကြားသိလေသော ခတီဂျာသခင်မကြီးသည် ကုည်စည် များစွာကိုရင်းခဲ့ပြီး ချစ်နဗီကို စီးပွားရေးကိုယ်စားလှယ်အဖြစ် ကမ်းလှမ်း ခဲ့သည်။ ချစ်နဗီကလည်း လက်ခံသဘောတူခဲ့ပြီး ခတီဂျာ သခင်မကြီး၏ ကျွန်မဖြစ်သူ မိုင်စရာဟ်နှင့်အတူ ဆီရီယားနိုင်ငံသို့ ထွက်လာခဲ့သည်။

မက္ကာဟ်ကိုပြန်ရောက်လာခဲ့ချိန် ခတီဂျာသခင်မကြီးသည် အကျိုးအမြတ်များစွာရရှိခဲ့သည်။ ကျွန်မဖြစ်သူ မိုင်စရာဟ်ထံမှ ချစ်နဗီ၏ ဂုဏ်သင်းရနံ့များနှင့် ညဏ်ထက်မြက်မှုတို့ကို ကြားသိခဲ့ရသည်။

ကိုရိုက်ရှ်ခေါင်းဆောင်များက ခတီဂျာသခင်မကြီးကို လက်ထပ်လိုကြသော်လည်း ခတီဂျာသခင်မကြီးက ငြင်းပယ်ခဲ့သည်။ ခတီဂျာသခင်မသည် ချစ်နဗီကို ခင်ပွန်းကောင်းတစ်ဦးအဖြစ် မှတ်ယူနေခဲ့သည်။ မိမိ၏ သူငယ်ချင်းဖြစ်သူ နဖီစဟ် ဗင်နသို့မုနဗ္ဗဟ်ကို ရင်ဖွင့်ခဲ့သည်။ သူငယ်ချင်းဖြစ်သူကလည်း ချစ်နဗီထံသွားခဲ့ပြီး စကားလမ်းကြောင်းခဲ့သည်။ ချစ်နဗီက သဘောကျနှစ်သက်ခဲ့ပြီး မိမိရဲ့ဦးလေးများနှင့်တိုင်ပင်ခဲ့သည်။ ဦးလေးများကလည်း ခတီဂျာသခင်မကြီး၏ ဦးလေးဖြစ်သူထံ သွားခဲ့ပြီး ထိမ်းမြားမဂ်လာကမ်းလှမ်းခဲ့သည်။ ထိမ်းမြားလက်ထပ်မှု ပြီးမြောက်ခဲ့သည်။ ဗနူဟာရှင်မ် နှင့် မုဒ္ဒရ်မျိုးနွယ်ခေါင်းဆောင်များ တက်ရောက်ခဲ့သည်။ ထိုအချိန်သည် ချစ်နဗီ ဆီရီယားနိုင်ငံမှ ပြန်လာပြီး နှစ်လအကြာဖြစ်သည်။

ခတီဂျာသခင်မကြီး သက်တော်သည် လေးဆယ်ဖြစ်သည်။ ခတီဂျာသခင်မကြီးသည် မျိုးနွယ်ထဲ မျိုးရိုး၊ဂုဏ်ဒြပ်နှင့် ပညာအရာတွင် အမွန်မြတ်ဆုံးဖြစ်သည်။ ခတီဂျာသခင်မကြီးသည် ချစ်နဗီ၏ပထမဦးဆုံးဇနီးကြင်ယာတော် ဖြစ်ခဲ့ပြီး ခတီဂျာသခင်မကြီး သက်ရှိထင်ရှားရှိနေစဉ် ချစ်နဗီသည် နောက်အိမ်ထောင်မပြုခဲ့ပေ။

အစ်ဗ်ရာဟီးမ်မှလွဲ၍ ချစ်နဗီ၏သားသမီးများသည် ခတီဂျာသခင်မနှင့်အတူ ရရှိခဲ့သည်။ ကာစင်မ်၊ ဇိုင်နဗ် ၊ ရိုကိုင်ယဟ် ၊ အွမ္မေ့ကုလ်ဆူးမ် ၊

ဖွာသွေမဟ် နှင့် အဗ်ဒုလ္လာဟ်အမည်ရှိ သားသမီးများ ထွန်းကားခဲ့သည်။ အဗ်ဒုလ္လာဟ်ကို သွိုင်ယစ်ဗ် ၊သွာဟေ့ရ် ဟုခေါ်သည်။

သားဖြစ်သူများသည် ငယ်ရွယ်စဉ်မှာပင် ကွယ်လွန်သေဆုံးခဲ့ကြပြီး သမီးဖြစ်သူများသည် အစ်စ်လာမ်လက်ခံနိုင်ခဲ့ပြီး ဟစ်ဂျရသ်ပြုခွင့်ပါ ရရှိခဲ့သည်။ သို့သော် ဖွာသွေမဟ်သခင်မမှလွဲပြီးသမီးဖြစ်သူများသည် ချစ်နဗီသက်ရှိ ထင်ရှားရှိနေစဉ်ကွယ်လွန်သေဆုံးခဲ့သည်။ ဖွာသွေမဟ်သခင်မကြီးသည် ချစ်နဗီဝဖွါးသ်ဖြစ်အပြီးခြောက်လအကြာတွင်ကွယ်လွန်ခဲ့သည်။

ထက်မြတ်ဉာဏ်ရှင် တို့နဗီသခင်

ချစ်နဗီသက်တော် သုံးဆယ့်ငါးနှစ်ရောက်ချိန် ကအ်ဗဟ်ကျောင်းတော်ကြီးကိုပြန်လည်တည်ဆောက်ခဲ့ကြသည်။ချစ်နဗီနဗူဝသ်မရမီငါးနှစ်အလိုဖြစ်သည်။ မက္ကာဟ်မြို့၌ရေကြီးရေလျှံဖြစ်ခဲ့သည်။ ရေတိုက်စားမှုဖြစ်ခဲ့ပြီး မတ်စ်ဂျေဒ်ဟရာမ်တွင် ရေဝပ်နေခဲ့သည်။ ကအ်ဗဟ်ဝတ်ကျောင်းကြီး ပျက်စီးလုနီးဖြစ်ခဲ့သည်။ ကအ်ဗဟ်၏ထွတ်မြတ်မှုကြီးမားလေတော့ ကိုရိုက်ရှ်တို့သည် ပြန်လည်တည်ဆောက်လိုခဲ့ကြသည်။ ကအ်ဗဟ်ကို ပြန်လည်တည်ဆောက်ကြသည့်အခါ မတရားနည်းဖြင့်ရရှိလာသော ငွေကြေးအားမသုံးစွဲရန်နှင့် သန့်ရှင်းသည့်ငွေကိုသာ သုံးစွဲကြရန် သဘောတူညီခဲ့ကြသည်။

ပြန်လည်တည်ဆောက်ရေးစီမံကိန်းအတွက် ကအ်ဗဟ်ကို ဖြိုဖျက်ရန် မဝံ့မရဲဖြစ်ခဲ့ကြသည်။ ဝလီးဒ်ဗင်န် မုဂီရဟ် မခ်ဇူမီက ပေါက်ချွန်ကိုယူပြီး “အလ္လာဟ် ကစမ်...ကျွန်တော်တို့ကောင်းခြင်းကိုသာ လိုလားခြင်းဖြစ်တယ်” ဟုဆိုခဲ့ပြီး စတင်ဖြိုဖျက်ခဲ့သည်။ ထောင့်နှစ်ခုထိဖြိုဖျက်ပြီးချိန် တစုံတရာ ဒုက္ခရောက်ခဲ့ခြင်းမရှိခဲ့။ ဒုတိယမြောက်နေ့တွင် ကိုရိုက်ရှ်တို့က စတင်ဖြိုဖျက်ခဲ့ပြီး

တမန်တော်ကြီး အစ်ဗ်ရာဟီးမ် တည်ဆောက်ခဲ့သော အုတ်မြစ်များထိရောက်လာခဲ့သည်။

ကိုရိုက်ရှ်သည် ကအ်ဗဟ်ပြန်လည်တည်ဆောက်ရေးအတွက် နေရာအသီးသီးခွဲယူခဲ့ကြသည်။ မျိုးနွယ်စုအသီးသီးက တာဝန်ကျနေရာကို စတင်တည်ဆောက်ခဲ့ကြသည်။ ကအ်ဗဟ်ပြန်လည်တည်ဆောက်ရေးဦးဆောင်ခဲ့သူက ရောမနိုင်ငံသား ယာကူးမ်ဆိုသူဖြစ်သည်။

ဟဂျ်ရေ့အတ်စ်ဝတ်ဒ်ရှိရာနေရာရောက်လာခဲ့သည်။ဟဂျ်ရေ့အတ်စ်ဝတ်ဒ်ထည့်သွင်းဖို့ သူသူငါငါငြင်းခုန်ခဲ့ကြသည်။ လေးည ငါးည ကြာလာခဲ့သည်။ လွန်ဆွဲမှုပြင်းထန်လာခဲ့ပြီး ဟရမ်နယ်နိမိတ်တွင် စစ်ပွဲအသွင်ဆောင်လာခဲ့သည်။ အိုမိုင်ယဟ်ဗင်န်မုဂီရဟ် မခ်ဇူမီက ကအ်ဟ်တံခါးမှ ပထဦးဆုံးဝင်ရောက်လာသောသူ၏ဆုံးဖြတ်ချက်ကို နာခံကြရမည်ဟု ဖျန်ဖြေပေးခဲ့သည်။ အားလုံးသဘောတူညီလက်ခံခဲ့ကြသည်။

နောက်နေ့၌ ကအ်ဗဟ်ကိုပထမဦးဆုံးဝင်လာခဲ့သူသည် ချစ်နဗီဖြစ်ခဲ့သည်။ ချစ်နဗီကိုတွေ့မြင်သည့်အခါ “သူကသစ္စာသမာဓိရှိသူ၊ သူကမုဟမ္မဒ်”ဟု ပြောဆိုခဲ့ကြသည်။ ဖြစ်ကြောင်းကုန်စင်ကြားသိခဲ့ပြီး စောင်ပိုင်းတစ်ခု တောင်းဆိုခဲ့သည်။ ဟဂျ်ရေ့အတ်စ်ဝတ်ဒ်ကို စောင်ပိုင်းအလယ်တွင်ထည့်ပြီးစောင်ပိုင်းအစွန်ကိုခေါင်းဆောင်များအားကိုင်စေခဲ့သည်။

ဟဂျ်ရေ့အတ်စ်ဝတ်ဒ်ရှိရာ နေရာရောက်လာသည့်အခါ ချစ်နဗီကိုယ်တိုင် ထည့်သွင်းခဲ့သည်။ အရိုးရှင်းဆုံးဖြေရှင်းခဲ့ပြီး လူအများ ကျေနပ်ခဲ့ကြသည်။

ကအ်ဗဟ်ပြန်လည်တည်ဆောက်ချိန် ကိုရိုက်ရှ်သည် ကုန်ကျစရိတ် လုံလောက်ခြင်းမရှိခဲ့ပေ။ မြောက်ဘက်တွင်ခြောက်တောင် တိုးချဲ့ခဲ့သည်။ ဟဂျ်ရေ့အတ်စ်ဝတ်ဒ်ရှိရာဘက်ဖြစ်သည်။ ကိုရိုက်ရှ်များ သီးသန့် စိတ်ကြိုက်ဝင်နိုင်ရန် တံခါးအားမြှင့်ခဲ့သည်။ ကအ်ဗဟ်ကျောင်းတော်အမြင့် တစ်ဆယ့်ငါးတောင်မြင့်ခဲ့ပြီး အမိုးပိတ်ဆောက်လုပ်ခဲ့ကြသည်။

ဝဟီချိန်ခါရောက်ရှိလေပြီ

ချစ်နဗီသက်တော် လေးဆယ်နီးကပ်လာချိန် လောကအကြောင်းတွေးတောဆင်ခြင်မှုက တခြားသူများထက်ပိုမိုထူးခြားခဲ့သည်။ သီးသန့် နေထိုင်လိုခဲ့သည်။ ထို့ကြောင့် စားနပ်ရိက္ခာယူဆောင်ကာ နူးရ်တောင် ရှိ ဟေရာလှိုဏ်ဂူတွင်း သွားခဲ့သည်။ ဟေရာလှိုဏ်ဂူသည် ဂူသေးသေးလေးဖြစ်ပြီး အလျားလေးတောင်ရှိကာ တစ်တောင့် တစ်မိုက် ရှိသည်။ ချစ်နဗီကြီးသည် ရမဒွါန်လတစ်လလုံး နေထိုင်ခဲ့သည်။ လောက၌ မိမိမြင်တွေ့နေရသော အရာများ၏ဆန်းကြယ်သည့်ဖန်ဆင်းမှုနောက်ကွယ် ရှိနေသည့် အကြောင်းအရာများကို တွေးတောနေခဲ့သည်။ ပတ်ဝန်းကျင်တွင်ဖြစ်ပျက်နေသော ရုပ်ထုကိုးကွယ်မှု ၊ မိရိုးဖလာရှင်သန်နေထိုင်နေကြသော အသိဉာဏ်မဲ့ ယုံတမ်းကို အာသီသမဖြစ်ခဲ့ပေ။ ချစ်နဗီအတွက် တိကျရှင်းလင်းသော လမ်းစဉ်၊ အကန့်အသတ်စနစ်ဥပဒေ နှင့် စိတ်ချယုံကြည်ရာ လည်း မရှိခဲ့သေးပေ။

ချစ်နဗီ၏တစ်ကိုယ်ရည်နေထိုင်ခြင်းသည်လည်းအလ္လာဟ်အရှင်မြတ်၏ စီမံမှုပဲဖြစ်သည်။လောကီ၏မွေ့လျော်မှုမှအဆက်ဖြတ်နိုင်ရန်၊ လောကီ၏ အရှုပ်အထွေးများနှင့်အရေးမပါသော လူ့အပူအပင်များမှ စိတ်အေးမှုရစေရန်ဖြစ်သည်။ ဤသည် ကြီးကျယ်သောတာဝန်ကို ထမ်းရွက်နိုင်ရန်

စောင့်မျှော်နေသော အရေးကိစ္စအတွက် အသင့်ပြင်ရာရောက်ခဲ့သည်။ နောက်ဆုံး ချစ်နဗီသည် အရှင့်အတွက်သာ မွေ့လျော်နိုင်ပေမည်။ အလ္လာဟ် အရှင်မြတ် သည် ဤအစီအမံကို နဗူဝသ်မပေးမီ သုံးနှစ်အလိုကတည်းက စီမံခဲ့ခြင်းဖြစ်သည်။ ချစ်နဗီသည် တစ်နှစ်တွင်တစ်လ တစ်ဦးတည်း သီးသန့် နေထိုင်ခဲ့သည်။

ချစ်နဗီကြီး သက်တော်လေးဆယ်ပြည့်လာချိန် နဗူဝသ်၏ အမှတ်လက္ခဏာ၊ ရှေ့ပြေးနိမိတ် တလှပ်လှပ် ထင်ဟပ်လာခဲ့သည်။ ချစ်နဗီ ဖြတ်သန်းလေတိုင်း မကွာဟ်ရှိကျောက်တုံးများက စလာမ်ပေးကြသည်။ ချစ်နဗီမြင်မက်လေသော အိပ်မက်များသည် သွေးထွက်အောင်မှန်ခဲ့သည်။ ဤအခြေအနသည် ခြောက်လတာကြာခဲ့သည်။ ဟေရာလှိုဏ်ဂူအတွင်း ချစ်နဗီသီးသန့် နေထိုင်ရင်း သုံးနှစ်မြောက် ရမဒွါန်လအရောက် လောကတခွင်အား တရားလမ်းမှန်ရရှိရန် အလ္လာဟ်အရှင်မြတ် အလိုရှိခဲ့သည်။ ကုရ်အာန်ကျမ်းတော်မြတ် ၏ အာယဟ်အချို့အား ကောင်းကင်တမန်ကြီး ဂျစ်ဗရာအီးလ်မှတဆင့် ချပေးခဲ့သည်။

ဦးစွာကျခဲ့ အရှင့်အမိန့်

ချစ်နဗီသည် မိမိပြုကျင့်လေ့ရှိသည့်အတိုင်း ဟေရာတွင် တစ်ဦးတည်း ရှိနေခဲ့သည်။ ညပေါင်းများစွာ တရားအားထုတ်နေခဲ့သည်။ တစ်ညတွင် ကောင်းကင်တမန်ကြီးဂျစ်ဗရာအီးလ်ရောက်လာခဲ့သည်။ “အသင်ဖတ်ပါ” ဟု ချစ်နဗီ ကိုပြောလေသည်။ ချစ်နဗီသည် “ကျွန်ုပ်စာဖတ်နိုင်သူမဟုတ်ပါ” ဟု ဖြေကြားသည်။ ကောင်းကင်တမန်ကြီးသည် ချစ်နဗီကို ထွေးပိုက်ပြီး ချစ်နဗီ မောပန်းလာသောအခါ ပြန်လွှတ်ပေးခဲ့ပြီး “အသင်ဖတ်ပါ” ဟုပြောနေခဲ့သည်။

ချစ်နဗီကလည်း “ကျွန်ုပ်စာဖတ်နိုင်သူမဟုတ်ပါ”ဟူ၍သာ ဖြေကြားနေခဲ့သည်။ တတိယအကြိမ်မှာတော့ ကောင်းကင်တမန်ကြီးက

ٱقْرَأْ بِٱسْمِ رَبِّكَ ٱلَّذِي خَلَقَ (1)خَلَقَ ٱلْإِنسَٰنَ مِنْ عَلَقٍ (2)ٱقْرَأْ وَرَبُّكَ ٱلْأَكْرَمُ (3)ٱلَّذِي عَلَّمَ بِٱلْقَلَمِ (4)عَلَّمَ ٱلْإِنسَٰنَ مَا لَمْ يَعْلَمْ (5)

ဟု ဖတ်ကြားပြခဲ့သည်။ ချစ်နဗီသည် ကြောက်လန့်တုန်လှုပ်နေခဲ့ပြီး ပြန်လာခဲ့သည်။ ဇနီးဖြစ်သူ ခတီဂျာသခင်မကြီးထံရောက်လာခဲ့ပြီး “စောင်ခြုံပေးကြ၊ စောင်ခြုံပေးကြ” ဟုပြောကြားခဲ့သည်။ စောင်ခြုံပေးကြပြီး ချစ်နဗီကြောက်လန့် စိတ်ပြေပျောက်ခဲ့သည်။ “ကျွန်တော်တစ်ခုခုဖြစ်မှာကို စိုးရိမ်နေတယ်”ဟု ဇနီးဖြစ်သူကိုပြောခဲ့သည်။ ခတီဂျာသခင်မက “ မဖြစ်နိုင်တာ၊ အလ္လာဟ် အရှင်မြတ်အား တိုင်တည်တယ်။ အလ္လာဟ်က အသင့်ကို သေးသိမ်စေမှာ မဟုတ်ဘူး။ အသင်ကဆွေမျိုးဆက်တယ်။ တာဝန်တွေကိုထမ်းဆောင်တယ်။ မရှိလေသူတွေကို ရှာဖွေပြီးကူညီတယ်။ ဧည့်ဝတ်လည်းကျေပွန်သူဖြစ်တယ်။ ဒုက္ခရောက်သူတွေကို ကူညီသူဖြစ်တယ်” ဟု ဖြေသိမ့်ပေးခဲ့သည်။

ခတီဂျာသခင်မသည် ချစ်နဗီအား အစ်ကိုဝမ်းကွဲတော်စပ်သူ ဝရကဟ်ဗင်နဖလ် ထံခေါ်ဆောင်သွားခဲ့သည်။ ဝရကဟ်သည် ခရစ်ယာန်ဖြစ်ပြီး မျက်မြင်အဘိုးအို ဖြစ်သည်။ ချစ်နဗီထံမှ ဖြစ်ကြောင်းကုန်စင်ကြားပြီးနောက်တွင်“အသင့်ဆီလာခဲ့တဲ့ ကောင်းကင်တမန်မှာ တမန်တော်မူစာဆီ လာခဲ့တဲ့သူဖြစ်တယ်။ အသင့်မျိုးနွယ်က အသင့်ကို နှင်ထုတ်ကြတဲ့အခါ ကျွန်ုပ်ရှိချင်မိတယ်” ဟုပြောကြားခဲ့သည်။ ချစ်နဗီက “သူတို့ကကျွန်ုပ်ကိုနှင်ထုတ်ကြမှာပေါ့” ဟုမေးခဲ့သည်။ “အမှန်ပဲ၊ အသင့်ကဲ့သို့

လာခဲ့သောသူတိုင်း ရန်ပြုခံခဲ့ရသည်။ ကျွန်ုပ်အသင်နှင့်ရှိခွင့်သာရမည်ဆိုလျင် အသင့်ကို ကူညီမယ်”ဟု ဖြေကြားခဲ့သည်။ မကြာခင်မီ ဝရကာ်ကွယ်လွန်ခဲ့ပြီး ဝဟီကျရောက်မှုဆိုင်းငံ့နေခဲ့သည်။

ဝဟီဆိုင်းငံ့ကာလတွင် ချစ်နဗီ ပူဆွေးဝမ်းနည်းနေခဲ့သည်။ ဟေရာလို့ဇ်ဂူသို့ ပြန်သွားခဲ့ပြီး တစ်လကြာနေထိုင်ပြီးနောက် ပြန်လာခဲ့သည်။ လျှို့မြောင်အလယ်ရောက်ချိန် ဟစ်အော်သံကြားခဲ့သည်။ အပေါ်အောက် ဘေးဘီဝဲယာ ကြည့်ခဲ့ပေမယ့် မတွေ့ခဲ့။ ခေါင်းမော့ကြည့်ခဲ့သည့်အခါ ဟေရာ၌ တွေ့ခဲ့သော ကောင်းကင်တမန်ကြီးအား မိုးမြေကြားထိုင်ခုံပေါ် ထိုင်နေလျက်သား တွေ့မြင်ခဲ့သည်။ ကြောက်လန့်နေခဲ့ပြီး အပြေးသွားလေရာ အိမ်ကိုရောက်လာခဲ့ပြီး “ ငါ့ကိုစောင်ခြုံပေးကြ၊ရေအေးလောင်းပေးကြ”ဟု ပြောခဲ့သည်။ ခတီဂျာသခင်မလည်းစောင်ခြုံပေးခဲ့ပြီးရေလောင်းပေးခဲ့ကြသည်။ ပြီးနောက်မှာဤကုရ်အာန်အာယာတော်များကျရောက်ခဲ့သည်။

يَٰٓأَيُّهَا ٱلْمُدَّثِّرُ (1)قُمْ فَأَنذِرْ (2)وَرَبَّكَ فَكَبِّرْ (3)وَثِيَابَكَ فَطَهِّرْ (4)وَٱلرُّجْزَ فَٱهْجُرْ (5)

ပြီးနောက် ဝဟီများ အဆက်မပြတ် မကျရောက်လာခဲ့သည်။

ချစ်နဗီကြီးသည် အလ္လာဟ်အရှင်မြတ်ဘက်သို့ ဖိတ်ခေါ်ခြင်းအား နှစ်ပေါင်း နှစ်ဆယ်ကျော် တစိုက်မတ်မတ်ဖြင့် လုပ်ဆောင်ခဲ့သည်။ စိတ်အေးလက်အေးမနေခဲ့ပေ။ မိမိနှင့်မိသားစုကိုယ်ကျိုးအတွက်မရှင်သန်ခဲ့ပါ။ အရှင့်သာသနာ အတွက်သာ ဖိတ်ခေါ်နေခဲ့သည်။ ဒအ်ဝသ်ပေးဖိတ်ခေါ်မှု၊ လူသားထု တစ်ရပ်လုံးအရေးရာများ၊ ယုံကြည်မှု နှင့် နယ်ပယ်အသီးသီးတွင် တိုက်ခိုက်ကာကွယ်ရေး တာဝန်များအား သယ်ပိုးထမ်းရွက် ခဲ့သည်။ ရှည်လျားလေသော

တိုက်ပွဲများတွင် နှစ်ပေါင်းနှစ်ဆယ်ကျော်ကြာ စွမ်းစွမ်းတမံ အံတုရင်ဆိုင်ခဲ့သည်။ အရှင့်သာသနာဖြန့်ချိရေး၊ လူထုအား အမှောင်မှအလင်းဆီ ကယ်တင်မှုလမ်းတွင် မည်သည့်အရာကိုမျှ မမှုခဲ့ပါ။

ဒအ်ဝသ်ချိန်ခါ ကျလေပြီ

လျှို့ဝှက်စွာဖိတ်ခေါ်ခြင်း လမ်းစဉ်

စူရဟ်မုဒ္ဒတ်ဆစ်ရ် အာယဟ်တော်ကျရောက်လာခဲ့သည့်နောက်တွင် ချစ်နဗီသည် အရှင့်ဘက်ဖိတ်ခေါ်ခြင်းလမ်းစဉ်အား စတင်နိုင်ခဲ့သည်။ ရင်ဆိုင်နေရသောပတ်ဝန်းကျင်သည် ငြင်းပယ်သူကာဖိရ်များဖြစ်ပြီး မိရိုးဖလာရုပ်ထုကိုးကွယ်ခြင်း လမ်းစဉ်အပေါ်ရှိနေကြသည်။ အရှင့်ဘက်ဖိတ်ခေါ်ခြင်းအစတွင် ပေါ်ပေါ်ထင်ထင် စမည်ဆိုပါက မက္ကာဟ်ရှိလူထုနှင့်ဆန့်ကျင်နေသည့်အတွက် လျှို့ဝှက်စွာဖိတ်ခေါ် ခြင်းသည်အသင့်တော်ဆုံးဖြစ်ခဲ့သည်။

လက်တွေ့အရလည်း အရှင့်ဘက်ဖိတ်ခေါ်မှုအစတွင် မိသားစုဝင်များနှင့် မိတ်ဆွေများထဲမှ အနီးစပ်ဆုံးသူများကို ဖိတ်ခေါ်သင့်သည်။ ထို့ကြောင့် ချစ်နဗီသည် သူတို့အားစတင်ဖိတ်ခေါ်ခဲ့သည်။ ပထမဦးဆုံးဖိတ်ခေါ်ခံခဲ့သူသည် ဇနီးဖြစ်သူ မုအ်မင်အပေါင်းရဲ့မိခင်မွန်ကြီး ခတီဂျာဟ်သခင်မဖြစ်သည်။ ထို့နောက် ကျွန်ဖြစ်သူ ဇိုက်ဒ်၊ မိမိ၏စောင့်ရှောက်မှုအောက်ရှိ ညီဝမ်းကွဲဖြစ်သူ အလီ နှင့် မိတ်ဆွေရင်းခြာဖြစ်သူ အဗူဗက်ရ်တို့ကို ဖိတ်ခေါ်ခဲ့သည်။ အားလုံးသည် စတင်ဖိတ်ခေါ်သည့် ပထမရက်မှာပင် အစ္စလာမ်လက်ခံခဲ့ကြသည်။

အဗူဗက်ရ်သခင်သည်လည်း အရှင့်ဘက်ဖိတ်ခေါ်မှုကို တက်ကြွစွာလုပ်ဆောင်ခဲ့သည်။ အဗူဗက်ရ်သခင်သည် အကျင့်စာရိတ္တမွန်ရည်သူဖြစ်ပြီး ဉာဏ်ထက်မြက်သူဖြစ်သည်။ ကုန်သည်ကြီးတစ်ဦးဖြစ်ပြီး ဆက်ဆံရေးပြေပြစ်သူလည်းဖြစ်သည်။ အားလုံးကချစ်ကြောက်ရိုသေကြရသည်။ မိမိယုံကြည် ရသူများကို စတင်ဒအ်ဝသ်ပေး ဖိတ်ခေါ်ခဲ့သည်။ အဗူဗက်ရ်သခင်၏ဖိတ်ခေါ်မှုကြောင့် အုဆ်မားန်ဗင်နအဖျိုးန်၊ ဇုဗိုင်းရ်ဗင်နအောင်ဝ်ဝါးမ်၊ အဗ်ဒုရ်

ရဟ်မားနဗင်နှ အောက်ဖ်၊ စအ်ဒ်ဗင်နှ အဘီဝက္ကားဆွ် နှင့် သွလ်ဟဟ်ဗင်နှ အိုဗိုင်ဒုလ္လာဟ် ﷺ အစရှိသည့်သူများ အစ္စလာမ်သာသနာကို လက်ခံခဲ့ကြသည်။

အရှင့်ဘက်သို့လျှို့ဝှက်ဖိတ်ခေါ်မှု သုံးနှစ်ကြာမြင့်ခဲ့သည်။ သီးသန့်ဖိတ်ခေါ်မှု အနေနှင့်ရှိနေခဲ့သည်။ ချစ်နဗီသည်လည်း ပေါ်ပေါ်ထင်ထင်ဖိတ်ခေါ်ခြင်းမပြုခဲ့ပါ။ သို့သော်လည်း ကိုရိုက်ရှ်လူထုကြား သိသာထင်ရှားနေခဲ့သည်။ အစ္စလာမ် တစတစပြန့်နှံ့လာခဲ့ပြီး မက္ကာဟ်သားများက အစ္စလာမ်အကြောင်းပြောစပြုလာခဲ့ကြသည်။

အချို့က ငြင်းပယ်ခဲ့ကြပြီး မုအ်မင်န်များကို ဒုက္ခပေးခဲ့ကြသည်။ ချစ်နဗီကြီးက သူတို့ယုံကြည်ကိုးကွယ်လေတဲ့ သာသနာ၊ ရုပ်ပွားဆင်းတုများနှင့်ပတ်သက်ပြီး ဆန့်ကျင်ပြောဆိုမှုမရှိသည့်အခါ ဂရုမစိုက်ခဲ့ကြသေးပေ။

ပေါ်လွင်စွာဒအ်ဝဟ်ပေးဖိတ်ခေါ်ခြင်း

မုအ်မင်န်များသည် အစုတစ်ဖွဲ့တစ်ခုဖြစ်လာခဲ့သည်။ ထိုအချိန်တွင် ပေါ်ပေါ်လွင်လွင် ဒအ်ဝသ်ပေးဖိတ်ခေါ်ရန် အမိန့်ကျလာခဲ့သည်။ ဦးလေးဖြစ်သူ အဗူသွာလစ်ဗ်၏ကာကွယ်ပေးမှုသည်လည်း ရှိနေခဲ့သည်။ တစ်နေ့တွင် ချစ်နဗီကြီးသည် ဆွာဖာတောင်ပေါ်သို့တက်ခဲ့သည်။ အမြင့်ဆုံးနေရာထိတက်ခဲ့ပြီးနောက် ယာဆွဗာဟာ ဟု သတိပေးသံ ကို ဟစ်အော်ခဲ့သည်။ ယာဆွဗာဟာ အဓိပ္ပါယ်သည် စစ်သတိပေးသောအခါနှင့် အရေးကြီးကိစ္စကြုံကြိုက်ချိန် သတိပေးသံဖြစ်၏။

"အို ဖေ့ဟ်ရ် မျိုးနွယ်၊ အို အဒ်ဒီယ်မျိုးနွယ်၊ အို အဗ်ဒေ့မနားဖ် မျိုးနွယ်၊ အို အဗ်ဒုလ်မွတ်သ်လစ်ဗ် မျိုးနွယ် ဟု ကိုရိုက်ရှ်မျိုးနွယ်များကို မျိုးနွယ်စု တစ်စုချင်းဆီ ခေါ်နေခဲ့သည်။

ချစ်နဗီ၏ခေါ်သံကြားလေတော့ ချစ်နဗီထံအပြေးလာခဲ့ကြသည်။ ချစ်နဗီထံ ကိုယ်တိုင်မလာနိုင်သူက ကိုယ်စားလှယ်လွှတ်ခဲ့ပြီး ချစ်နဗီပြောစကားအား နားထောင်စေသည်။ အဗူလဟ်ဗ်နှင့် ကိုရိုက်ရှ်များ ရောက်လာခဲ့သည်။

အားလုံးရောက်လာချိန် ချစ်နဗီသည် " ဒီတောင်ရဲ့တစ်ဖက်တစ်ချပ်မှာ အသင်တို့ကို ကျူးကျော်တိုက်ခိုက်ဖို့ စစ်တပ်ကြီးရှိနေမယ်လို့ ကျွန်ုပ်ပြောရင် အသင်တို့ ထောက်ခံကြမလား"ဟုပြောကြားခဲ့သည်။ အားလုံးက "အသင်က လိမ်လည်သူမဟုတ်ပါ။ အသင်ကမှန်ရာကိုသာပြောဆိုသူလို့ပဲ ကျွန်တော်တို့ သိထားတယ်" ဟုဖြေကြားခဲ့သည်။ ချစ်နဗီက "ကျွန်ုပ်က အသင်တို့ကို ပြင်းထန်တဲ့ပြစ်ဒဏ် ကနေခြိမ်းခြောက်သူဖြစ်တယ်။ ကျွန်ုပ်က အသင်တို့အတွက် ရန်သူကိုမြင်လို့ သတိပေးရန် မိမိရဲ့မိသားစုဆီ အပြေးအလွှား ပြေးနေတဲ့သူသက့ဲသို့ဖြစ်တယ်" ဟုပြောကြားခဲ့သည်။

အားလုံးကို အမှန်တရားဘက်ဖိတ်ခေါ်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ ပြဏ်ဒဏ်စီရင်မှုမှ ခြိမ်းခြောက်ခဲ့သည်။ မျိုးနွယ်စုအသီးသီးအလိုက် နာမည်ကိုင်၍ဖြစ်စေ ၊ တစ်ဦးချင်းနာမည်ကိုင်၍ဖြစ်စေ ဒအ်ဝပ်ပေးဖိတ်ခေါ်ခဲ့သည်။

ချစ်နဗီကြီး၏ဖိတ်ခေါ်မှုအပြီး လူများက တုံ့ပြန်အဖြေမပေးဘဲ အလျှိုလျှို ပြန်သွားကြသည်။ အဗူလဟဗ်သည် ချစ်နဗီကို ရိုင်းပြခဲ့သည်။ "အသင့်ရဲ့နေ့ရက်တွေကံဆိုးမိုးမှောင်ကျပါစေ။ ဒါ့အတွက်မို့ ငါတို့ကို စုရုံးစေ

တာလား” ဟု ပြောခဲ့သည်။ အလ္လာဟ်အရှင်မြတ်ဘက်မှ ဤအာယဟ်တော်ကို ချပေးတော်မူခဲ့သည်။

تَبَّتْ يَدَآ أَبِى لَهَبٍ وَتَبَّ

(၁) အဗူလဟဗ်၏ လက်နှစ်ဖက်သည် ကျိုးပဲ့ပျက်စီးပါစေ၊ ထို့ပြင် သူကိုယ်တိုင်လည်း ပျက်စီးပါစေ။

ဒအ်ဝဟ်အသံသည် မက္ကဟ်တခွင် ပဲ့တင်သံထပ်နေခဲ့သည်။ အလ္လာဟ် အရှင်မြတ်သည် ဤအာယဟ်တော်ကိုချပေးခဲ့သည်။

فَٱصْدَعْ بِمَا تُؤْمَرُ وَأَعْرِضْ عَنِ ٱلْمُشْرِكِينَ

သို့ဖြစ်ရာ အသင်(တမန်တော်)သည် အသင် အမိန့်ပေးခြင်းခံရသော အကြောင်းအရာကို အတိအလင်း ကြေညာလိုက်ပါ။ ထို့ပြင် အသင်သည် မုရ်ရိုက်များ အား လျစ်လျူရှုထားလိုက်ပါ။

ချစ်နဗီကြီးသည် အလ္လာဟ်ဘက်သို့ဖိတ်ခေါ်ခြင်းကို ပေါ်ပေါ်ထင်ထင် ဆောင်ရွက်ခဲ့ပြီး မုရ်ရစ်က်တို့၏ထိုင်ဝိုင်းများတွင်ပါ ဖိတ်ခေါ်ခဲ့သည်။ သူတို့ကို ကုရ်အာန်ဖတ်ပြပေးခဲ့သည်။ အများရှေ့တွင် အရှင်မြတ်ကို ကိုးကွယ်ခဲ့ပြီး လူအများ ရှေ့ ကအ်ဗဟ်ရင်ပြင်တော်တွင် ဆွလားဟ်ဝတ်ပြုတော်မူခဲ့သည်။

အန္တရာယ်ရုန်စွယ် ဒုက္ခသွယ်သွယ်

ချစ်နဗီ လူသိရှင်ကြားဒအ်ဝဟ်ပေးမှုသည် ရက်လအချို့ ကြာလာခဲ့သည်။ ဟဂျ်ရာသီနီးကပ်လာခဲ့သည်။ နီးကပ်လာသည်နှင့်အမျှ မုရ်ရစ်က်များ ပိုပြီးခေါင်းခဲလာခဲ့သည်။ ချစ်နဗီ၏ဖိတ်ခေါ်မှုသည် လူအများပေါ် မသက် ရောက်စေရန် အကြံအိုက်နေကြသည်။ ချစ်နဗီနှင့်ပတ်သက်ပြီး ဟဂျ်လာ

ရောက် သူများအား မဟုတ်မမှန်သတင်းဖြန့်ရန် ကြံစည်နေခဲ့သည်။ အကြီး အကဲ ဝလီးဒ်ဗင်န် မုဂီရဟ် ထံစုရုံးခဲ့ကြသည်။ ဝလီးဒ်ဗင်နမုဂီရဟ်က "အသင် တို့ လိမ်လည်နေတယ်လို့ လူတွေမထင်ရလေအောင် အသင်တို့တညီ တညွတ်တည်း ပြောဖို့လိုတယ်" ဟု အကြံပေးခဲ့သည်။

ချစ်နဗီကို ဗေဒင်ဟောသူ၊ သူရူး ၊ ကဗျာအလင်္ကာဆရာ ၊ ပြုစားသူဟု မဟုတ်မမှန်စွတ်စွဲရန် အသေအလဲဆွေးနွေးကြံစည်နေခဲ့သည်။ နောက်ဆုံး အကြီးအကဲဖြစ်သူ ဝလီးဒ်သည် ပြုစားသူဟုပြောခြင်းက ပိုပြီး သင့်လျော် သည်ဟု အဆိုတင်ခဲ့သည်။ ချစ်နဗီ၏ဒအ်ဝဟ်ပေးမှုကြောင့် မိသားစု အလဲ အလဲ အပြုပြု ဖြစ်ရသည်ဟုဆိုကာမှတ်ယူနေခြင်းကြောင့်ဖြစ် သည်။

ပြောင်လျောင် ၊ လိမ်လည်စွတ်စွဲခြင်း

မုစ်ရ်ရစ်က်များ၏ ချစ်နဗီကြီးနှင့်ဆွဟာဗဟ်များအပေါ် ပြောင်လျောင် သရော် မှုများက ဆထက်တိုးလာခဲ့သည်။ ချစ်နဗီအပေါ် ထိုးနှက်မှုများ တစ်ခုပြီးတစ်ခု ပြုခဲ့ကြသည်။ နောက်ဆုံး ချစ်နဗီစိတ်ထဲ ကျဉ်းကြပ်မှု ဖြစ်လာခဲ့ရသည်။ အလ္လာဟ်အရှင် မြတ်က ဖြေသိမ့်ပေးခဲ့သည်။

فَسَبِّحْ بِحَمْدِ رَبِّكَ وَكُن مِّنَ ٱلسَّٰجِدِينَ وَٱعْبُدْ رَبَّكَ حَتَّىٰ يَأْتِيَكَ ٱلْيَقِينُ

ကုရ်အာန် (၁၅:၉၈)

သို့ဖြစ်ရာအသင်သည်အသင့်အားဖန်ဆင်းမွေးမြူတော်မူသောအရှင် မြတ်ကိုချီးမွမ်းမှုနှင့်အတူသန့်ရှင်းစင်ကြယ်ကြောင်းပြောဆိုပါ။ထို့ပြင်အသင် သည် စဂျဒဟ်ဦးချသူများထဲ၌ အပါအဝင်ဖြစ်လိုက်ပါ။ကုရ်အာန် (၁၅:၉၉)

ထို့ပြင် အသင်သည် အသင့်ထံသို့ အမှန်ဖြစ်မည့်ကိစ္စ (သေခြင်းတရား) ရောက်လာ သည်အထိ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ကို (အမြဲ)ကိုးကွယ်နေပါ။

မုစ်ရှ်ရစ်က်များသည်လည်း ချစ်နဗီနှင့်ပတ်သတ်ပြီး ကောလဟာလ ဖြန့်နေခဲ့သည်။ ကုရ်အာန်ဖတ်ရွတ်သံမကြားစေရန်၊ ချစ်နဗီဒအ်ဝဟ်ဖိတ်ခေါ်မှု ကိုဟန့်တားနိုင်စေရန်နည်းမျိုးစုံကြိုးပမ်းနေခဲ့သည်။ ချစ်နဗီဒအ်ဝဟ်ပေး ဖိတ်ခေါ်မှုပြုရန်၊ ကုရ်အာန်ရွတ်ဖတ်ရန် ဟန်ပြင်လေတိုင်း မုရှ်ရစ်က် များသည် ဆူညံသောင်းကျန်းနေခဲ့သည်။ သီချင်းများအော်ဟစ်သီဆိုနေခဲ့ပြီး ဆော့ ကစား နေခဲ့ကြသည်။ နောက်ဆုံးချစ်နဗီသည် အေးဆေးစွာ ဒအ်ဝဟ်ပေး ဖိတ်ခေါ်မှုပြုရန်နှင့် ကုရ်အာန်ရွတ်ဖတ်ရန် မတတ်နိုင်ခဲ့ပေ။ နဗီနောက်ဆုံး ငါးနှစ်ရောက်မှသာ တတ်နိုင်ခဲ့သည်။ ဤသည် လူအများသတိမမူချိန်တွင် သာဖြစ်ခဲ့သည်။

မုအ်မင်နမ်များအား ဒုက္ခပေးခြင်း

ဂုဏ်ရှိသူတစ်ယောက် အစ်(စ်)လာမ်လက်ခံသည်ဟု ကြားလေတိုင်း အဗူဂျဟ်လ် သည် စီးပွားရေးဖြင့်ခြိမ်းခြောက်ခဲ့သည်။ သူဆင်းရဲဖြစ်ပါက ညှင်းပမ်းနှိပ် စက်ခဲ့ကြသည်။ ဒုက္ခပေးရန် လူဖျင်းလူညံ့များကို မြှောက်ပေး ခဲ့သည်။

သာဝကကြီး အုဆ်မားန်ဗင်န်အဖွါးန်အား ဦးလေးဖြစ်သူက စွံ့ပလွံ ဖျာထဲ လိပ်ခဲ့ပြီး မီးခိုးမှိုင်းတိုက်ခဲ့သည်။

သာဝကကြီး မုဆွ်အဗ်ဗင်န်အိုမိုင်းရ်သခင်အား မိခင်ဖြစ်သူက အစာရေစာ ဖြတ်တောက်ပြီး အိမ်မှနှင်ထုတ်ခဲ့သည်။ ပိုးထည်ဝတ်ဆင်ခဲ့သူ

သည် အဝတ်ကြမ်းကိုသာ ဝတ်ဆင်ခဲ့ရသည်။ ဘဝခက်ခဲမှုများကြောင့် ခန္ဓာပိန်လှီခဲ့ရသည်။

သာဝကကြီး ဆိုဟိုင်းဗ်ဗင်စေနားန် ရူမီသည် မိမိ၏အသိစိတ်မကပ်သည်အထိ နှိပ်စက်ခံခဲ့ရသည်။ မိမိဘာပြောနေသည်ကိုပင် မသိခဲ့ရပေ။

သာဝကကြီးဗေလားလ်သခင်သည် အိုမိုင်ယာဟ်ဗင်နဲလ်ဖ် ဂျူမဟီ၏ ကျွန်ဖြစ်ခဲ့သည်။ သခင်ဖြစ်သူက သာဝကကြီး လည်ပင်းတွင် ကြိုးချည်ထားပြီး ကလေးများကို တောင်ကုန်းပတ်စေကာ ဆွဲခိုင်းခဲ့သည်။ ကြိုးအရာများ သာဝကကြီး လည်ပင်းတွင် ထင်ကျန်နေခဲ့သည်။ သာဝကြီးက “အဟဒ်၊အဟဒ် အလ္လာဟ်သာလျှင်တစ်ပါး တည်းကိုးကွယ်ရာ”ဟုသာ ဟစ်ကြွေးနေခဲ့သည်။ သခင်ဖြစ်သူသည် သာဝကကြီးကို ပြင်းပြင်းထန်ထန် ရိုက်နှက်ခဲ့သည်။ နေပူလယ်တွင်ထိုင်စေခဲ့ပြီး အငတ်ထားခဲ့သည်။

မွန်းတည့်ချိန် သာဝကကြီးအား သခင်ဖြစ်သူသည် သဲပူအပေါ် လှဲစေပြီး ရင်ဘတ်အပေါ် ကျောက်တုံးတင်ခဲ့သည်။ သာဝကကြီးကို အသင်မသေမချင်း ဒါမှမဟုတ် အသင်မုဟမ္မဒ်ကို ငြင်းပယ်မှုမပြုချိန်ထိ ဒီတိုင်းထားမည်ဟု ပြောခဲ့သည်။ သာဝကကြီးက “အဟဒ်၊အဟဒ် အလ္လာဟ်သာလျှင် တစ်ပါးတည်းကိုးကွယ်ရာ”ဟု ပြောခဲ့သည်။

တစ်နေ့တွင် အဗူဗက်ရ်သခင်သည် သာဝကကြီး ဗေလားလ်အနီးမှ ဖြတ်သွားခဲ့သည်။ သခင်ဖြစ်သူက ဗေလားလ်သခင်အား နှိပ်စက်မြဲ နှိပ်စက်နေသည် ကိုတွေ့မြင်ခဲ့သည်။ အဗူဗက်ရ်သခင်သည် သာဝကကြီး ဗေလားလ်ကို ဝယ်ယူခဲ့ပြီး သူကောင်းပြုပေးခဲ့သည်။

သာဝကကြီး အမ္မာရ်ဗင်နယာစေ့ရ်သည် မခ်ဇူးမ်မျိုးနွယ်၏ ကျွန်ဖြစ်ခဲ့သည်။ မိသားစုတစ်စုလုံး အစ်(စ်)လာမ်လက်ခံခဲ့သည်။ အဗူဂျဟ်လ် ဦးဆောင်သော မုစ်ရ်ရစ်က် များသည် သာဝကကြီးမိသားစုကို ညှင်းပမ်းနှိပ်စက်ခဲ့သည်။ နေပြင်းချိန် သဲကန္တာရပေါ် လှဲစေခဲ့သည်။ ချစ်နဗီသည် သာဝကကြီးအနားက ဖြတ်သွားချိန် "ယာစေ့ရ်မျိုးနွယ် တို့.....သည်းခံပါလေ။ အသင်တို့အတွက် သတ်မှတ်ထားသည်က ဂျန္နတ်ဖြစ်တယ်" ဟု နှစ်သိမ့်ပေးခဲ့သည်။ နှိပ်စက်မှုကြောင့် ဖခင်ဖြစ်သူ ယာစေ့ရ် ရှဟီးဒ်ဖြစ်ခဲ့သည်။ မိခင်ဖြစ်သူကို အဗူဂျဟ်လ်သည် လုံဖြင့်ထိုးသတ်ခဲ့သည်။ စုမိုင်ယဟ် သခင်မကြီးသည် အစ်(စ်)လာမ်တွင် ပထမဦးဆုံးရှဟီးဒ်ဖြစ်ခဲ့သော အမျိုးသမီးကြီး ဖြစ်သည်။

မုစ်ရ်ရစ်က်များသည် အမ္မာရ်သခင်ကို ပိုမိုညှင်းပမ်းနှိပ်စက်ခဲ့ကြသည်။ နေပူထဲလှဲစေခဲ့သည်။ တခါတရံ ရင်ဘတ်ပေါ် ကျောက်ခဲနီတင်ခဲ့ကြသည်။ တခါတရံ သာဝကြီး အသိစိတ်ပျောက်သည်အထိ ရေနစ်ဒုက္ခပေးခဲ့ကြသည်။ မုစ်ရ်ရစ်က်များသည်"အသင်မုဟမ္မဒ်ကို ဆဲဆိုပြီး ငါတို့ကိုးကွယ် ရာတွေက ကောင်းမွန်တယ်လို့ပြောမှ အသင့်ကိုလွှတ်ပေးမယ်" ဟုကမ်းလှမ်းခဲ့သည်။ သာဝကကြီးလည်း အတင်းအကြပ်လက်ခံလိုက်ရသည်။ ချစ်နဗီကြီးထံ ငိုကြွေးတောင်းပန်လျက် ရောက်လာ ခဲ့သည်။ အရှင့်ဘက်မှ အဓိန္ဌာန်တော်ချပေးခဲ့သည်။

مَن كَفَرَ بِٱللَّهِ مِنۢ بَعۡدِ إِيمَٰنِهِۦٓ إِلَّا مَنۡ أُكۡرِهَ وَقَلۡبُهُۥ مُطۡمَئِنُّۢ بِٱلۡإِيمَٰنِ وَلَٰكِن مَّن شَرَحَ بِٱلۡكُفۡرِ صَدۡرٗا فَعَلَيۡهِمۡ غَضَبٞ مِّنَ ٱللَّهِ وَلَهُمۡ عَذَابٌ عَظِيمٞ

ကုရ်အာန် (၁၆:၁၀၆)

မည်သူမဆို သူအဲမာန်ယုံကြည်ပြီးနောက် အလ္လာဟ်အရှင်မြတ်အား ငြင်းပယ်ခဲ့လျှင်၊ ထို(ငြင်းပယ်မှု)ထဲ၌ အကြင်သူမပါပေ၊

ထိုသူ၏စိတ်နှလုံးသည် ငြင်းပယ်မှုတွင် မွေ့လျော်ခဲ့လျှင် ထိုသူများ၏အပေါ် တွင်မူ အလ္လာဟ်အရှင်မြတ်ထံတော်မှ အမျက်တော်သည် ကျရောက်မည် ဖြစ်သည်။ ၎င်းနောက် သူတို့အတွက် ကြီးကျယ်သောပြစ်ဒဏ်လည်း ရှိမည် ဖြစ်သည်။

အစ်(စ်)လာမ်လက်ခံခဲ့သော ကျွန်၊ကျွန်မများအား အဗူဗက်ရ်သခင်သည် ဝယ်ယူခဲ့ပြီး သူကောင်းပြုခဲ့သည်။

ဖခင်ဖြစ်သူအဗူကိုဟာဖဟ်က သာဝကကြီးကို "ကြံ့ခိုင်သန်မာသော ကျွန်တွေကို သူကောင်းပြုခြင်းက ပိုပြီးအကျိုးရှိမယ်" ဟုပြောခဲ့သည်။ သာဝကကြီးက အလ္လာဟ်အရှင်မြတ်အတွက်သာ သူကောင်းပြုခြင်းဖြစ်ကြောင်း ပြောခဲ့သည်။ အဗူဗက်ရ်သခင်အား အမွှမ်းတင်ကုရ်အာန် အမိန့်ကျရောက်လာခဲ့သည်။

وَسَيُجَنَّبُهَا ٱلْأَتْقَى ٱلَّذِى يُؤْتِى مَالَهُۥ يَتَزَكَّىٰ وَمَا لِأَحَدٍ عِندَهُۥ مِن نِّعْمَةٍ تُجْزَىٰٓ إِلَّا ٱبْتِغَآءَ وَجْهِ رَبِّهِ ٱلْأَعْلَىٰ وَلَسَوْفَ يَرْضَىٰ

(၁၇)ထို့ပြင် (အလ္လာဟ်အရှင်မြတ်အား)အလွန်ကြောက်ရွံ့သူကမူ မကြာမီ ထိုင်ရဲမီးမှ ကယ်တင်ခြင်း (ကင်းဝေးစေခြင်း) ခံရမည်ဖြစ်သည်။

(၁၈)ထိုသူသည် သူသန့်ရှင်းစင်ကြယ်ရန် သူ၏ဥစ္စာပစ္စည်းကို ပေးကမ်းလှူဒါန်းသည်။

(၁၉)သူ့အပေါ်တွင် ပြန်လည်ပေးဆပ်ရန် တစ်ဦးတစ်ယောက်၏ မည်သည့်ကျေးဇူးမျှမရှိပေ။

(၂၀)သူ့အား ဖန်ဆင်းမွေးမြူတော်မူသော၊ အလွန်မြင့်မားတော်မူသော အရှင်မြတ်၏ နှစ်သက်ကျေနပ်မှုကို ရှာဖွေ ရယူရန်အတွက်ပင် (လှူဒါန်းခြင်း)ဖြစ်သည်။

(၂၁)ထို့ပြင် သူသည် မကြာမီ အမှန်ပင်ကျေနပ်သွားမည်ဖြစ်သည်။

အဗူသွာလစ်ဗ်ထံ ကိုရိုက်ရှ် ကိုယ်စားလှယ်အဖွဲ့သွားရောက်ခြင်း

ကိုရိုက်ရှ်မျိုးနွယ်ဝင်တစ်ချို့သည် အဗူသွာလစ်ဗ်ထံ သွားရောက်ခဲ့သည်။ ချစ်နဗီနှင့်ပတ်သက်ပြီး "အဗူသွာလစ်ဗ်..သင့်တူ ဖြစ်သူက ငါတို့ရဲ့ဘုရားတွေကို မကောင်းပြောဆိုတယ်။ ငါတို့ယုံကြည်ရာ သာသနာကို ပြစ်တင်ပြောဆိုတယ်။ ငါတို့ကို လူညံ့လူဖျင်းတွေ၊ လမ်းမှားရောက်သူတွေဆိုပြီး ပြောဆိုတယ်။ ဒါ့ကြောင့် သင့်တူကို အသင် ဟန့်တားရင်တားပါ၊ မဟုတ်ဘူးဆိုရင်ငါတို့နဲ့သူ့ကြားလွှတ်ထားပေးပါ။ အသင်ကငါတို့လိုပဲ သူနဲ့ဆန့်ကျင်ဘက်မှာ ရှိနေသူဖြစ်တယ်" ဟု ပြောခဲ့ကြသည်။ အဗူသွာလစ်ဗ်သည် သူတို့အား ပညာသားပါပါ ယဉ်ယဉ်ကျေးကျေးတုန့်ပြန်ခဲ့သည်။ ကိုယ်စားလှယ်အဖွဲ့ ပြန်သွားခဲ့သည်။

ချစ်နဗီက မိမိတာဝန်အတိုင်း လူထုအား ဒအ်ဝဟ်ပေး ဖိတ်ခေါ်မြဲ ဖိတ်ခေါ်နေခဲ့သည်။ ချစ်နဗီအပေါ် ကိုရိုက်ရှ်က ပိုမိုကြံစည်လာခဲ့သည်။ ကိုရိုက်ရှ်က ထပ်သည်းမခံနိုင်တော့ဘဲ အဗူသွာလစ်ထံ ပထမအကြိမ်ထက်ပိုမိုကြမ်းတမ်းသည့် အသုံးအနှုန်းဖြင့် ထပ်မံပြောဆိုရန်ဆုံးဖြတ်ခဲ့ကြသည်။

ခြိမ်းခြောက်ပြောဆိုခြင်း

ကိုရိုက်ရှ်ခေါင်းဆောင်များသည် အဗူသွာလစ်ဗ်ထံ ထပ်မံသွားရောက်ခဲ့ကြသည်။ “အဗူသွာလစ်ဗ်...အသင်က မျိုးနွယ်ထဲမှာ ဂုဏ်ရှိသူ၊ အဆင့်အတန်းရှိသူဖြစ်တယ်။ အသင့်တူ ဖြစ်သူကို ဟန့်တားဖို့ ငါတို့ တောင်းဆိုခဲ့ကြတယ်။ အသင်မတားမြစ်ခဲ့ဘူး။ ငါတို့ရဲ့ဘုရားတွေကို မကောင်းပြောဆိုမှု၊ ငါတို့ယုံကြည်ရာ သာသနာကိုအပြစ်တင်မှု ငါတို့ကို လူညံ့လူဖျင်းတွေ၊ လမ်းမှားရောက်သူတွေဆိုပြီး ပြောဆိုမှုကို ဆက်ပြီးသည်းမခံနိုင်ပါ။ အသင့်တူကို အသင် ဟန့်တားရင်တားပါ၊ မဟုတ်ဘူးဆိုရင် သူပျက်စီးရင် ပျက်စီး ဒါမှမဟုတ် ငါတို့ပျက်စီးမယ်” ဟုခြိမ်းခြောက်ခဲ့ကြသည်။

ကိုရိုက်ရှ်များ၏ခြိမ်းခြောက်မှုကြောင့် စိုးရိမ်မကင်းဖြစ်ခဲ့ပြီး ချစ်နဗီကို သတိပေးခဲ့သည်။ “တူတော်မောင်.....အသင့်မျိုးနွယ်က ကျွန်ုပ်ဆီရောက်လာခဲ့တယ်။ သတိပေးခြိမ်းခြောက်ခဲ့တယ်။ ကျွန်ုပ်အတွက်ရော အသင့်အတွက်ပါ သနားပါ။ ကျွန်ုပ်ကို မနိုင်ဝန်မထမ်းစေပါနဲ့” ဆိုပြီး ချစ်နဗီကိုပြောကြားခဲ့တယ်။ ဦးလေးဖြစ်သူသည် ချစ်နဗီကို ကူညီရန် မစွမ်းနိုင်၊ဥပေက္ခာပြုနေပြီဟု ထင်ခဲ့သည်။ ချစ်နဗီက “ ဦးလေး..... ဒီကိစ္စနဲ့ ပတ်သက်ပြီး အလ္လာဟ့်ဘက်ကနေ စီစဉ်ထားချိန်ထိ ဒီကိစ္စကိုကျွန်ုပ် စွန့်လွှတ်ဖို့အတွက် ညာဘက်လက်မှာ နေမင်းထားပေးပြီး ဘယ်ဘက်လက်ထဲ လမင်းထားပေးမယ်ဆိုဦးတောင် ကျွန်ုပ်လက်ခံမှာမဟုတ်ဘူး” ဟုချစ်နဗီကြီးက ပြတ်ပြတ်သားသား အဖြေပေးခဲ့သည်။

ချစ်နဗီ ငိုကြွေးခဲ့သည်။ ချစ်နဗီ ထပြန်ခဲ့ချိန် အဗူသွာလစ်ဗ်သည် “တူတော်မောင်....အသင်သွားလိုရာသွားပါ။ အသင် ပြောလိုတာပြောပါ။ အသင့်ကို ဘယ်သူ့ဆီကိုမှ လက်လွှဲမှာမဟုတ်ဘူး” ဟုပြောခဲ့သည်။

ချစ်နဗီ ကမိမိရဲ့တာဝန်ကိုဆက်လက် ထမ်းဆောင်နေလျက်ရှိခဲ့သည်။ အဗူသွာလစ်ဗ်သည် တူဖြစ်သူနှင့်ပတ်သက်ပြီး ကိုရိုက်ရှ်၏တောင်းဆိုမှုကို ပယ်ချခဲ့သည်။ ကိုရိုက်ရှ်သည်အဗူသွာလစ်ဗ် ထံသွားခဲ့သည်။ အိုမာရဟ် ဗင်နဝလီးဒ်အားခေါ်ဆောင်သွားခဲ့သည်။ "သူက ငါတို့မျိုးနွယ်ထဲမှာ အလှပဆုံး နဲ့ခွန်အားအကောင်းဆုံး လူငယ်ဖြစ်တယ်။ လျော်ကြေးအနေနဲ့သူ့ကို အသင်ယူပါ။ သားတစ်ဦးလိုထားပါ။ အသင့်တူကို ငါတို့ဆီအပ်ပါ။ သူက ငါ့တို့ရဲ့ကိုးကွယ်ရာတွေနဲ့ ဆန့်ကျင်တဲ့သူဖြစ်တယ်။ အသင့်မျိုးနွယ်ကို စိတ်ဝမ်းကွဲစေသူဖြစ်တယ်။ သူ့ကိုကျွန်တော်တို့သတ်မယ်။ ဒါက ညီတူ ညီမျှပဲ" ဟုကမ်းလှမ်းခဲ့သည်။ အဗူသွာလစ်ဗ်သည် " ဆိုးရွားလှတဲ့ ကမ်းလှမ်းမှုပဲ။ အသင်တို့လူကိုတော့ သားအဖြစ်ဂုဏ်ပေးနေရပြီး ကျွန်ုပ် သွေးသားကိုတော့ အသင်တို့သတ်ဖို့ လွှဲပြောင်းရမည်လား။ ဘယ်တော့မှ ဖြစ်လာမှာမဟုတ်ဘူး" ဟုတုံ့ပြန်ခဲ့သည်။ မုစ်သွ်အင်နှ် ဗင်နှ် နောင်ဖလ်က

"အသင့်မျိုးနွယ်သည် ညီတူညီမျှကမ်းလှမ်းခြင်းဖြစ်သည်။ အသင် မနှစ်မြို့တဲ့ အရာကိုဖယ်ရှားဖို့ သူတို့ကြိုးပမ်းနေခြင်းဖြစ်သည်။ အသင့်အနေနဲ့ လက်ခံဖို့ မခြင်မိဘူး"ဟုပြောဆိုခဲ့သည်။ အဗူသွာလစ်ဗ်သည် ကိုရိုက်ရှ်၏ ကမ်းလှမ်းမှု အလုံးစုံကို ပြတ်ပြတ်သားသား ပယ်ချခဲ့သည်။ ကိုရိုက်ရှ်၏ ကမ်းလှမ်းမှု အားလုံး ပြိုပျက်ခဲ့သည်။ ချစ်နဗီဒအ်ဝဟ်ပေးဖိတ်ခေါ်မှုနှင့် ပတ်သတ်ပြီး ဦးလေးဖြစ်သူ ဟန့်တားရန်သဘောမတူညီနိုင်ခဲ့သည့်အခါ နည်းလမ်း

နောက်တစ်ခုကို အကောင်ထည်ဖော်ရန် ကြိုးပမ်းခဲ့ကြသည်။ ချစ်နဗီကို ကိုယ်ထိလက်ရောက် ထိပါးဖို့ ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။

ချစ်နဗီကို ကိုယ်ထိလက်ရောက် ထိပါးလာခြင်း

ချစ်နဗီအား ကိုယ်ထိလက်ရောက်ထိပါးလာသည် အထိ ဒုက္ခများ ဆတိုးပေးလာခဲ့သည်။ တစ်နေ့၌ ချစ်နဗီသည် ကအ်ဗဟ်ကျောင်းတော်တွင် ဆွလားဟ် ဝတ်ပြုနေခဲ့သည်။ အဗူဂျဟ်လ်နှင့် အပေါင်းအပါအချို့ ကအ်ဗဟ် တွင်ထိုင်နေခဲ့ကြသည်။ ချစ်နဗီစဂျ်ဒဟ်ချချိန် ကျောပြင်ပေါ် ဝမ်းတွင်းကလီစာ အညစ်အကြေးတွေ ဘယ်သူတင်မလဲဟု အချင်းချင်းကြား ပြောဆိုနေခဲ့ ကြသည်။ နဖူးစာအဆိုးဆုံးသူဖြစ်သူ အွစ်က်ဗဟ်ဗင်န် အဘီမုအီးသွံက အညစ်အကြေးများ ယူလာခဲ့ပြီး ချစ်နဗီစဂျ်ဒဟ်ချချိန်ကို စောင့်နေခဲ့သည်။ ချစ်နဗီစဂျ်ဒဟ်ချသည့်အခါ အညစ်အကြေးများကို ကျောပြင်ပေါ် တင်ခဲ့သည်။ အားလုံးက ရယ်မောနေခဲ့ကြသည်။ အချင်းချင်းကြား ပြောင်လှောင် နေခဲ့ကြသည်။ ချစ်နဗီသည် စဂျ်ဒဟ်ဦးချလျက်သားရှိနေခဲ့သည်။ ချစ်နဗီ ဦးခေါင်းပင်မမော့နိုင်ခဲ့ပေ။ သမီးဖြစ်သူ ဖွာသေမဟ်သခင်မ ရောက်လာခဲ့ပြီး အညစ်အကြေးများ ကိုဖယ်ရှားပေးခဲ့သည်။

ချစ်နဗီသည် ဦးခေါင်းတော်အားပြန်မော့နိုင်ခဲ့သည်။ ပြီးနောက် ကိုရိုက်ရှ်များအား သုံးကြိမ်တိုင် လအ်နသ်ပို့ခဲ့သည်။ တစ်ဦးချင်းစီ နာမည် ကိုင်ပြီးလအ်နသ်ပို့ခဲ့သည်။ “အိုအရှင် အဗူဂျဟ်လ် ၊ အွစ်သွ်ဗဟ်ဗင်န် ရဗီအဟ်၊ ရှိုင်ဗဟ်ဗင်နရဗီအဟ် ၊ ဝလီးဒ်ဗင်န် ရဗီအဟ် ၊ အိုမိုင်ယဟ်ဗင်န် ခလ်ဖ် နဲ့ အွစ်က်ဗဟ်ဗင်အဘီမိုအီးသွံတို့ကို အရေးယူတော်မူပါ” ဟု ချစ်နဗီက

တောင်းဆုပြုခဲ့သည်။ လက်တွေ့မှာလည်း ၎င်းတို့အားလုံး ဗဒ်ရိုစစ်ပွဲနေ့တွင် အသတ်ခံခဲ့ရသည်။

ချစ်နဗီ၏ တောင်းဆုတော်ကို အဗူဂျဟ်လ်နှင့် အပေါင်းအပါတို့သည် မမှုဘဲ ချစ်နဗီကို ဒုက္ခများဆက်လက်ပေးခဲ့ကြသည်။ "မုဟမ္မဒ်က အသင် တို့ရွေ့မှောက်မှာ ဆွလားဟ် ဝတ်ပြုနေသေးသလား?" ဟုအဗူဂျဟ်လ်က မေးမြန်းခဲ့တယ်။ တစ်ဦးတစ်ယောက်က "ဝတ်ပြုနေဆဲပါ" ဟုဖြေကြားခဲ့ သည်။ "ကိုးကွယ်ရာများအားတိုင်တည်ပါတယ်.... သူဝတ်ပြုနေတာကို မြင်ပါက မုဟမ္မဒ်လည်ပင်းကို ခြေထောက်နဲ့နင်းပြီး သူ့မျက်နှာကို မြေထိ စေရမယ်" ဟုအဗူဂျဟ်လ်က ကျိန်ဆိုခဲ့သည်။

ချစ်နဗီ ဆွလားဟ်ဝတ်ပြုနေစဉ် အဗူဂျဟ်လ်ရောက်လာခဲ့သည်။ ချစ်နဗီလည်ပင်းကို နင်းရန်ရည်ရွယ်ခဲ့သည်။ သို့သော် အဗူဂျဟ်လ် ကြောက်လန့်ပြီး လှည့်ပြန်ခဲ့သည်။ မိမိရဲ့လက်နှစ်ဖက် နှင့် အကာအကွယ် ယူနေခဲ့သည်။ အပေါင်းအပါများက "ဘယ်လိုဖြစ်ရတာလဲ" ဟုမေးမြန်းခဲ့ ကြသည်။ အဗူဂျဟ်လ်သည် "ငါနဲ့သူကြားမှား မီးတွင်းကြီး တစ်တွင်း ရှိနေခဲ့တယ်။ ကြောက်မက်ဖွယ်ရာတွေရှိနေခဲ့ပြီး သူ့ကိုအတောင်ပံတွေနဲ့ ကာကွယ်ထားတယ်"ဟုဖြေကြားခဲ့သည်။ ချစ်နဗီအမိန့်ရှိခဲ့သည်။ "အဗူ ဂျဟ်လ်သာ ရှေ့တိုးခဲ့မယ်ဆိုရင် ကောင်းကင်တမန်တွေက သူ့ကိုသုတ်ချီပြီး အပိုင်းပိုင်းဆွဲဖြဲမှာ ဖြစ်တယ်။"

မုစ်လင်မ်များကို ဒုက္ခမှ ကယ်တယ်ရန် အရေးကြီး အချိန်အပိုင်းအခြား ဖြစ်သည်။ ထို့ကြောင့်ချစ်နဗီသည် အလိုအပ်ဆုံးအခြေအနေနှစ်ရပ်ကို

ချမှတ်ခဲ့သည်။ဒအဲဝဟ်၏လမ်းခရီးတွင်ကြီးမားသောအကျိုးသက်ရောက်မှုများဖြစ်လာခဲ့သည်။

ပထမအချက်...

ဒါရုလ်အရ်ကမ်

အရ်ကမ်အိမ်တော်သည် ဆွဖ္ဖာကျောင်း၏ကနဦးကျောင်းဖြစ်သည်။ အစ်(စ်)လာမ့် ရန်သူများ၏ စောင့်ကြည့်မှုမှ ကင်းဝေးသောနေရာဖြစ်သည်။ မုစ်လင်မ်များစုရုံးရန် လျှို့ဝှက် နေရာအဖြစ်ချစ်နဗီက ရွေးချယ်ခဲ့သည်။ မုစ်လင်မ်များ ကိုကုရ်အာန်ဖတ်ပြခဲ့သည်။ သာသနာ့ရေးရာတွင် မှန်မှန်ကန်ကန် ကျင့်မူနိုင်ရန်သင်ကြားပေးခဲ့သည်။ မုစ်လင်မ်များကို အေးအေးချမ်းချမ်းဖြင့် ကုရ်အာန်ကိုတိုက်ရိုက်ပို့ချခဲ့သည်။ အစ္စလာမ့်ရန်သူများ မသိလိုက် ရဘဲ အစ်(စ်)လာမ်ထဲ ဝင်လိုသူအတွက် ဒါရုလ်အရ်ကမ်ကို လုံခြုံရေးနယ်မြေအဖြစ် ရွေးချယ်ခဲ့သည်။

လွန်ဆွဲမှုရှည်ကြာလာသည်နဲ့အမျှ မုစ်လင်မ်များ အမြစ်ဖြုတ် ခံရနိုင်သည်အထိ ဖြစ်လာနိုင်ခြေရှိခဲ့သည်။ ထို့ကြောင့် ချစ်နဗီသည် လျှို့ဝှက်ခြင်းလမ်းစဉ်ကို ရွေးချယ်ခဲ့သည်။ ဆွဟာဗဟ်အများစုသည် မိမိတို့၏အစ်(စ်)လာမ် လက်ခံမှုကို ဖုံးကွယ်ထားခဲ့ကြသည်။ ချစ်နဗီက မုစ်ရှ်ရစ်ကမ်များကြား ပေါ်ပေါ်ထင်ထင်ဒအဲဝဟ်ပေးနေခဲ့သည်။ မုစ်လင်မ်များ၏ အကျိုးအတွက် တွေ့ဆုံစုရုံးခြင်းကို လျှို့ဝှက်စွာပြုလုပ်ခဲ့သည်။

ဒုတိယအချက်...

အီသီယိုးဗီးယား၊ အဗီစီနီးယားသို့ ရွှေ့ပြောင်းဟစ်ဂျ်ရာဟ်ပြုခြင်း

မုစ်လင်မ်များအပေါ် ဒုက္ခပေးမှုများလာသည့်အခါ မက္ကာဟ်ရှိ မုစ်ရှ်ရစ်ကာ်များရန်မှ ကင်းဝင်းစေရန် ချစ်နဗီကြံဆလာခဲ့သည်။ အီသီယိုးဗီးယားအား အုပ်စိုးသော နဂျာရှီဘုရင်သည် တရားမျှသောဘုရင် ဖြစ်ကြောင်းနှင့် မတရားမှုကိုလက်မခံကြောင်း ကြားသိခဲ့သည်။ ပြဿနာများမှ ကင်းဝေးစေရန် သာသနာအတွက် မုစ်လင်မ်များကို အီသီယိုးဗီးယားသို့ ဟစ်ဂျသ်ပြုရွှေ့ပြောင်းစေခဲ့သည်။

နဗဝီငါးခုနှစ်တွင် ပထမအသုတ်အနေဖြင့် အီသီယိုးဗီးယားသို့ ဟစ်ဂျ်ရသ် စတင်ပြုခဲ့သည်။ အမျိုးသား (၁၃)ဦးပါဝင်ခဲ့ပြီး အမျိုးသမီး (၄) ဦးပါဝင်ခဲ့သည်။ သဝဝကကြီး အုဆ်မားန်ဗင်န် အဖွါးန်နှင့်အတူ ဇနီးဖြစ်သူ ချစ်နဗီ၏သမီး ရိုကိုင်ယဟ်သခင်မလည်းပါဝင်ခဲ့တယ်။ ညအမှောင် အချိန်မက္ကာဟ်မှ တိုးလျှိုးထွက်လာခဲ့သည်။ အလ္လာဟ်အရှင်မြတ်သည် လွယ်ကူစေခဲ့သည်။ ကာဖိရ်များသိချိန်နောက်ကျခဲ့သည်။ မုစ်လင်မ်များနောက် လိုက်ခဲ့ကြသော်လည်း မုစ်လင်မ်များသည် ငြိမ်းချမ်းစွာ ထွက်နိုင်ခဲ့သည်။ အီသီယိုးဗီးယားတွင် အကောင်းဆုံး နေထိုင်ခိုလှုံခဲ့ကြသည်။

မိုဟာဂျိရ်များ ဟဗ်ရှဟ်မှပြန်လာခဲ့ခြင်း

ဟစ်ဂျ်ရသ်စတင်ပြုခဲ့သည့်နှစ် ရမဒွါန်လတွင် ချစ်နဗီသည် ကအ်ဗဟ်ရှိရာသွားခဲ့သည်။ ကအ်ဗဟ်တွင် ကိုရိုက်ရှ်များ စုရုံးနေခဲ့ကြသည်။ အစုအရုံးထဲတွင် ခေါင်းဆောင်အကြီး အကဲများပါခဲ့သည်။ ချစ်နဗီ၏ စူရဟ်နဂျ်မ် ဖတ်ရွတ်သံကိုကြားပြီး အားလုံးအံ့အားသင့်ခဲ့ကြသည်။ ယခင်က ကုရ်အာန်

ဖတ်ရွတ်သံကို မကြားခဲ့ကြပေ။ အချင်းအချင်းကြား ပိတ်ပင်နေခဲ့ကြသည်။ ယခု ကုရ်အာန်ဖတ်ရွတ်သံက သူတို့နားတွေကိုပင်းစေခဲ့သည်။ ညို့ယူဖမ်းစားခဲ့သည်။ ကုရ်အာန်ဖတ်ရွတ်သံကိုသာ ဂရုတစိုက်ဖြင့် နားထောင်ခဲ့ကြသည်။ စူရဟ်နဂျ်မ်၏နောက်ဆုံးအာယဟ်တော်များရောက်လာခဲ့သည်။သူတို့နှလုံးသားများ မှင်သက်ခဲ့ကြသည်။

فَٱسْجُدُوا۟ لِلَّهِ وَٱعْبُدُوا۟ ۩ (النجم)

ပြီးနောက် ချစ်နဗီက စဂျဒဟ်ဦးချခဲ့သည်။ ကိုရိုက်ရှ်တို့သည် မိမိကိုယ်ကို မထိန်းချုပ်နိုင်ခဲ့ဘဲ စဂျဒဟ်ဦးချခဲ့သည်။

အမှန်တရား၏ထည်ဝါမှုသည် မာနဂုဏ်မောက်နေကြ သူများ၏ စိတ်ထဲ စွဲကပ်နေသော တဇွတ်ထိုးငြင်းဆန်မှုကို ချုပ်ငြိမ်းစေခဲ့ခြင်းဖြစ်သည်။ အာလုံး မိမိစိတ်ကို မထိန်းနိုင်ခဲ့ဘဲ စဂျဒဟ်ဦးချခဲ့ကြသည်။

ဤသတင်း ဟဗ်ရှဟ်ရှိမုစ်လင်မ်များဆီ ရောက်သွားခဲ့သည်။ ကိုရိုက်ရှ်များ အစ်(စ်)လာမ်လက်ခံခဲ့သည်ဟု သတင်းမှား အနေဖြင့်ရောက်သွားခဲ့သည်။ မုစ်လင်မ်များ မက္ကဟ်ကို ပြန်လာခဲ့ကြသည်။ မက္ကဟ်အနီးကို ရောက်လာချိန်မှ သတင်းအမှန်ကို သိသွားခဲ့ကြသည်။ အချို့က အီသီယိုးဗီးယားကို ပြန်လှည့်သွားကြသည်။ အချို့က မက္ကဟ်မြို့ထဲ တိတ်တဆိတ်ဝင်ခဲ့ပြီး ကိုရိုက်ရှ်၏ အာမခံချက်ပေးမှု နှင့်နေထိုင်ခဲ့သည်။

မုစ်လင်မ်များအပေါ် ညှင်းပမ်းနှိက်စက်မှုများ ပြင်းထန်လာခဲ့သည်။ ဆွေမျိုးသားချင်းများသည်လည်း ခက်ထန်လာခဲ့သည်။ တစ်ဖက်မှာလည်း နဂျာရှီဘုရင်၏ ခိုလှုံလာသူများအပေါ် ကောင်းမွန်စွာ ဆက်ဆံမှုသတင်း

ကြောင့် ကိုရိုက်ရှ်များ မခံမရပ်နိုင် ဖြစ်နေကြရသည်။ ချစ်နဗီသည် ဆွဟာဗဟ်များအား အီသီယိုးဗီးယားသို့ နောက်တစ်ကြိမ် ဟစ်ဂျရသ်ပြုရန် လိုအပ်ကြောင်း သိမြင်ခဲ့သည်။

အီသီယိုးဗီးယားသို့ ဒုတိယအကြိမ် ဟစ်ဂျရသ်ပြုခြင်း

ဒုတိယအကြိမ်ဟစ်ဂျရသ်ပြုရန် မုစ်လင်မ်များအသင့်ပြင်ခဲ့ကြသည်။ ပထမအကြိမ်ထက် ပိုမိုခက်ခဲခဲ့သည်။ ကိုရိုက်ရှ်များ သတိကြီးကြီးထားခဲ့ကြသည်။ ဟစ်ဂျရသ် အစီအစဉ်ပြိုကွဲရန် ကြိုးပမ်းခဲ့ကြသည်။ မုစ်လင်မ်များသည် လက်ဦးမှုရယူနိုင်ခဲ့သည်။

ဒုတိယအကြိမ်ဟစ်ဂျရသ်ပြုချိန် အမျိုးသား (၈၃) ဦးထိပါဝင်ခဲ့ပြီး အမျိုးသမီး (၁၈)ဦး (သို့မဟုတ်) (၁၉)ဦးထိပါဝင်ခဲ့သည်။

ဝမ်းနည်းဖွယ်နှစ်ကာလ

အဗူသွာလေ့ဗ် သေဆုံးကွယ်လွန်ခြင်း

အဗူသွာလေ့ဗ်အပြင်းအထန်နာမကျန်းဖြစ်ခဲ့ပြီး သိပ်မကြာခင်မှာပဲ ကွယ်လွန်သေဆုံးခဲ့သည်။ လျှိုမြောင်အတွင်း(၆)လအကြာ ဝိတ်ဆို့ခံခဲ့ရပြီး ပြန်ထွက်လာချိန် နဗဝီ (၁၀)ခုနှစ် ရဂျဗ်လတွင် ကွယ်လွန် သေဆုံးခဲ့ခြင်းဖြစ်သည်။ အဗူသွာလေ့ဗ် သေအံ့ဆဲဆဲအချိန်တွင် ချစ်နဗီရောက်ရှိခဲ့သည်။ "ဦးလေး...လာအိလာဟာအေလွလွာဟ်ဖတ်ပါ။ အလွာဟ်အရှင်ထံမှာ သက်သေခံပေးပါမယ်"ဆိုပြီး ချစ်နဗီကတိုက်တွန်းခဲ့သည်။ တစ်ဖက်မှာလည်း အဗူဂျဟ်လ် နှင့် အဗ်ဒုလ္လာဟ်ဗင်န် အဘီအိုမိုင်ယဟ်သည် “အသင် အဗ်ဒုလ်မွတ်သွလစ်ဗ်ရဲ့ လမ်းစဉ်ကိုကျောခိုင်းစွန့်ခွာမှာလား?” ဟုပြောနေခဲ့သည်။ ထပ်တလဲလဲပြောနေရင်း အဗူသွာလေ့ဗ်ရဲ့နောက်ဆုံးစကားက " အဗ်ဒုလ်မွတ်သွလစ်ဗ်ရဲ့ လမ်းစဉ်အပေါ်သာရှိနေပါတယ်" ဟူ၍ ဖြစ်ခဲ့သည်။ ချစ်နဗီက “တားမြစ်မခံရသေးသ၍ အစ်သေ့ဂ်ဖွာရ်ပြုလုပ်ပေးမယ်"ဟုပြောခဲ့သည်။ ထိုအချိန်တွင် ကုရ်အာန်ကျမ်းတော်မြတ်၏ အောက်ပါအာယဟ်တော်များ ကျရောက်ခဲ့သည်။

مَا كَانَ لِلنَّبِيِّ وَ الَّذِيْنَ اٰمَنُوْٓا اَنْ يَّسْتَغْفِرُوْا لِلْمُشْرِكِيْنَ وَ لَوْ كَانُوْٓا اُولِيْ قُرْبٰى مِنْۢ بَعْدِ مَا تَبَيَّنَ لَهُمْ اَنَّهُمْ اَصْحٰبُ الْجَحِيْمِ ﴿۱۱۳﴾

اِنَّكَ لَا تَهْدِيْ مَنْ اَحْبَبْتَ وَ لٰكِنَّ اللّٰهَ يَهْدِيْ مَنْ يَّشَآءُ ۚ وَ هُوَ اَعْلَمُ بِالْمُهْتَدِيْنَ ﴿۵۶﴾

ခတီဂျာသခင်မ ကွယ်လွန်သေဆုံးခြင်း

အဘူသွာလစ်ဗ်သေဆုံးကွယ်လွန်ပြီး မိခင်မွန်ကြီးခတီဂျာသခင်မ ကွယ်လွန်သေဆုံးခဲ့သည်။ သခင်မကြီးသည် နဗဝီ(၁၀)ခုနှစ် ရမဒွါန်လမြတ်၌ ကွယ်လွန်သေဆုံး ခဲ့ခြင်းဖြစ်သည်။ ကွယ်လွန်သေဆုံးချိန် သက်တော် (၆၅)နှစ် ရှိပြီဖြစ်သည်။ ထိုအချိန်က ချစ်နဗီကြီးသက်တော်သည် (၅၀)ရှိနေပြီဖြစ်သည်။ ခတီဂျာသခင်မသည် ချစ်နဗီအပေါ် အလွန်ဟ်ရှင်မြတ် ချီးမြှင့်တော်မူသော ဆုလာဘ်တော်တစ်ခုဖြစ်သည်။ ချစ်နဗီနှင့်အတူ ရာစုနှစ်လေးပုံတစ်ပုံ ကာလ အထိ အေးအတူပူအမျှရှိခဲ့သည်။ ခတီဂျာသခင်မနှင့်ပတ်သက်၍ ချစ်နဗီ သည် ယခုလိုမိန့်ဆိုခဲ့သည်။ "လူအများငြင်းဆိုခဲ့စဉ် ခတီဂျာက ငါ့အား ယုံကြည်ခဲ့သည်။ လူအများကလူလိမ်ဟူ၍စွတ်စွဲချိန် ထောက်ခံပေးခဲ့သည်။ လူအများက ဥပေက္ခာပြုထားချိန် သူမ၏ဥစ္စာပစ္စည်းဖြင့်ကူညီခဲ့သည်။ သူမနှင့် သာ ကလေးသူငယ်ရရှိခဲ့ပြီးကျန်ဇနီးသည်များနှင့် ကလေးမရရှိခဲ့ပေ။"

ပူဆွေးမှုများအထပ်ထပ်

ရက်ကာလအပိုင်းအခြားတစ်ခုအတွင်း နာကျင်ဖွယ်သော ဖြစ်ရပ်နှစ်ခု ဖြစ်ပွားခဲ့သည်။ ချစ်နဗီ၏နှလုံးအတွင်းဝယ် ဝမ်းနည်းပူဆွေးနာကျင်ခဲ့သည်။ ပြီးနောက် ကာဖိရ်များသည် ချစ်နဗီအအပေါ် ပိုမိုအတင့်ရဲစွာ ဒုက္ခများပေးခဲ့ ကြသည်။ ထိုအခါချစ်နဗီသည် ဒအ်ဝသ်ပေးဖိတ်ခေါ်ရန် သွာအေ့ဖ်မြို့သို့ ဦးတည်ခဲ့သည်။ သွာအေ့ဖ်သားများ အီမာန်လက်ခံကြပြီး မိမိအားကူညီရန် မျှော်လင့်ခဲ့သည်။

အစ်ရာ့အ်နှင့်မေ့အ်ရားဂျ်

ချစ်နဗီသည် ဒအ်ဝသ်ပေးဖိတ်ခေါ်မှု၏ ခက်ခဲကြမ်းတမ်းသော အဆင့်အားဖြတ်သန်း နေရသည်။ ဒအ်ဝသ်လုပ်ငန်းစဉ်သည် အောင်မြင်ခြင်းနှင့် ခုခံကာကွယ်တွန်းလှန်ခြင်းကြား တွင်ရှိနေသည်။ မျှော်လင့်ခြင်း ရောင်ခြည်များသန်းစပြုလာခဲ့ချိန် အစ်ရာ့အ်နှင့်မေ့အ်ရားဂျ် အဖြစ်အပျက်ကျ ရောက်ခဲ့သည်။

ချစ်နဗီသည် ဂျစ်ဗ်ရာအီးလ်နှင့်အတူ မတ်စ်ဂျေ့ဒ်ဟရားမ်မှ မတ်စ်ဂျေ့ဒ် အက်ဆွာထိ ဗုရားက်အားစီးနင်းကာ တစ်ညအတွင်း သွားရာက်ခဲ့သည်။ မတ်စ်ဂျေ့ဒ်အက်ဆွာတွင် ရပ်နားခဲ့သည်။ နဗီတမန်တော်များအား မိမိကိုယ်တိုင်ရှေ့ဆောင်အဖြစ် ဦးဆောင်ဝတ်ပြုခဲ့သည်။ ဗုရားက်အစီးအနင်းအား ဗလီ၏တံခါးဝတွင် ချည်နှောင်ထားခဲ့သည်။

ထိုညမှာပင် မေ့အ်ရားဂျ်ကောင်းကင်ဘုံခရီးစခဲ့သည်။ မတ်စ်ဂျေ့ဒ် အက်ဆွာမှ ပထမမိုးကောင်ထပ်တက်ခဲ့သည်။ ဂျစ်ဗ်ရာအီးလ်၏ တောင်းဆို ချက်ဖြင့် ချစ်နဗီအတွက် ကောင်းကင်တံခါးပွင့်ခဲ့သည်။ ပထမအထပ်တွင် တမန်တော်အာဒံ(မ်)ဖြင့် တွေ့ဆုံခဲ့သည်။ ချစ်နဗီအား ကြိုဆိုခဲ့သည်။ ချစ်နဗီ၏ နဗီတမန်တော်ဖြစ်ခြင်းအား ထောက်ခံခဲ့သည်။ ချစ်နဗီအား အလ္လာဟ်အရှင်မြတ်က ညာဘက်တွင် နဖူးစာကောင်းသောဝိညာဉ်များနှင့် ဘယ်ဘက်တွင် နဖူးစာဆိုးသောဝိညာဉ်များအား ပြသခဲ့သည်။

ထို့နောက် မိုးကောင်းကင်ဒုတိယထပ်အားတက်ခဲ့သည်။ တမန်တော် ယဟ်ယာဗင်န် ဇကရီယာ၊ တမန်တော် အီစာဗင်န် မရ်ယမ်တို့နှင့် တွေ့ဆုံခဲ့သည်။ ချစ်နဗီကစလာမ်ပေးခဲ့သည်။ ချစ်နဗီအားစလာမ် ပြန်ခဲ့ပြီး

ကြုံဆိုခဲ့ကြသည်။ ချစ်နဗီ၏ နဗီတမန်တော်ဖြစ်ခြင်းအား ထောက်ခံခဲ့ကြသည်။

ထို့နောက် မိုးကောင်းကင် တတိယအထပ်အားတက်ခဲ့သည်။ တမန်တော် ယူစွဖ်ဗင်နယ်အာ်ကူးဗ်နှင့်တွေ့ဆုံခဲ့သည်။ ချစ်နဗီကစလာမ် ပေးခဲ့သည်။ ချစ်နဗီအားစလာမ်ပြန်ခဲ့ပြီးကြိုဆိုခဲ့သည်။ ချစ်နဗီ၏ နဗီတမန်တော်ဖြစ်ခြင်းအား ထောက်ခံခဲ့သည်။

ထို့နောက် မိုးကောင်းကင် စတုတ္ထအထပ်သို့တက်ခဲ့သည်။ တမန်တော် အီးဒ်ရီးစ်နှင့် တွေ့ဆုံခဲ့သည်။ ချစ်နဗီကစလာမ်ပေးခဲ့သည်။ ချစ်နဗီအားစလာမ် ပြန်ခဲ့ပြီးကြိုဆိုခဲ့သည်။ ချစ်နဗီ၏ နဗီတမန်တော်ဖြစ်ခြင်းအား ထောက်ခံခဲ့သည်။

ထို့နောက် မိုးကောင်းကင် ပဉ္စမအထပ်သို့တက်ခဲ့သည်။ တမန်တော် ဟာရူးန်ဗင်န် အင်မ်ရားန်နှင့် တွေ့ဆုံခဲ့သည်။ ချစ်နဗီကစလာမ်ပေးခဲ့သည်။ ချစ်နဗီအားစလာမ်ပြန်ခဲ့ပြီးကြိုဆိုခဲ့သည်။ ချစ်နဗီ၏နဗီတမန်တော်ဖြစ်ခြင်း အား ထောက်ခံခဲ့သည်။

ထို့နောက် မိုးကောင်းကင် ဆဋ္ဌမအထပ်သို့တက်ခဲ့သည်။ တမန်တော် မူစာဗင်န် အင်မ်ရားန်နှင့်တွေ့ဆုံခဲ့သည်။ ချစ်နဗီကစလာမ်ပေးခဲ့သည်။ ချစ်နဗီအားစလာမ်ပြန်ခဲ့ပြီးကြိုဆိုခဲ့သည်။ ချစ်နဗီ၏ နဗီတမန်တော်ဖြစ်ခြင်း အား ထောက်ခံခဲ့သည်။

ချစ်နဗီသည် တမန်တော်မူစာနှင့်တွေ့ဆုံပြီး နောက်တစ်နေရာ သွားသည့်အခါ တမန်တော်မူစာသည် ငိုကြွေးခဲ့သည်။ ဘာ့ကြောင့်ငို ကြွေးတာလဲဟု မေးမြန်းခဲ့သည်။ တမန်တော်မူစာက “ကျွန်ုပ်နောက်တွင်

စေလွှတ်ခြင်းခံရသည့်သူ၏နောက်လိုက်များသည် ကျွန်ုပ်၏ နောက်လိုက်များထက် ပိုမိုများပြားစွာ ဂျန္နဟ်သို့ဝင်ရောက်ကြရသည်”ဟုဖြေကြားလေသည်။

ထို့နောက် မိုးကောင်းကင် သတ္တမအထပ်သို့တက်သွားခဲ့သည်။ တမန်တော်အစ်ဗ်ရာဟီးမ်နှင့်တွေ့ဆုံခဲ့သည်။ ချစ်နဗီကစလာမ်ပေးခဲ့သည်။ ချစ်နဗီအားစလာမ်ပြန်ခဲ့ပြီးကြိုဆိုခဲ့သည်။ ချစ်နဗီ၏ နဗီတမန်တော်ဖြစ်ခြင်းအား ထောက်ခံခဲ့သည်။

ထို့နောက် ချစ်နဗီသည် စိဒ်ရသွန်မွန်သဟာသို့ရောက်ရှိခဲ့သည်။ စိဒ်ရသုလ်မွန်သဟာ၏ ဝိသေသအား ညွှန်းဆိုရန်မည်သူမျှမစွမ်းနိုင်ပါ။

ထို့နောက် ဗိုင်သုလ်မအ်မူးရ်သို့ရောက်ရှိခဲ့သည်။ နေ့စဉ် မလာအိကဟ်ပေါင်း (၇၀၀၀၀) ဝင်ရောက်ခစားရပြီး နောက်တစ်ကြိမ် အလှည့်ပြန်မကျပေ။

ထို့နောက် ချစ်နဗီသည် ဂျန္နဟ်သို့ဝင်ရောက်ခဲ့သည်။ ပုလဲကြိုးများဖြင့်စီရင်ခြယ်သထားပြီး မြေကြီးမှာ ကတိုးနံ့သင်းနေသည်။ ထို့နောက် သက်ဒီးရ်ရေးမှတ်ရာ ကလောင်တံများအသံပြုနေသည့် နေရာသို့ ရောက်ရှိခဲ့သည်။

နောက်ဆုံး၌ချစ်နဗီသည် အလ္လာဟ်အရှင်မြတ်ထံ အခစားဝင်ရောက်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်နှင့် အနီးစပ်ဆုံးနေရာထိရောက်ရှိခဲ့သည်။ ချစ်နဗီအား ဆွလာဟ်အကြိမ် (၅၀) မပြုမနေရတာဝန်အဖြစ်သတ်မှတ်ကြောင်းထုတ်ပြန်ခဲ့သည်။ အပြန်တွင် တမန်တော် မူစာနှင့်တွေ့ဆုံခဲ့သည်။ အသင့်အား အသင့်အရှင်မြတ်က မည့်သည့်အမိန့်ပေးခဲ့သနည်းဟု ချစ်နဗီအား မေးမြန်းခဲ့သည်။ ဆွလာဟ်အကြိမ် (၅၀) ဝတ်ပြုရန် အမိန့်ပေးခဲ့ကြောင်း ဖြေကြား

လေ၏။ အသင့်နောက်လိုက်များသည် ဆွလားဟ် အကြိမ် (၅၀) ဝတ်ပြုရန် မတတ်စွမ်းနိုင်ပါ။ အသင့်အရှင်ထံပြန်သွား နောက်လိုက်များအတွက် လျော့ပေါ့ပေးရန် တောင်းဆိုပါ ဟုတမန်တော်မူစာက အကြံပြုလေသည်။ ဂျစ်ဗ်ရာအီးလ်အား လှည့်ကြည့်လေရာ တမန်မူစာပြောသည့်အရာအား အကြံပြုခဲ့သည်။ အလ္လာဟ်ရှင်မြတ်ထံခစားခဲ့သည်။ လျော့ပေါ့ပေးရန် တောင်းဆိုလေရာ (၁၀)ကြိမ်လျော့ပေးခဲ့သည်။ တမန်မူစာက လျော့ပေါ့ရန် တောင်းဆိုစေခဲ့လေရာ နောက်ဆုံး ဆွလားဟ် ၅ကြိမ်သာ သတ်မှတ်ခဲ့သည်။ တမန်မူစာသည် လျော့ပေါ့ရန် ချစ်နဗီအား ထပ်မံတောင်းဆိုစေခဲ့လေရာ ချစ်နဗီက "ကျွန်ုပ်အရှင့်အား ရှက်လှပါပေသည်။ ကျွန်ုပ် ဤအမိန့်ကို ကျေနပ်လက်ခံနာခံပါသည်"ဟုဖြေကြားခဲ့လေ၏။

မနက်မိုးလင်းလာချိန်တွင် ချစ်နဗီသည် မိမိအားအလ္လာဟ်အရှင်မြတ် ပြသတော်မူသော အဲ့ဖွယ်အရာများကို လူအများအားပြောကြားခဲ့လေ၏။ ကာဖိရ်များသည် ချစ်နဗီအား မုသားဆိုသူဟုစွတ်စွဲခဲ့ကြပြီး ဒုက္ခပေးခဲ့ကြသည်။ ဗိုင်သုလ်မုကတ်ဒတ်စ်၏ဝိသေသများအားပြောကြားရန် ချစ်နဗီအား တောင်းဆိုခဲ့ကြသည်။ အလ္လာဟ်အရှင်မြတ်သည် ဗိုင်သုလ် မုကတ် ဒတ်စ်အား ချစ်နဗီရှေ့မှောက်မြင်နေရသကဲ့သို့ ပြသပေးခဲ့သည်။ ချစ်နဗီ က ဗိုင်သုလ်မုကတ်ဒတ်စ်ဝိသေသများအားပြောကြားခဲ့လေရာ ကာဖိရ်များမှာ ပြန်လည်တုံ့ပြန်နိုင်ခြင်းမရှိခဲ့ပေ။

ချစ်နဗီ၏ မွေအိရားဂျနှင့်အစ်ရာအ်ခရီးအား တထစ်ချ ထောက်ခံခဲ့သည့်အတွက် သာဝကကြီးအဗူဗက်ရ်သည် ဆွဒ္ဒီးက်ဟု အမည်မှည့်ခေါ်ခံခဲ့ရသည်။

ဟစ်ဂျရသ်အစီအစဉ်များစတင်လာခြင်း

ဗိုင်အသုလ် အကဗဟ်ဒုတိယအကြိမ်ပြီးသည့်နောက်တွင် ကုဖ်ရ် ရန်သွယ်ဝန်းရံသည့် အကြား အစ္စလာမ့်ပတ်ဝန်းကျင်တစ်ခု အခြေချနိုင်ရန် နယ်မြေတစ်ခု အခိုင်အမာရရှိခဲ့သည်။ ဤအရာသည် ချစ်နဗီ၏ ဒအ်ဝတ် ကြိုးပမ်းမှုအတွင်း အကြီးအမားဆုံးသော ရရှိမှုဖြစ်သည်။ ချစ်နဗီသည် နယ်မြေအသစ်ဆီပြောင်းရွှေ့အခြေချရန် မွတ်စ်လင်မ်များအား ခွင့်ပြုခဲ့သည်။

ပထမဦးဆုံး ဟစ်ဂျရဟ်ပြုခဲ့သူများမှာ သာဝကကြီးအဗူစလမဟ် မိသားစုဖြစ်သည်။ အွမ္မေ့စလမဟ်သခင်မကြီး၏ မျိုးနွယ်က သခင်မကြီးနှင့် သားဖြစ်သူအား ဟစ်ဂျရဟ်ပြုရန် တားမြစ်ခဲ့သည်။ သာဝကကြီး အဗူစလမဟ်တစ်ဦးသာ ဟစ်ဂျရဟ်ပြုခဲ့ရသည်။

တမန်တော်မြတ်ကြီး ဟစ်ဂျရဟ်ပြုပြီးသည့်နောက် သာဝကကြီး ဆိုဟိုင်းဗ် ဗင်န် စေနားန် ရူမီသည်လည်း ဟစ်ဂျရသ်ပြုခဲ့သည်။ ဟစ်ဂျရသ် ပြုချိန် ကာဖိရ်များက အသင်သည် ငါတို့ထံ လက်ဗလာနှင့်လာခဲ့သူဖြစ်သည်။ ထို့ကြောင့် အသင်ဟစ်ဂျရသ်ပြုမည်ဆိုလျှင် အသင်ပိုင်ဆိုင်သမျှ ချန်ရစ်ခဲ့ရမည် ဟု ပြောဆိုကြသည်။ သာဝကကြီး ဆိုဟိုင်းဗ် ဗင်န် စေနားန် ရူမီသည် မိမိပိုင်ဆိုင်သမျှအားစွန့်လွှတ်ကာ ဟစ်ဂျရသ်ပြုခဲ့လေ၏။ ထို့ကြောင့် ချစ်နဗီက သာဝကကြီးအား အို... အဗူယဟ်ယာ အမြန်စွန်းရသော လဲလှယ်ခြင်း ဖြစ်သည်ဟု ပြောကြားခဲ့သည်။

ချစ်နဖီအားလုပ်ကြံသတ်ဖြတ်ရန် ကိုရိုက်ရှ်များ ကြံစည်ခြင်း

သာဝကကြီးများက ဟစ်ဂျရဟ်အတွက် ပြင်ဆင်ထွက်ခွါ နေခဲ့ကြသည်။ မိမိတို့၏ သားသမီးများ၊ဥစ္စာပစ္စည်းများပါ ယူဆောင်လျက် အောက်စ်နှင့် ခဇ်ရဂျ်မျိုးနွယ်များရှိရာ ထွက်ခွါခဲ့ကြသည်။ ဤအချင်းအရာအား ကိုရိုက်ရှ်များ မြင်တွေ့လေသောအခါ စိတ်မကြေမချမ်းဖြစ်နေကြသည်။ ယခင်က မကြုံကြိုက်ခဲ့ဖူးသောကျိုးလန့်စာစားဘဝဖြစ်နေကြသည်။ ၎င်းတို့၏ ကိုးကွယ်ရာ သာသနာနှင့် ရုပ်ပွားဆင်းထုများအတွက် ကြီးမားသော အန္တရာယ်အား မျက်ဝါးထင်ထင်မြင်တွေ့နေခဲ့သည်။

ဗိုင်အသုလ်အကဗဟ်ပြီးနောက် နှစ်လအကြာတွင် ကာဖိရ်များသည် ဒါရုလ်နဒ်ဝဟ်တွင် အကြီးမားဆုံးညီလာခံကျင်းပခဲ့သည်။ ထိုညီလာခံအား ကိုရိုက်ရှ်မျိုးနွယ်စုကိုယ်စားလှယ် များတက်ရောက်ခဲ့သည်။ ချစ်နဖီအား လုပ်ကြံရန်နှင့် ဒအ်ဝဟ်ကြုံးပမ်းမှုအားဟန့်တားရန် အစီအစဉ်များ ချမှတ်ခဲ့ကြသည်။

သတ်မှတ်ချိန်တွင် ဒါရုလ်နဒ်ဝဟ်ညီလာခံအား ကိုယ်စားလှယ်များ ရောက်လာခဲ့သည်။ ရှိုင်သွာန်သည်လည်း အဘိုးအိုယောင်ဆောင်လျက် ရောက်လာခဲ့သည်။ အသင်မည်သူနည်းဟု မေးကြလေရာ ရှိုင်သွာန်က နဂျ်ဒ်မှလာကြောင်းပြောဆိုခဲ့သည်။ ထို့နောက် ကာဖိရ်များအစီအစဉ်အားကြားသိသဖြင့် ဆွေးနွေးပြောဆိုမှုများအား နားထောင်ပြီး ဆွေးနွေးအကြံပြုလိုသည်ဟု ပြောကြားခဲ့သည်။ ပြီးနောက် ညီလာခံတွင် ဆွေးနွေးဖြေရှင်းမှုများ စတင်ခဲ့၏။ ငြင်းခုံမှုများကြာရှည်ခဲ့သည်။

အဗုလ်အတ်စ်ဝတ်ဒ်က ချစ်နဗီအား ပြည်နှင်ဒဏ်ပေးပြီး အခြေအနေများအား ထိမ်းချုပ်မည်ဟုအဆိုပြုသည်။ အားလုံးက ပယ်ချခဲ့သည်။

အဗုလ်ဘခ်သုရီက ချစ်နဗီအား သံကြိုးဖြင့်တုပ်နှောင်ပြီး တံခါးပိတ်ထားမည်။ ပြီးနောက် ချစ်နဗီနည်းတူ အလျင်ရှိခဲ့သော ကဗျာဆရာများနှင့် သေဆုံးကွယ်လွယ်သူများ မည်သို့ဖြစ်မည်အား စောင့်ကြည့်ကြရန် အဆိုပြုခဲ့သည်။ အားလုံးက ပယ်ချခဲ့ပြန်သည်။

တက်ရောက်လာသော ကိုယ်စားလှယ်များက အဆိုပြုချက်နှစ်ရပ်လုံးအားပယ်ချပြီးနောက် ရှိုင်သွာန်သည် ပြတ်သားသော အဆိုပြုချက်တစ်ခုတင်သွင်းခဲ့သည်။တက်ရောက်လာသူအားလုံးကလက်ခံသဘောတူညီခဲ့သည်။ အဆိုပါအကြံပြုချက်အား တင်ဆက်ခဲ့သူမှာ မက္ကဟ်၏ရာဇဝတ်အကြီးအကဲ အဗူဂျဟ်လ်ဗင်နဟေ့ရှားမ်ဖြစ်သည်။

အဗူဂျဟ်လ်က ဤသို့အဆိုတင်သွင်းခဲ့သည်။ ကျွန်ုပ်တွင် အသင်တို့မတွေးထင်နိုင်မည့် အကြံပြုချက်ရှိသည်။ မျိုးနွယ်စုတိုင်းမှ သန်မာကြွံခိုင်သော လူငယ်တစ်ဦးတစ်ဦးဆီ သတ်မှတ်ကြမည်။ လူငယ်တစ်ဦးစီတိုင်းအား ဓါးတစ်ချောင်းစီပေးမည်။ ပြီးနောက် မုဟမ္မဒ်အားလုပ်ကြံရန်ရည်ရွယ်ကြမည်။ သူ့အား လူငယ်များက ပြိုင်တူဓါးဖြင့်ခုတ်ပြီး သတ်ဖြတ်ကြမည်ဖြစ်သည်။ မုဟမ္မဒ်ရန်မှငါတို့ကင်းမည်ဖြစ်သည်။ ဤသို့ဖြစ်ပါက သွေးကြွေးသည် မျိုးနွယ်စုတိုင်းအပေါ်တင်ရှိမည်ဖြစ်သည်။ ဗနူအဗ်ဒေ့မနားဖ်သည် မျိုးနွယ်စုတိုင်းဖြင့်စစ်မဖြစ်နိုင်ပေ။ လျော်ကြေးပေးရန်ငါတို့ဆုံးဖြတ်ကြမည်။

ညီလာခံတွင်ရောက်ရှိနေသော အဘိုးအိုအယောင်အဆောင် ရှိုင်သွာန်က သူပြောသည့်အဆိုသည်သာ ထိုက်သင့်သည်။ တခြားအဆိုမမြင်မိ ဟု ထောက်ခံပြောဆိုခဲ့သည်။

အဗူဂျဟ်လ်၏အဆိုအား ညီလာခံတွင် တက်ရောက်လာကြသော ကိုယ်စားလှယ်များက တညီတညွတ်တည်း သဘောတူလက်ခံခဲ့ကြသည်။ ကိုယ်စားလှယ်များပြန်သွားခဲ့ကြပြီး သတ်မှတ်ပြဋ္ဌာန်းချက်အား အကောင်အထည်ဖော်ရန် လုပ်ဆောင်ခဲ့ကြသည်။

ချစ်နဗီ ﷺ ဟစ်ဂျရဟ်ပြုပြောင်းရွှေ့ခြင်း

ဒါရုလ်နဒ်ဝဟ်တွင် စုရုံးခြင်းအား ကိုရိုက်ရှ်များက သိုသိုသိပ်သိပ်ပြုလုပ်ခဲ့သည်။ ချစ်နဗီအား လျှပ်တပြက်လုပ်ကြံရန် ကြံစည်ခဲ့သည်။ သို့သော် အလ္လာဟ်အရှင်မြတ်သည် ထိုသူများ၏ အကြံအစည်မျှော်လင့်ချက်အား ဖျက်ဆီးခဲ့သည်။ ဂျစ်ဗရာအီးလ်အား စေလွှတ်ကာ ကိုရိုက်ရှ်၏ ကြံစည်ချက်အား အသိပေးစေခဲ့သည်။ အလ္လာဟ်အရှင်မြတ်သည် ချစ်နဗီအား မက္ကာဟ်မှ ထွက်ခွါရန် အမိန့်ပေးခွင့်ပြုခဲ့လေ၏။ ဟစ်ဂျရသ်ပြုရမည့်အချိန်အား သတ်မှတ်ပေးခဲ့သည်။ ကိုရိုက်ရှ်များ၏အစီအစဉ်အား တန်ပြန်အစီအစဉ်ချစေခဲ့သည်။ ချစ်နဗီ အားမိမိအိပ်နေကြအိပ်ရာတွင် မအိပ်နှင့်ဟု အမိန့်ပေး ခဲ့သည်။

လူအများအနားယူချိန် နေမွန်းတည့်ချိန်တွင် ချစ်နဗီသည် အဗူဗက်ရ် ထံသွားခဲ့သည်။ ထို့နောက် ဟစ်ဂျရဟ်နှင့်ပက်သတ်ပြီး အစီအစဉ်ချမှတ်ခဲ့သည်။

အဗူဗက်ရ်သခင်တို့ ထိုင်နေကြစဉ် နေမွန်းတည့်အချိန်တွင် ချစ်နဗီသည် ခေါင်းမြီးခြုံလျက်ရောက်ရှိလာခဲ့သည်။ ယခင်က ထိုအချိန်တွင် ချစ်နဗီ

လာလေ့မရှိပေ။ အဗူဗက်ရ်သခင်က ချစ်နဗီသည် အရေးကြီးကိစ္စကြောင့်သာ ဤအချိန်တွင်လာကြောင်းပြောကြားလေသည်။ ချစ်နဗီရောက်လာခဲ့ပြီး ဝင်ခွင့်တောင်းခဲ့လေရာ ခွင့်ပြုခဲ့ပြီး အိမ်ထဲဝင်ခဲ့လေ၏။ ချစ်နဗီက အသင့်အိမ်သားတွေကို အပြင်ထုတ်လိုက်ပါဟု ပြောကြားခဲ့သည်။ သာဝကကြီးက ချစ်နဗီ၏အိမ်တော်သားများပါဟု လျှောက်ထားလေ၏။ ချစ်နဗီက ကျွန်ုပ်သည် မက္ကာဟ်မှထွက်ခဲ့ရန် ခွင့်ပြုမိန့်ရရှိပြီဖြစ်သည်ဟု ပြောကြားခဲ့သည်။ သာဝကကြီးက ကိုယ်တော်နှင့်အတူလိုက်ရမည်လားဟု မေးလေရာ ချစ်နဗီက ဟုတ်တယ်ဟု ပြန်ဖြေခဲ့လေသည်။ သာဝကကြီးသည် အပျော်ကြူးကာ ငိုကြွေးခဲ့လေသည်။

ချစ်နဗီသည် သာဝကကြီးနှင့် ဟစ်ဂျ်ရဟ်ခရီးစဉ်ရေးဆွဲလေသည်။ ပြီးနောက် မိမိအိမ်အားပြန်လာခဲ့ပြီး ညအခါအားစောင့်ဆိုင်းလေသည်။ မိမိသည် ဟစ်ဂျ်ရဟ်အတွက် ပြင်ဆင်နေသည်အား မည်သူမှမရိပ်မိခဲ့သည် အထိနေ့စဉ်လုပ်ငန်းဆောင်တာများအား ပုံမှန်လုပ်ဆောင်နေခဲ့သည်။ကိုရိုက်ရှ်ပင်မရိပ်မိခဲ့ပေ။

ချစ်နဗီ ﷺ အိမ်ဝန်းကျင်မှလုပ်ကြံရေးရာဇဝတ်သားများ

ကိုရိုက်ရှ်ရာဇဝတ်သားများသည် မိမိတို့ချမှတ်ခဲ့သော လုပ်ကြံရေး အစီအစဉ်အတွက် တစ်နေကုန် လျှို့ဝှက်စွာကြံစည်နေခဲ့ကြသည်။ ချစ်နဗီ၏ အကျင့်တော်မှာ အေရှာပြီးနောက် ညအစပိုင်းတွင် အိပ်စက်လေ့ရှိပြီး ညလယ် အချိန်တွင် မတ်စ်ဂျေ့ဒ်ဟရာမ်သို့သွားရောက်ကာ သဟဂျ်ဂျဒ်ဆွလားဟ် ဝတ်ပြုလေ့ရှိသည်။ ထိုညဌ် ချစ်နဗီသည် အလီသခင်အား မိမိအိပ်ယာပေါ်တွင်

အိပ်စေခဲ့သည်။ မိမိ၏ခြုံထည် အစိမ်းရောင်ခြုံပေးခဲ့ပြီး ဒုက္ခတစုံတရာ ဖြစ်မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

ည၌နက်လေသောအခါ တိတ်ဆိတ်မှုများကြီးစိုးနေသည်။ လူအများ အိပ်စဉ် လုပ်ကြံရေးသမားများ ချစ်နဗီအိမ်ဆီ ဦးတည်လာခဲ့ကြသည်။ အိမ်တံခါးဝတွင် အသင့်စောင့်နေကြသည်။ ချစ်နဗီအိပ်စက်နေသည်ဟု ယူဆခဲ့ကြပြီး ချစ်နဗီအပြင်ထွက်လာချိန် သတ်မှတ်ထားသည့်အတိုင်း လုပ်ကြကြမည်ဟု တွေးနေခဲ့သည်။

ချစ်နဗီအား လုပ်ကြံရေးအချိန်မှာ ချစ်နဗီထွက်လာမည့် ည၌ အလယ်အချိန်ဖြစ်သည်။ လုပ်ကြံရေးသမားများသည် နီးကြားစွာ စောင့်နေကြသည်။ အလ္လာဟ်အရှင်မြတ်၏ စီမံမှုအား ယှဉ်နိုင်ခြင်း မရှိခဲ့ပေ။

လုပ်ကြံရေးသမားများရှေ့မှောက်မှ ချစ်နဗီ ﷺ ထွက်လာခြင်း

ကိုရိုက်ရှ်များ မည်မျှကြိုးပမ်းစေကာမူ ၎င်းတို့၏လုပ်ကြံရေးအစီအစဉ် ပျက်စီးခဲ့သည်။ ချစ်နဗီမိမိအိမ်တော်မှထွက်ခွါလာစဉ် လုပ်ကြံရေးသမားများ လိုင်းများကြားမှဖောက်ထွက်လာခဲ့သည်။ မြေကြီးလက်တစ်စုပ်စာယူကာ ၎င်းတို့ဦးခေါင်းများအပေါ်ပက်ဖျန်းခဲ့သည်။ ချစ်နဗီအားလုပ်ကြံရေးသမားများ မမြင်နိုင်ခဲ့ပေ။ ချစ်နဗီသည် အောက်ပါအာယတ်တော်အားဖတ်ရွတ်လျက် ၎င်းတို့ကြားမှထွက်လာခဲ့သည်။

လုပ်ကြံရေးသမားများခေါင်းပေါ်တွင် သဲများရှိနေခဲ့သည်။ ချစ်နဗီသည် အဗူဗက်ရ်သခင်ဆီ သွားခဲ့ပြီး သာဝကကြီးအိမ်မှ ညတွင်းချင်း ထွက်ခွါခဲ့ပြီး ယီမင်ဘက်ရှိ ဆောင်ရ်လှိုင်ဂူထိ ရောက်ရှိလာခဲ့သည်။

လုပ်ကြံရေးသမားများသည် ချစ်နဗီထွက်လာမည့်အချိန်အား စောင့်နေခဲ့သည်။ ၎င်းတို့၏အကြံအစည်များ ကျရှုံးခဲ့သည်။ လူတစ်ဦး ရောက်လာခဲ့ပြီး အသင်တို့အဘယ်အရာကိုစောင့်နေကြသနည်းဟု မေးခဲ့သည်။ မုဟမ္မဒ်ဟု ဖြေကြားခဲ့သည်။ ထိုအခါ မင်းတို့ကျရှုံးလေပြီ။ မုဟမ္မဒ်သည် မင်းတို့ကြားမှ ဖြတ်သွားခဲ့ပြီးခေါင်းပေါ်တွင် သဲများကြဲချခဲ့သည်ဟု ဖြေကြားခဲ့သည်။ ကျွန်တော်တို့ သူ့အားမမြင်ခဲ့ပါဟု လုပ်ကြံရေးသမားများက ပြောကြားခဲ့သည်။ ပြီးနောက် သဲများအားခါချခဲ့သည်။

တံခါးမှလှမ်းကြည့်သောအခါ အလီသခင်အားမြင်တွေ့လေသည်။ မုဟမ္မဒ် စောင်ခြုံလျက်အိပ်နေသည်ဟုသာ ညကတည်းကနံနက်ထိမိမိတို့ စောင့်နေကြကြောင်း ပြောခဲ့ကြသည်။ အလီသခင်သည် အိပ်ရာမှထချိန် ၎င်းတို့အားလုံးလက်မှိုင်ကျသွားခဲ့သည်။ ချစ်နဗီနှင့်ပတ်သက်ပြီး မေးမြန်းရာ အလီသခင်က မိမိမသိကြောင်းဖြေကြားလေသည်။

ဆောင်ရှလိုင်ဂူအတွင်းဝယ်

ချစ်နဗီသည် မိမိအိမ်မှ အဗူဗက်ရ်သခင်အိမ်ဆီ သွားခဲ့သည်။ နောက် --ဖေး တံခါးပေါက်မှ နံနက်မိုးမလင်းမီ မက္ကဟ်မှ အလျင်အမြန် ထွက်ခွါ ခဲ့သည်။

ချစ်နဗီသည် ကိုရိုက်ရှ်များ မိမိအားအပူတပြင်းရှာဖွေမည်အား ရိပ်စား မိခဲ့သည်။ မဒီနဟ်သို့သွားရာ အဓိကလမ်းမှာ မြောက်ဘက်တွင်ရှိသည်။ ချစ်နဗီသည် ထိုလမ်းနှင့်ဆန့်ကျင်ဘက် တောင်ဘက်ရှိ ယီမင်ဘက်ဦးတည်ရာ ကမ်းရိုးတန်းလမ်းမှထွက်ခွါခဲ့သည်။ ထိုလမ်းမှသွားလျင် ဆောင်ရ်တောင်ရှိရာ ထိ၅မိုင်ကွာဝေးသည်။ ထိုတောင်သည် မြင့်စွင့်ပြီး လမ်းခရီးကြမ်းတမ်းသည်။ တက်ရခက်ပြီး ကျောက်တုံးကျောက်ခဲပေါများသည်။ ချစ်နဗီနှင့် သာဝကကြီး

အဗူဗက်ရ်သခင်သည်တောင်ထိပ်ထိရှိ ဆောင်ရ်လှိုင်ဂူထိ အရောက်သွားခဲ့သည်။

လုပ်ကြံသူများသည် လှိုင်ဂူအဝထိရောက်လာခဲ့ပြီး အလွှာဟ်အရှင်မြတ်သည် ကာကွယ်စောင်မခဲ့သည်။ အဗူဗက်ရ်သခင်သည် ဦးခေါင်းအားမော့ကြည့်ခဲ့ရာ လုပ်ကြံသူများ၏ခြေထောက်များအား တွေ့မြင်ခဲ့သည်။ ချစ်နဗီအားလျှောက်ထားခဲ့သည်။ အကယ်၍သူတို့သည် ခြေထောက်အောက်ကြည့်မည်ဆိုပါက ကျွန်ုပ်တို့အားမြင်ကြမည်။ ချစ်နဗီက အသင်နှင့်ကျွန်ုပ်တို့နှစ်ဦး တည်းထင်နေသလား? အလွှာဟ်အရှင်မြတ်သည် ကျွန်ုပ်တို့နှင့်အတူရှိနေတော်မူသည်ဟု မိန့်ကြားခဲ့သည်။

ချစ်နဗီအား အလွှာဟ်အရှင်မြတ်ချီးမြှင့်ခဲ့သော အံ့ဖွယ်မုအ်ဂျေဇ်ဖြစ်ခဲ့သည်။လုပ်ကြံသူများ ပြန်လှည့်သွားခဲ့ကြသည်။

မဒီနဟ်သို့

ချစ်နဗီအားရှာဖွေရေး လုပ်ငန်းစဉ်များ ရပ်တန့်တည်ငြိမ်ခဲ့သည်။ ကိုရိုက်ရှ်များ သုံးရက်တိုင်လိုက်လံရှာဖွေပြီးနောက် ရပ်လိုက်ကြသည်။ ချစ်နဗီနှင့် သာဝကကြီးသည် မဒီနဟ်သို့စတင်ထွက်ခွါရန်ပြင်ဆင်ခဲ့ကြသည်။

လမ်းပြအဖြစ် အဗ်ဒုလ္လာဟ်ဗင်နှ်အိုရိုင်ကီးသွဲအား ငှားရမ်းခဲ့သည်။ လမ်းပြသည် ကိုရိုက်ရှ်များသာသနာပေါ်ရှိနေသူဖြစ်သည်။ ချစ်နဗီသည် စိတ်ချယုံကြည်ခဲ့ပြီး အစီးအနင်းအားအပ်နှံပေးခဲ့သည်။ သုံးရက်ကြာပြီးနောက် ဆောင်ရ်လှိုင်ဂူတွင် အစီးအနင်းဖြင့်လာရန် ချိန်းဆိုခဲ့သည်။ ညအချိန်ရောက်သောအခါ လမ်းပြရောက်လာခဲ့ပြီး ကမ်းရိုးတန်းတလျောက် မဒီနဟ်သို့စီးနင်းလိုက်ပါလာခဲ့၏။

လှိုင်ဂူမှစထွက်လာခဲ့ပြီး ယီမင်ဘက်ဦးတည်ရာ တောင်ဘက်ဆီ ဦးတည်ခဲ့သည်။ ပြီးနောက် ကမ်းရိုးတန်းလမ်းအတိုင်း အနောက်ဘက်ဆီ ဦးတည်လာခဲ့သည်။ နောက်ဆုံးလူအများသွားလေ့မရှိသော လမ်းပေါ်ရောက် လာခဲ့သည်။ ပင်လယ်နီကမ်းရိုးတန်းလမ်းအတိုင်း မြောက်ဘက်ဆီ ဦးတည် ခဲ့ပြီး သွားလေ့သွားထမရှိသောလမ်းအတိုင်း မဒီနဟ်သို့ ထွက်ခွါလာခဲ့သည်။

ကုဗာသို့ရောက်ရှိခြင်း

မဒီနဟ်ရှိမုစ်လင်မ်များသည် မက္ကဟ်မှတမန်တော်မြတ် ထွက်ခွါလာခဲ့ သည့် သတင်းအားရရှိခဲ့ကြသည်။ နေ့စဉ်နေ့တိုင်း ကျောက်နက် လွင်ပြင်တွင် စောင့်ဆိုင်းနေကြသည်။ နေပြင်းခိုန်ရောက်မှသာ ပြန်သွားခဲ့ကြသည်။ လူအများပြန်သွားခိုန် ဂျူးတစ်ယောက်က ချစ်နဗီနှင့် သာဝကကြီး အဗူဗက်ရ် အားမြင်တွေ့ခဲ့ပြီး မိမိကိုယ်ကိုပင်မထိန်းနိုင်ခဲ့ရာ ကျယ်လောင်သောအသံဖြင့် အို...အရဗ်တို့ အသင်တို့စောင့်ဆိုင်းနေလေသော နဗီပဲ ဟုဟစ်အော်လေသည်။ ကုဗာတွင် မုစ်လင်မ်များ အုံကြွလာခဲ့သည်။ ကျောက်နက်လွင်ပြင်တွင် ချစ်နဗီအား ကြိုဆိုခဲ့ကြသည်။

ဗနီအမ်ရ်ဗင်အောင့်ဖ်တွင် သက်ဗီးရ်သံများညံမစဲဖြစ်ခဲ့သည်။ ချစ်နဗီ ရောက်ရှိလာခြင်းကြောင့် ပျော်ရွှင်ကာ သက်ဗီးရ် ဟစ်ကြွေးနေခဲ့သည်။ ချစ်နဗီအားကြိုဆိုခဲ့ကြပြီး ချစ်နဗီအပါးတွင် ဝိုင်းအုံခဲ့ကြ သည်။

မဒီနဟ်တခွင်သည် ချစ်နဗီအားကြိုဆိုခဲ့ကြသည်။ မဒီနဟ်သမိုင်း တလျောက် အထူးခြားဆုံးနေ့ရက်ဖြစ်ခဲ့သည်။ ဂျူးများသည် သောင်ရဲသ် ကျမ်းတွင် ချစ်နဗီရောက်ရှိခြင်းသတင်းကောင်းအား မှန်ကန်ကြောင်း တွေ့မြင် ခဲ့ရသည်။

အလီဗင်နဲ့အဗူသွာလစ်ဗ် ﷺသည် မက္ကာဟ်တွင် သုံးရက်တာဆက်နေခဲ့ပြီး ချစ်နဗီထံအပ်နှံထားသောပစ္စည်းများအား သက်ဆိုင်သူများဆီ ပြန်လည်အပ်နှံခဲ့သည်။ ပြီးနောက် မဒီနဟ်သို့ခရီးထွက်လာခဲ့ပြီး ချစ်နဗီနှင့် ကုဗာတွင် တွေ့ဆုံ ခဲ့သည်။ ကုလ်ဆူးမ် ဗင်န် ဟဒ်မ်အိမ်တွင် စတည်းချနေထိုင်ခဲ့သည်။

ချစ်နဗီသည် ကုဗာတွင် လေးရက်တိုင်နေထိုင်ခဲ့သည်။ ထိုအတောအတွင်း ကုဗာတွင်ဗလီဆောက်လုပ်ခဲ့ပြီး ဆွလားဟ်ဝတ်ပြုခဲ့သည်။ ထိုဗလီသည်သက္ကဝါပေါ်တွင်အခြေတည်ထားသော ပထမဦးဆုံး ဗလီဝတ်ကျောင်းတော် ဖြစ်သည်။ ငါးရက်မြောက်နေ့တွင် အလ္လာဟ့် အမိန့်ဖြင့် မဒီနဟ်မြို့ထဲသို့ ထွက်ခွါလာခဲ့သည်။ ချစ်နဗီနှင့် ဗနီနဂျ်ဂျာရ်မ့ မျိုးနွယ်ဝင်များက ဓါးများသိုင်းလျက် ဝန်းရံကာလိုက်ပါလာခဲ့ သည်။ သာဝကကြီး အဗူဗက်ရ်သည် ချစ်နဗီနောက်တွင် လိုက်ပါလာခဲ့သည်။ စာလင်မ်ဗင်နဲ့အောင့်ဖ်မျိုးနွယ်နေထိုင်ရာရောက်သောအခါ ဂျူမုအဟ်ဆွလားဟ် ဝတ်ပြုခဲ့သည်။ ထိုလျှိုမြောင် ရှိ ဗလီတွင်စုရုံးခဲ့ပြီး ဆွလားဟ်ဝတ်ပြုခဲ့သည်။ စုစုပေါင်းလူဦးရေမှာ (၁၀၀)ဖြစ်သည်။

မဒီနဟ်မြို့တွင်းသို့ဝင်ရောက်ခြင်း

ဂျူမုအဟ်ဆွလားဟ် ဝတ်ပြုပြီးနောက် ချစ်နဗီသည် မဒီနဟ်မြို့တွင်းသို့ဝင်ရောက်ခဲ့သည်။ ထိုနေ့မှစ၍ ချစ်နဗီမြို့တော်ဟုခေါ်ဝေါ်ခဲ့ကြသည်။ သမိုင်းဝင်နေ့ရက်ဖြစ်ခဲ့ပြီး မဒီနဟ်တခွင်တွင် သက်ဗီးရ်၊သတ်စ်ဗီးဟ်သံများညံမစဲဖြစ်ခဲ့သည်။

အန်ဆွာရီများသည် ချမ်းသာကြွယ်ဝသူများမဟုတ်သော်ငြားလည်း အားလုံးက ချစ်နဗီကိုမိမိတို့အိမ်တွင် စတည်းချရန်လိုလားခဲ့ကြသည်။ အိမ်တစ်အိမ်က

ဖြတ်သွားလေတိုင်း ကုလားအုတ်ဇက်ကြိုးအား ကိုင်တွယ်ခဲ့ ကြသည်။ ချစ်နဗီက သူမအားလွှတ်ပေးလိုက်ပါ။ သူမသည် အမိန့်ရပြီးသား ဖြစ်သည်ဟု မိန့်ကြား ခဲ့သည်။ ကုလားအုတ်သည် သွားနေမြဲသွားနေရင်း မတ်စ်ဂျေဒ် နဗဝီရှိရာနေရာတွင် ထိုင်ချခဲ့သည်။

ထိုနေရာသည် ချစ်နဗီ၏ ဦးလေးတော်စပ်ရာ နဂျ်ဂျာရ်မျိုးနွယ်စုများ နေထိုင်ရာနေရာဖြစ်သည်။

လူအများက ချစ်နဗီအား မိမိတို့ထံတွင် တည်းခိုရန် ပြောဆိုခဲ့ကြ သည်။ အဗူအိုင်ယူးဗ်သည် ချစ်နဗီအစီးအနင်းအား အလျင် အမြန်အိမ်ထဲသို့ သွင်းခဲ့သည်။ ချစ်နဗီက “အမျိုးသားသည် သူ့မိသားစုနှင့်သာရှိမည်”ဟု အမိန့် ရှိတော်မူခဲ့သည်။ အတ်စ်အဒ်ဗင်နဲ့ဇုရာရဟ် ရောက်လာခဲ့ပြီး အစီးအနင်း ဇတ်ကြိုး ကိုင်ကာ မိမိထံတွင်ထားခဲ့သည်။

အစ္စလာမ့်ဝန်းကျင်တည်ထောင်ခြင်း

ဗလီတည်ဆောက်ခြင်း

ချစ်နဗီရောက်ရှိလာခဲ့ပြီနောက် ခြေလှမ်းအစအနေဖြင့် ဦးစွာပြုလုပ်ခဲ့သည့်အရာမှာ မတ်စ်ဂျေ့ဒ်နဗဝီတည်ဆောက်ခြင်းဖြစ်သည်။ မတ်စ်ဂျေ့ဒ်နဗဝီအားကုလားအုတ်ထိုင်ခဲ့သောနေရာတွင် ဆောက်လုပ်ခဲ့သည်။ မိဘမဲ့ကလေးနှစ်ဦးထံမှ ဝယ်ယူခဲ့ပြီး ဆောက်လုပ်ရေးတွင် မိမိကိုယ်တိုင်ပါဝင်ခဲ့သည်။ သဲ၊ကျောက်များ ကိုယ်တိုင်သယ်ယူရင်း အောက်ပါ ကဗျာဒုအာရွတ်ဆိုခဲ့သည်။

“အိုအရှင် ရှင်သန်မှုသည် အာခိရသ်၏ရှင်သန်မှုသာရှိ၏၊
အန်ဆွာရီနှင့်မုဟာဂျိရ်များအား သနားကရုဏာသက်စေပါ။”

မုဟာဂျိရ်များနှင့် အန်ဆွာရီများကြား ညီနောင်ဖွဲ့ပေးခြင်း

လူမှုအစုအရုံးရေးရာ ဗလီတည်ဆောက်ရေးစီမံကိန်းပြီးသည့်နောက် ချစ်နဗီသည် တခြားသောစီမံကိန်းတစ်ခုပြုလုပ်ခဲ့သည်။ သမိုင်းတလျောက် ရင်သပ်ဖွယ်ကောင်းသော စီမံကိန်းဖြစ်သည်။ မုဟာဂျိရ်များနှင့် အန်ဆွာရီများအကြားညီနောင်ဖွဲ့ပေးခြင်း စီမံကိန်းဖြစ်သည်။ လူဦးရေ (၉၀) ပါဝင်သော မုဟာဂျိရ်များနှင့် အန်ဆွာရီများအား သဘဝကြီးအနတ်စ်ဗင်နမာလို့က်အိမ်တွင် ညီနောင်မဟာမိတ်ဖွဲ့ပေးခဲ့သည်။

ညီနောင်ဖွဲ့ပေးခြင်းဖြင့် တစ်ဦးအပေါ်တစ်ဦး ဦးစာပေးစာနာမှုများ၊ ကောင်းမှုပြုမှုများသည် ပတ်ဝန်းကျင်အသစ်အတွက် ပြောင်မြောက်သော စံနမူနာများဖြစ်ခဲ့သည်။

ဤအမြော်အမြင်၊စီမံကိန်းများဖြင့် ချစ်နဗီသည် ပတ်ဝန်းကျင်သစ်တစ်ခုအား အုတ်မြစ်ချ ထူထောင်ခဲ့သည်။ ချစ်နဗီ၏အနီးအပါးတွင်

ဆွဟာဗဟ်များ စံစားခဲ့သည့်အရာများအား ရှင်းလင်းနေသော ပုံရိပ်လွှာ ဖြစ်ခဲ့သည်။ ချစ်နဗီသည် ဆွဟာဗဟ်များအား သင်ကြားရေး၊ ပြုစုပျိုးထောင်ရေး၊ အတွင်းစိတ်သန့်စင်ပေးခြင်း၊ မွန်ရည်သောအကျင့်စာရိတ္တမွန်များ ရှိစေရန် လှုံ့ဆော်ပေးခြင်း စသည်ဖြင့် အနီးကပ်စောင့်ကြပ်ပေးခဲ့သည်။ ချစ်ခြင်းတရား၊ ညီနောင်စိတ်နှင့် မွတ်မြတ်ခြင်းဂုဏ်ရည်များရရှိစေရန် ကျနစွာသွန်သင်ပဲ့ပြင်ပေးခဲ့သည်။

ဂျူးများနှင့် သံတမန်ရေးထူထောင်ခြင်း

ချစ်နဗီသည် မုစ်လင်မ်များအကြား အစ္စလာမ့်စည်းလုံးညီညွတ်ရေး အတွက် အခြေခံအုတ်မြစ်များ အခိုင်အမာထူထောင်ပြီးနောက် တခြားသူများ နှင့်ဆက်ဆံရေးထူထောင်ရန် ခြေလှမ်းစခဲ့သည်။ ထိုသို့ထူထောင်ရခြင်း၏ ရည်ရွယ်ချက်မှာ စည်းလုံးသောပြည်ထောင်စုထူထောင်ခြင်းနှင့်အတူ လူသားထု တစ်ရပ်လုံး ငြိမ်းချမ်းရေးရရှိစေရန်ဖြစ်သည်။ ထို့ကြောင့် ချစ်နဗီသည် အစွန်းရောက်မှုများဖြင့်ပြည့်လျှံနေသော ကမ္ဘာအတွက် မရင်းနှီးသေးသော အပြန်အလှန်နားလည်ခွင့်လွှတ်ရေးနှင့် ချစ်ခြင်းမေတ္တာထားရှိရေး အခြေခံ ဥပဒေများချမှတ်ခဲ့သည်။

မဒီနဟ်နှင့်အနီးစပ်ဆုံး အိမ်နီးချင်းမှာ ဂျူးများဖြစ်သည်။ ဂျူးများသည် မုစ်လင်မ်များအား အတွင်းစိတ်၌ ရန်ငြိုးထားသော်လည်း မုစ်လင်မ်များနှင့် ဆန့်ကျင်ဘက် မည်သည့်အရာမျှ မထုတ်ဖော်ခဲ့ပေ။ ချစ်နဗီသည် ဂျူးများဖြင့် ဆက်ဆံရေးထူထောင်ခဲ့ပြီး သာဘာရေးနှင့် ငွေကြေးကဏ္ဍများတွင် လွတ်လပ်ခွင့်ပြုခဲ့သည်။

ဤကဲ့သို့ စာချုပ်များချုပ်ဆိုပြီးနောက် မဒီနဟ်အပါအဝင် ကပ်လျက်ရှိနေသော နေရာများသည် တိုင်းပြင်တစ်ခုအသွင်ဖြစ်လာခဲ့ပြီး မဒီနဟ်သည် ရုံးစိုက်ရာမြို့ဖြစ်ခဲ့သည်။ ချစ်နဗီသည် အုပ်ချုပ်သူဖြစ်ခဲ့ပြီး အချုပ်အခြာအာဏာသည် မုစ်လင်မ်များလက်ဝယ်သာရှိခဲ့သည်။

ဂျေဟားဒ် စစ်မက်တိုက်ခိုက်ရေးမူဝါဒ

ကိုရိုက်ရှ်၏အဆက်မပြတ်ရန်လိုတိုက်ခိုက်မှု

ကိုရိုက်ရှ်သည် မုစ်လင်မ်များအား မက္ကာဟ်တွင်ရှိနေစဉ်ဒုက္ခအဖုံဖုံ ပေးခဲ့ကြသည်။ ဟစ်ဂျ်ရသ်ကာလအတွင်းမှာလည်း အမျိုးမျိုးကြံစည်ခဲ့ကြသည်။ မုစ်လင်မ်များ မဒီနဟ်သို့ရောက်ရှိလာပြီး နောက်ပိုင်းတွင်လည်း ပိုမိုဒုက္ခပေးရန် ကြံစည်မြဲကြံစည်ခဲ့ကြသည်။ ဟစ်ဂျ်ရဟ်မတိုင်မီ မဒီနဟ်မြို့ကို အုပ်ချုပ်သူဖြစ်ရန် ရေပန်းစားခဲ့သော အဗ်ဒုလ္လာဟ်ဗင်န် အိုဗိုင်ယ် ဗင်န် စလူးလ်ထံ စာလွှာပေးပို့ပြီး ချစ်နဗီအားနောက်ကွယ်မှ သစ္စာဖောက်ရန် သဘောတူညီခဲ့ကြသည်။ ကိုရိုက်ရှ်သည် အဆုံးစွန်ထိကြိုးပမ်းခဲ့သည်။ ချစ်နဗီနှင့်မုစ်လင်မ်များအား မိမိတို့လက်ချက်ဖြင့် အဆုံးစီရင်မည်ဟု တွေးတောခဲ့ကြသည်။

စစ်မက်တိုက်ခိုက်ခွင့်ရရှိခြင်း

အထက်ပါအခြေအနေများကြောင့် မဒီနဟ်ရှိ မုစ်လင်မ်အသိုင်းအဝိုင်းအတွက် ကြီးမားသောအန္တရာယ်များကျရောက်နေခဲ့သည်။ အလ္လာဟ်အရှင်မြတ် ဘက်မှ စစ်မက်တိုက်ခိုက်ခွင့်ပေးခဲ့သည်။

စစ်မက်တိုက်ခိုက်မှု၏ ပထမသက်ရောက်မှုသည် ကိုရိုက်ရှ်များနှင့်သာဖြစ်သည်။ ပြီးနောက် အခြေအနေပေါ်မူတည်ကာ ကိုရိုက်ရှ်အပြင် အခြားသူများနှင့်ပါ စစ်မက်တိုက်ခိုက်ရေး အနီရောင်အဆင့်ရောက်ရှိခဲ့ခြင်းဖြစ် သည်။

ဘဒ်ရ်စစ်ပွဲမတိုင်မီ စစ်ရေးလှုပ်ရှားမှုများ

ဂျေဟားဒ်အမိန့်ကျရောက်ပြီးနောက် မုစ်လင်မ်များသည် ပထမအဆင့်အနေဖြင့် ထောက်လှမ်းရေးစစ်ဆင်ရေးပြုလုပ်ခဲ့ကြသည်။ ထိုစစ်ဆင်

ရေးအတွင်း မဒီနဟ်ပတ်ဝန်းကျင် နှင့် မက္ကာဟ်သွားရာ လမ်းကြောင်းများ အတွင်း စုံစမ်းထောက်လှမ်းရေးပြုလုပ်ခြင်း၊ မက္ကာဟ်-မဒီနဟ်လမ်းကြော အတွင်းရှိ မျိုးနွယ်စုများနှင့် မဟာမိတ်ဖွဲ့ခြင်း ၊ မဒီနဟ်ရှိ မုစ်ရ်ရစ်ကဲ်များ၊ ဂျူး--များနှင့် မဒီနဟ်ပတ်ဝန်းကျင်ရှိသူများအား မုစ်လင်မ့်အင်အားအား ပြသခြင်း စသည့်ရည်ရွယ်ချက်များပါဝင်သည်။ ထို့အတူ မုစ်လင်မ်များသည် အင်အား ချည့်နဲ့ခြင်းမရှိတော့ခြင်း၊ ကိုရိုက်ရ်များအား ၎င်းတို့ရာဇဝတ်မှုများနှင့် ပတ်--သတ်ပြီး သတိပေးခြင်း စသည့်အရာများလည်း ပါဝင်သည်။ မုစ်လင်မ်များ၏ ရှေ့ပြေးလှုပ်ရှားမှုများကြောင့် ကိုရိုက်ရ်များသည် မိမိတို့အကျိုးစီးပွား အပေါ် စိုးရိမ်မကင်းဖြစ်လာပြီး မုစ်လင်မ်များအား ငြိမ်းချမ်း ရေးကမ်းလှမ်း လာစေရန် လည်းဖြစ်သည်။ မုစ်လင်မ်များ၏ စစ်ဆင်ရေးများကြောင့် မက္ကာဟ်ရှိ မုစ်လင်မ် များအပေါ် ညှင်းပန်းနှိပ်စက်မှုများ ဟန့်တားနိုင်ခဲ့သည်။ နောက်ဆုံး အရဗ် ကျွန်းဆွယ်ခွင်တွင် အစွမ်လာမ့်တရားများအား လွတ်လပ်စွာ ပိုမို ပို့ချနိုင်ခဲ့သည်။

ရှေ့ပြေးတပ်စိတ်များ၏ စစ်ဆင်ရေးများကြောင့် ကိုရိုက်ရ်များ စိုးရိမ် မကင်းဖြစ်လာခဲ့သည်။ ကြီးမားသောအန္တရာယ်ကျရောက်မည်အား ရိပ်စား မိခဲ့သည်။ မိမိတို့စိုးရိမ်နေခဲ့သော အရာသည်လက်တွေ့ဖြစ်လာခဲ့သည်။ မဒီနဟ်သည် ကိုရိုက်ရ်များ၏ စီးပွားရေးလမ်းကြောင်းများအား သတိကြီးစွာ ဖြင့် စောင့်ကြည့်နေသည်အား သိရှိခဲ့သည်။ မုစ်လင်မ်များသည်လည်း ခန့်မှန်း ခြေ မိုင်(၃၀၀)ဝန်းကျင်အထိ ချီတက်လာနိုင်ခဲ့သည်။

ဗဒ်ရ်ကွဗ်ရာ စစ်ပွဲ

ဖြစ်ပွားမှု အကြောင်းအရင်း

အိုရှိုင်ရဟ်စစ်ပွဲအတွင်း ကိုရိုက်ရှ်ကုန်သည်အဖွဲ့သည် ချစ်နဗီလက်မှ လွတ်မြောက်သွားခဲ့သည်။ ထို့ကြောင့်ချစ်နဗီသည် ထိုကုန်သည်အဖွဲ့သည် ဆီရီယားမှ မက္ကာဟ်သို့ပြန်လာချိန်နီးကပ်သောအခါ ချစ်နဗီသည် ထောက်လှမ်းရန်အတွက် သွလ်ဟဟ်ဗင်န်အိုဗိုင်ဒုလ္လာဟ် နှင့် စအီးဒ်ဗင်န်ဇိုက်ဒ်တို့အား မြောက်အရပ်သို့ စေလွှတ်ခဲ့သည်။ ဟောင်ရာအ်နေရာအား ရောက်ရှိလာချိန် အဗူစွဖ်ယားန် ဦးဆောင်သော ကုန်သည်အဖွဲ့ ဖြတ်သန်းလာသည့်အခါ မဒီနဟ်သို့ အလျင်အမြန်သတင်းပို့ခဲ့သည်။

ကုန်သည်အဖွဲ့သည် မက္ကာဟ်ခေါင်းဆောင်ပိုင်းများ၏ ပိုင်ဆိုင်မှုများအား သယ်ဆောင်လာခဲ့သည်။ ကုန်သည်အဖွဲ့အတွင်း ရွှေဒင်္ဂါး ငါးသောင်းထက်မနည်းသော ကုန်ပစ္စည်းများအား သယ်ဆောင်သော ကုလားအုပ် အကောင်ရေ (၁၀၀၀) ပါဝင်သည်။ စစ်သည်များမပါဝင်ခဲ့ဘဲ လူဦးရေ (၄၀)သာပါဝင်ခဲ့သည်။

မက္ကာဟ်သားများအား စီးပွားရေးထိုးနှက်တိုက်ခိုက်ရန် မုစ်လင်မ်များအတွက် ကြီးမားသောအခွင့်အရေးဖြစ်သည်။ ဤထိုးနှက်တိုက်ခိုက်မှုအောင်မြင်ပါက မက္ကာဟ်သားများ အမြဲတစေနာကျင်နေမည်ဖြစ်သည်။ ချစ်နဗီက ယခုဆီရီးယားမှပြန်လာနေသော ကုန်သည်အုပ်စုသည် ကိုရိုက်ရှ် ပိုင်ဆိုင် မှုများသယ်ဆောင်လာသော ကုန်သည်အုပ်စုဖြစ်သည်။ အသင်တို့ ထိုကုန်သည်ထံသွားကြပါ။ အသင်တို့အဖို့ မက္ကာဟ်တွင်ချန်ထားခဲ့ရသော ဥစ္စာပစ္စည်းများ၏ အစားအနေဖြင့်ရရှိနိုင်ပေမည် ဟုကြေညာခဲ့သည်။

ချစ်နဗီသည် မည်သူ့ကိုမျှထွက်ခွါအမိန့်မပေးခဲ့ပါ။ လိုလားနှစ်သက်သူ သာလျှင်ထွက်ခွါနိုင်ကြောင်းကြေညာခဲ့သည်။ ချစ်နဗီသည် ကုန်သည်အုပ်စု အစား မက္ကာဟ်ရှိစစ်တပ်နှင့် ထိပ်တိုက်တွေ့ဆုံရန် မမျှော်လင့်ခဲ့ပေ။ ထို့ကြောင့် ဆွဟာဗဟ်အများစုမပါဝင်ခဲ့ပါ။ ဆွာဟာဗဟ်များက ချစ်နဗီ၏ ယခုတစ်ကြိမ် ထွက်ခွါမှုသည် ယခင်ရှေ့ပြေးတပ်များစစ်ဆင်ရေးထက်မပိုဟု ထင်ခဲ့ကြသည်။ထို့ကြောင့် ဤစစ်ပွဲတွင် နောက်ချန်နေရစ်ခဲ့သူများသည် ပြစ်တင်ခြင်းမခံခဲ့ရပါ။

မုစ်လင်မ်စစ်တပ် စစ်ရေးလှုပ်ရှားမှု

ချစ်နဗီသည် မိမိနှင့်အတူထွက်ခွါရန်စစ်သည် (၃၁၃) ဦးခန့်ကို အသင့်ပြင်ခဲ့သည်။ ချစ်နဗီသည် စစ်တပ်နှင့်အတူ စစ်မက်တိုက်ခိုက်ရန် မရည်ရွယ်ခဲ့ဘဲ မဒီနဟ်မှ မက္ကာဟ်လမ်းမကြီးအတိုင်း ထွက်လာခဲ့ပြီး ရောင်ဟာအ်ရေတွင်းထိရောက်လာခဲ့သည်။ ထိုနေရာရောက်သောအခါ မက္ကာဟ်လမ်းမကြီးလက်ဝဲ ဘက်တိုင်းမသွားတော့ဘဲ ညာဘက်ပြောင်းခဲ့ကာ ဆွဖ်ရ့အ် အနီးရှိ ဗဒ်ရ်အားဦးတည်ထွက်ခွါလာခဲ့သည်။ ထိုနေရာရောက်သောအခါ ဆွာဟာဗဟ် နှစ်ဦးအား စေလွှတ်ခဲ့ပြီး ဗဒ်ရ်တွင် ထောက်လှမ်းစေခဲ့သည်။

ချစ်နဗီ၏ ကွပ်ကွဲရေးဌာနချုပ်

မုစ်လင်များသည် ရေတွင်းအနီးစခန်းချပြီးနောက် စအ်ဒ်ဗင်နမုအားဇ်ﷺသည် ချစ်နဗီအား အရေးပေါ်ဆုံးဖြတ်ရန် ကွပ်ကွဲရေးဌာန တည်ဆောက်ရန် အကြံပြုခဲ့သည်။ ချစ်နဗီသည် အကြံပြုသူအား ချီးမွမ်းခဲ့ပြီး စစ်မြေပြင်၏ အရှေ့မြောက်ဘက်ရှိ ကုန်းမြင့်တစ်ခုတွင် တဲတစ်ခုတည် ဆောက်ခဲ့သည်။ ထိုကုန်းမြင့်မှ စစ်မြေပြင်အား လှမ်းကြည့်နိုင်မည်။ စအ်ဒ်ဗင်နမုအားဇ်၏

ဦးဆောင်မှုဖြင့် ကွပ်ကဲရေးဌာန အနီးတွင် ချစ်နဗီအား စောင့်ကြပ်ရန် အန်ဆွာရီလူငယ်တပ်စုတစ်စုအား ရွေးချယ်ခဲ့သည်။

စစ်တပ်နှစ်ခု ထိပ်တိုက်တွေ့ခြင်း

စစ်တပ်နှစ်ခုထိပ်တိုက်တွေ့သောအခါ ချစ်နဗီက အိုအရှင် ကိုရိုက်ရှ် စစ်တပ်သည် မြင်းတပ်များဖြင့် မာနထောင်လွှားကာ ချီတက်လာကြပါပြီ။ အရှင့်အားစိန်ခေါ်ကြပြီး အရှင့်တမန်တော်အား လိမ်လည်သူဟု စွတ်စွဲကြသည်။ အိုအရှင် အရှင်ကတိပေးထားသော အောင်နိုင်မှုအား ချီးမြှင့်တော်မူပါ။ ဟုတောင်းဆုပြုခဲ့သည်။

စစ်ပွဲစတင်ခြင်း

အတ်စ်ဝတ်ဒ်ဗင်နှ် အဗ္ဒဒုလ်အစဒ် မခ်ဇူမီထွက်လာခဲ့ပြီး မုစ်လင်မ်များ၏ ရေတွင်းမှ ကျွန်ုပ် ရေသောက်မည်(သို့မဟုတ်) ထိုရေတွင်း အား ဖျက်ဆီးမည် (သို့မဟုတ်) တခြားနေရာတွင် ကျွန်ုပ်သေဆုံးရမည်ဟု ကျိန်ဆိုခဲ့သည်။

အတ်စ်ဝတ်ဒ်ထွက်လာသောအခါ ဟမ်ဇဟ်ဗင်နှ်အဗ်ဒုလ်မွတ်သွ်လစ်ဗ် သည်လည်း ထွက်လာခဲ့သည်။ နှစ်ဦးထိပ်တိုက်တွေ့သောအခါ ဟမ်ဇဟ်သခင်က အတ်စ်ဝတ်ဒ်ခြေထောက်တစ်ဝက်အား ရေကန်အနီးတွင် ဖြတ်တောက်လိုက်သည်။ အောက်သို့ပြုတ်ကျသွားခဲ့ပြီး ခြေထောက်တွင် သွေးများဖြာစင်းနေခဲ့သည်။ မိမိ၏ကျိန်ဆိုမှုအထမြောက်ရန် ပြီးနောက် ရေကန်ဆီ အတင်းအဓမ္မ တရွတ်တိုက်သွားခဲ့သည်။ သို့သော်ဟမ်ဇဟ် သည် ၎င်းအားပြန်ဆွဲလှည့်ခဲ့ပြီး ဓါးဖြင့်နောက်တစ်ချက်ခုတ်ခဲ့ပြီး ရေကန်အနီးမှာပင် အဆုံးစီရင်ခဲ့သည်။

ဤအဆုံးစီရင်မှုသည် စစ်ပွဲမီးစအားစတင်တောက်လောက်စေခဲ့သည်။ ပြီးနောက်တွင် ကိုရိုက်မျိုးနွယ်မိသားစုတစ်စုတည်းမှ လက်ရွေးစင်သုံးဦးသည် စီးချင်းထိုးရန်ထွက်လာခဲ့သည်။ ထိုသုံးဦးမှာ အုသ်ဗဟ်ဗင်ရဗီအဟ်၊ ရှိုင်ဗဟ်ဗင်နဲရဗီအဟ်နှင့် ဝလီးဒ်ဗင်နဲ အုသ်ဗဟ်တို့ဖြစ်သည်။ စစ်တန်းမှထွက်လာပြီးနောက် စီးချင်းထိုးတိုက်ခိုက်ရန် စိန်ခေါ်ခဲ့သည်။

အန်ဆွာရီထဲမှ လူငယ်နှစ်ဦးဖြစ်သူ အောင်ဖ်ဗင်နဲ အဖ်ရာ့အ်၊ မုအောင်ဝစ်ဇ်ဗင်နဲ အဖ်ရာ့အ် နှင့် အဗ်ဒုလ္လာဟ်ဗင်နဲ ရဝါဟာဟ် ထွက်လာခဲ့သည်။ ကိုရိုက်ရှ်က အသင်တို့သည် ကျွန်ုပ်တို့နှင့် တန်းတူသူများမဟုတ်ပါ။ ကျွန်ုပ်တို့မျိုးရိုးထဲမှထွက်လာရမည်ဟု ပြောကြားခဲ့ သည်။ ချစ်နဗီက အိုဗိုင်ဒဟ်ဗင်နဲ ဟာရစ်ဆ်၊ ဟမ်ဇဟ်နှင့် အလီ ﷺ တို့အား စီးချင်းထိုးရန် ထွက်စေခဲ့သည်။ အိုဗိုင်ဒဟ်သည် အုသ်ဗဟ်၊ ဟမ်ဇဟ်သည် ရှိုင်ဗဟ်၊ အလီသည် ဝလီးဒ်နှင့် အသီးသီးစီးချင်းထိုးခဲ့သည်။

ဟမ်ဇဟ်နှင့်အလီသည် မိမိတို့ရန်သူအသီးသီးအား သုတ်သင်ခဲ့သည်။ အိုဗိုင်ဒဟ်သည် အပြန်အလှည့်တစ်ချက်ဆီ ထိခိုက်မိခဲ့သည်။ ထို့နောက် ဟမ်ဇဟ်နှင့်အလီသည် အုစ်သ်ဗဟ်အား သုတ်သင်ခဲ့သည်။ အိုဗိုင်ဒဟ်အား မ,ယူလာခဲ့သည်။ အိုဗိုင်ဒဟ်ခြေထောက်ပြတ်သွားခဲ့ရသည်။ သွေးများအဆက်မပြတ်ထွက်လာခဲ့ပြီး ဘဒ်ရ်စစ်ပွဲမှအပြန် မဒီနဟ်လမ်းတွင် ရှဟီးဒ်ဖြစ်သေဆုံးခဲ့ရသည်။

နှစ်ဖက်စစ်တပ် ရင်ဆိုင်ခြင်း

စစ်ပွဲအဆုံးသတ်သည် မုစ်ရှ်ရစ်ကျားအတွက် နိဂုံးဆိုးခဲ့သည်။ ထိပ်သီးမြင်းစီးစစ်သည် သုံးဦးနှင့် ခေါင်းဆောင်ပိုင်းအချို့ တစ်သုတ်တည်း ရှင်းလင်းခံခဲ့ရသည်။

မုစ်လင်မ်များသည် အလွှာဟ်အရှင်မြတ်ကိုကိုးစားမှုဖြင့် အောင်မြင်ခဲ့သည်။ တစ်ဖက်ရန်သူအား အဆက်မပြတ်တိုက်ခိုက်ခဲ့ပြီး ဆုံးရှုံးမှုကြီးမားစေခဲ့သည်။

ဗနီကိုင်နိုကာ့အ် စစ်ပွဲ

ချစ်နဗီသည် ဂျူးများနှင့် ကတိကဝတ်စာချုပ်များချုပ်ဆိုခဲ့သည်။ စာချုပ်ပါအချက်များအတိုင်း အကောင်ထည်ဖော်ခဲ့ကြသည်။ မုစ်လင်မ်များသည် စာချုပ်စည်းကမ်းချက်များအတိုင်း နေထိုင်ခဲ့ကြသည်။ သို့သော် သမိုင်းတလျောက် လှည့်ဖြားခဲ့ကြသည့် ဂျူးများသည် ၎င်းတို့အကျင့်အတိုင်း ကတိသစ္စာ ချိုးဖောက်ခဲ့ကြသည်။ မုစ်လင်မ်များအတွင်း အကြံအစည်များ၊ ထိတ်လန့်စေမှု များအားဖန်တီးခဲ့ကြသည်။မုစ်လင်မ်များ ဗဒ်ရ်စစ်မြေပြင်တွင် အောင်နိုင်ခဲ့ပြီးနောက် ဂျူးများ၏ရန်လိုစိတ်များ ပွင့်ထွက်လာခဲ့သည်။ ဂျူးအဖွဲ့အစည်းများ ထဲတွင် အဆိုးရွားဆုံးမှာ ကိုင်နိုကားအ်ဂျူးများဖြစ်သည်။ မဒီနဟ်မြို့တွင်းရှိ ဂျူးရပ်ကွက် ကိုင်နိုကားအ်တွင် နေထိုင်သူများဖြစ်သည်။ ပန်းတိမ်၊ ပန်းပဲနှင့် အိုးခွက်ပန်းကန်လုပ်ငန်း လုပ်ကိုင်သူများဖြစ်ကြသည်။ ထို့ကြောင့် ၎င်းတို့တွင် စစ်လက်နက်သုံးပစ္စည်းများ လုံလောက်စွာရှိကြပြီး စစ်မက်တိုက်ခိုက်သူ အရေအတွက်မှာ (၇၀၀) ရှိသည်။ မဒီနဟ်ရှိ အင်အား အကောင်းဆုံး ဂျူးများဖြစ်ကြသည်။ ဂျူးများထဲမှ ပထမဦးဆုံး စာချုပ် ချိုးဖောက်ခဲ့သူများဖြစ်ကြသည်။ ဗဒ်ရ်တွင် မုစ်လင်မ်များ၏ စစ်အောင်နိုင်မှုသည် ၎င်းတို့အမုန်းတရားများကို ပိုမိုပြင်းထန်လာစေခဲ့သည်။ မတည်ငြိမ်မှု၊ ပဋိပက္ခများအားဖန်တီးခဲ့ကြသည်။ လှောင်ပြောင်စော်ကားခဲ့ကြသည်။ ၎င်းတို့စေ့းအတွင်းလာရောက်သူ မုစ်လင်မ်များအား ဒုက္ခများပေးခဲ့သည်။ မုစ်လင်မ်အမျိုးသမီးများအား ထိကပါးရိကပါးပြုလုပ်ခဲ့ကြသည်။

ဂျူးများ၏ အန္တရာယ်ကြီးထွားလာချိန် ချစ်နဗီသည် ၎င်းတို့အား ဆင့်ခေါ်ခဲ့ပြီး ဆုံးမခဲ့သည်။ ပုန်ကန်မှုနှိုးရလဒ်အား သတိပေးခဲ့သည်။

သို့သော်လည်း ၎င်းတို့သည် ပုန်ကန်မှုအား ပိုမိုအတင့်ရဲစွာပြုလုပ်လာခဲ့ကြသည်။

အရဗ်အမျိုးသမီးတစ်ဦးသည် မိမိလက်ဝတ်ပစ္စည်းအား ဂျူးဈေးထဲတွင် ရောင်းခဲ့ပြီး ပန်းထိမ်သမားထံတွင်ထိုင်နေခဲ့သည်။ ထိုအခါ ဂျူးများက ထိုအမျိုးသမီးအားမျက်နှာပြရန် ဖိအားပေးခဲ့ကြသည်။ အမျိုးသမီးက ငြင်းဆိုခဲ့သည်။ ပန်းထိမ်သမားသည် အမျိုးသမီးသတိမထားချိန် ခြုံထည်အနားစအား ကျောတွင်ချည်ခဲ့သည်။ အမျိုးသမီးမတ်တပ်ရပ်သောအခါ အရှက်ပေါ်သွားချိန်ငင်းတို့က ရယ်မောနေခဲ့ကြသည်။ အမျိုးသမီးမှ ကျယ်လောင်စွာဟစ်အော်ခဲ့သည်။ မုစ်လင်မ်အမျိုးသားတစ်ဦးမှ ပန်းထိမ်သမားအား သတ်ဖြတ်ခဲ့သည်။ ဂျူးများသည် ၎င်းမုစ်လင်မ်အားဝိုင်းဝန်းသတ်ဖြတ်ခဲ့သည်။ မုစ်လင်မ်များနှင့် ဂျူးများအကြားပဋိပက္ခများကြီးထွားလာခဲ့သည်။

စစ်ဆင်နွှဲခြင်း

ချစ်နဗီ၏သည်းခံနိုင်မှုကုန်ဆုံးခဲ့ပြီး မဒီနဟ်တွင် အဗူလုဗာဗဟ် ဗင်နအဗ်ဒုလ်မွန်ဇေရ်အား ကိုယ်စားလှယ်ခန့်အပ်ခဲ့ပြီး ဟမ်ဇဟ်ဗင်နအဗ်ဒုလ်မွတ်သွ်လစ်ဗ်အား စစ်အလံကိုင်ခန့်အပ်ကာ အစ္စလာမ့်စစ်တပ်ဖြင့် ကိုင်နိုကားအ်ဆီချီတက်လာခဲ့သည်။ မုစ်လင်မ့်စစ်တပ်အားဂျူးများ မြင်တွေ့သည့်အခါ ခံတပ်များအတွင်းခိုလှုံခဲ့ကြသည်။ အချိန်မှာ ဟစ်ဂျ်ရီ (၂) ခုနှစ် ရှောင်ဝလ်လအလယ်တွင်ဖြစ်သည်။ အစ္စလာမ့်စစ်တပ်သည် ဇုလ်ကအ်ဒဟ် (၁၅)ရက်နေ့အထိ (၁၅)ညတိုင်တိုင် ဝန်းရံပိတ်ဆို့ခဲ့သည်။ ဂျူးများစိတ်အတွင်း ကြောက်စိတ်များကိန်းအောင်းလာခဲ့ပြီး ချစ်နဗီ၏အမိန့်အောက် ရောက်ရှိလာခဲ့သည်။

မုနာဖစ်က်အကြီးအကဲဖြစ်သူ အဗ်ဒုလ္လာဟ် ဗင်န် အိုဗိုင့်ယ်ယစ်ဗ်နေ့ စလူးလ်သည် မိမိအရေခြုံဇောတ်အားအသက်သွင်းခဲ့ပြီး ခွင့်လွှတ်မှုပေးရန် ချစ်နဗီအား ဇွတ်တရွတ်တောင်းဆိုခဲ့သည်။ အစ္စလာမ်လက်ခံကြောင်း ထုတ်ဖော်ခဲ့ခြင်း တစ်လခန့်သာရှိသော အရေခြုံအား ချစ်နဗီသည် ကောင်းမွန်စွာဆက်ဆံခဲ့ပြီး ဂျူးများအားသူ့လက်အပ်နှင်းခဲ့ပြီး မဒီနဟ်နှင့် မဒီနဟ်ဝန်းကျင်မှ မောင်းထုတ်ရန်အမိန့်ပေးခဲ့သည်။ ထို့နောက် ဂျူးများအား ဆီရီးယားနယ်တဝိုက်တွင် နေထိုင်စေခဲ့သည်။ သိပ်မကြာမီမှာပင် နှင်ထုတ်ခံရသူများ သေကြေပျက်ဆီးခဲ့သည်။

ချစ်နဗီသည် ဂျူးတို့၏ပိုင်ဆိုင်မှုများအား သိမ်းဆည်းခဲ့သည်။ ထိုထဲမှ လေးဥချောင်း၊ သံချပ်ကာနှစ်ခု၊ ဓါးသုံးချောင်း၊ လှံသုံးချောင်းနှင့် သို့ပန်း၏ ၅ပုံ၁ပုံအားရယူခဲ့သည်။ သုံးပန်းများ စုဆောင်းရေးတာဝန်အား မုဟမ္မဒ် ဗင်န် မတ်စ်လမဟ်အား ပေးအပ်ခဲ့သည်။

ဤစစ်ပွဲပြီးနောက်ချစ်နဗီသည် စစ်ပွဲများ၊ တပ်စိတ်များစေလွှတ်ခြင်းများအား ဆောင်ရွက်ခဲ့သည်။ နောက်ဆုံး ကာဖိရ်နှင့်ဂျူးများရန်မှ တည်ငြိမ်အေးချမ်းခဲ့သည်။

ဇိုက်ဒ်ဗင်န် ဟာရေဆဟ် ﷺ တပ်စိတ်

ဤတပ်စိတ်သည် အုဟုဒ်စစ်ပွဲမတိုင်မီ နောက်ဆုံးအနေဖြင့် ချစ်နဗီစေလွှတ်ခဲ့သော အအောင်အမြင်ဆုံးတပ်စိတ်ဖြစ်သည်။ ဟစ်ဂျ်ရီ (၃) ခုနှစ် ဂျူမာဒလ်အာခိရဟ်လတွင် စေလွှတ်ခဲ့ခြင်းဖြစ်သည်။ ထိုချိန်သည် ဗဒ်ရ်စစ်ပွဲ အပြီး ကိုရိုက်ရှ်များဘေးကြပ်နံကြပ်ရောက်နေချိန်ဖြစ်သည်။ နွေရာသီအချိန်ခါ ရောက်လာခဲ့ပြီး ဆီရီးယားနိုင်ငံဆီ စီးပွားရေးရာသီ နီးကပ်လာချိန်ဖြစ်သည်။

ကိုရိုက်ရှ်တို့က ဆီရီးယားနိုင်ငံသို့သွားရောက်မည့် ကုန်သည်အဖွဲ့အား ဦးစီးရန် ဆွဖ်ဝါးန်ဗင်န် အိုမိုင်ယဟ်အားခန့်အပ်ထားသည်။ ဆွဖ်ဝါးန်က ပြောသည်။ မုဟမ္မဒ်နှင့်သူ့အပေါင်းအပါများက ကျွန်တော်တို့စီးပွားရေးအား အခက်တွေ့စေသည်။ ကမ်းခြေတလျောက်ရှိနေသည့် မုဟမ္မဒ်အပေါင်းအပါများအား မည်သို့ကိုင်တွယ်ရမည်အား ကျွန်တော်တို့ မသိပါ။ ကမ်းခြေရှိနေထိုင်သူများကလည်း မုဟမ္မဒ်နှင့် မဟာမိတ်ပြုထားသဖြင့် ကျွန်ုပ်တို့မည်သည့်ဘက်မှသွားရမည်အား နည်းလမ်းရှာမတွေ့ပါ။ မက္ကာဟ်တွင် နေထိုင်နေမည်ဆိုပါက ရင်းနှီးငွေများအားသုံးစွဲရမည်ဖြစ်ပြီးအရင်းအနှီးမ,တည်ငွေကျန်ရှိမည်မဟုတ်ပေ။ အသက်ရှင်နေထိုင်ရန် မက္ကာဟ်သားတို့သည် နွေအခါတွင် ဆီရီးယားနိုင်ငံ၊ ဆောင်းတွင်းတွင် အီသီယိုးဗီးယားသို့ ကူးသန်းရောင်းဝယ်ရေးပြုကြရသည်။

တချိန်တည်းမှာပင် ချစ်နဗီသည် မြင်းစီးစစ်သည် (၁၀၀)ရှိ စစ်တပ်အင်အားကို ဇိုက်ဒ်ဗင်ဟာရေဆဟ်အားဦးဆောင်စေကာ အသင့်ပြင်ခဲ့သည်။ ဇိုက်ဒ်ဦးဆောင်သော စစ်တပ်သည် အလျင်အမြန်ထွက်ခွါခဲ့ပြီး နဂျဒ်ရှိ ကစ်ရဒဟ်ရေကန်အနီးတွင် ကိုရိုက်ရှ်ကုန်သည်အဖွဲ့အား ရုတ်တရက်တိုက်

ခိုက်ခဲ့ပြီး အောင်နိုင်ခဲ့သည်။ ဆွဖဝါးန်ဦးဆောင်သော ကုန်သည်အဖွဲ့သည် ခုခံရန်မစွမ်းနိုင်ခဲ့ဘဲ ထွက်ပြေးခဲ့ကြသည်။

ဗဒ်ရ်စစ်ပွဲပြီးနောက် ကိုရိုက်ရှ်များအတွက် အနာကျင်ဆုံးသော ကပ်ဆိုက်မှုဖြစ်ခဲ့သည်။ အဆုံးအစွန်နာကျင်ခံစားခဲ့ရပြီးရွေးချယ်ရန်နည်းလမ်းနှစ်ခုသာကျန်ရှိတော့သည်ဖြစ်သည်။ ပထမနည်းလမ်းမှာ မိမိတို့မာန်မာနများ အားခဝါချကာ မုစ်လင်မ်များနှင့် ပြေလည်ရေးလုပ်ဆောင်ရန်ဖြစ်သည်။ ဒုတိယနည်းလမ်းမှာ မုစ်လင်မ်များအား ထိပ်တိုက်ရင်ဆိုင်စစ်မက်ခင်းရန် ဖြစ်သည်။ ကိုရိုက်ရှ်သည် မုစ်လင်မ်များအား အမြစ်ဖြတ်ရန်နှင့်အုပ်ချုပ်မှု အာဏာမပေးလိုသဖြင့် ဒုတိယနည်းလမ်းအားရွေးချယ်ခဲ့ပြီး ကျူးကျော်စစ်ဆင်နွှဲရန် အသင့်ပြင်ခဲ့ကြသည်။

အုဟုဒ်စစ်ပွဲ

လက်စားချေရန် ကိုရိုက်ရှ်၏အသင့်ပြင်မှု

ဗဒ်ရ်စစ်ပွဲတွင် မရှုမလှကျရှုံးမှုနှင့် ထိပ်သီးခေါင်းဆောင်များ ကျဆုံးမှုကြောင့် မက္ကာဟ်တွင် မုစ်လင်မ်များအပေါ် ဒေါသမီးတောက်လောင် နေခဲ့သည်။ သွေးကြွေးရယူကလဲ့စားချေရန် ဗလောင်ဆူနေခဲ့သည်။ မိမိတို့ ဝေဒနာများ မုစ်လင်မ်များမသိစေရန် အကျဉ်းသားရွေးမှုအား နောက်ဆိုင်း ထားခဲ့ပြီး သေဆုံးသူများအတွက်ငိုကြွေးခြင်းပါတားမြစ်ထားခဲ့သည်။

ဗဒ်ရ်စစ်ပွဲပြီးနောက် ကိုရိုက်ရှ်များသည် မိမိတို့ဒေါသများပြေငြိမ်းစေရန် မုစ်လင်မ်များအား အလုံးစုံ စစ်ခင်းရေးအတွက် သဘောတူညီခဲ့သည်။ စစ်ပွဲအတွက်ပြင်ဆင်ခဲ့ကြသည်။

စစ်ပွဲဆင်နွှဲရန်အတွက် အစ်က်ရေမဟ်ဗင်န်အဗီဂျဟ်လ်၊ ဆွဖ်ဝါးန်ဗင်န် အိုမိုင်ယဟ်၊ အဗူစွဖ်ယားန်ဗင်န်ဟရ်ဗ်၊ အဗ်ဒုလ္လာဟ်ဗင်န်အဘီရဘီအဟ် စသည့် ကိုရိုက်ရှ်ထိပ်သီးခေါင်းဆောင်ပိုင်းများက အားတက်သရောရှိနေခဲ့သည်။

ဇိုက်ဒ်ဗင်န်ဟာရေဆဟ်တပ်စိတ်၏ တိုက်ခိုက်မှုကြောင့် ကိုရိုက်ရှ်တို့၏စီးပွားရေး အထိနာခဲ့သည်။ နှစ်ပတ်လည်ပြီးချိန် ကိုရိုက်ရှ်များက မဟာမိတ်အပါအဝင် စစ်သည်အင်အား (၃၀၀၀) ထိစုဆောင်းနိုင်ခဲ့သည်။ ကိုရိုက်ရှ်ခေါင်းဆောင်ပိုင်းများက စစ်ပွဲတွင် စစ်သည်များရွတ်ရွတ်ခွံခွံ တိုက်ခိုက်ရန် အမျိုးသမီးများပါ,ပါဝင်ရန် ဆုံးဖြတ်ခဲ့သည်။ ပါဝင်ခဲ့သည့် အမျိုးသမီးအင်အားမှာ (၁၅) ဦးဖြစ်သည်။

အစ်လာမ့်စစ်တပ် ထွက်ခွာလာခြင်း

အစ်လာမ်စစ်တပ်သည် အုဟုဒ်တောင်ဆီ ဦးတည်ကာ မဒီနဟ်မှထွက်ခွါလာခဲ့သည်။ မဒီနဟ်နှင့် အုဟုကြားရှိနေရာတစ်နေရာဆီ ရောက်လာခဲ့သည်။ ညနေထိထိုနေရာမှာပင် စခန်းချနေထိုင်ခဲ့သည်။ မဂ်ရစ်ဗ်၊အေရှာ ဝတ်ပြုပြီးနောက်ညတာကုန်ဆုံးခဲ့သည်။ စစ်တပ်လုံခြုံရေး အတွက် အနီးတဝိုက်တွင် ကင်းလှည့်ရန် စစ်သည်(၅၀)ရွေးချယ်ခဲ့သည်။ ခေါင်းဆောင်အဖြစ် မုဟမ္မဒ်ဗင်န် မတ်စ်လမဟ် အန်ဆွာရီအား ခန့်အပ်ခဲ့သည်။ ဇက်ဝါးန်ဗင်န် အဗ်ဒုကိုင်းစ်အား ချစ်နဗီအတွက်သီးသန့်အစောင့် ခန့်အပ်ခဲ့သည်။

စစ်ပွဲစတင်ခြင်း

စစ်တပ်နှစ်ဖွဲ့နီးကပ်လာခဲ့သည်။ စစ်ရေးစတင်ရန်အသင့်ဖြစ်နေကြသည်။ စစ်မီးအရှိန်စတင်တောက်လောင်စေခဲ့သူမှာ ကာဖိရ်စစ်တပ်၏ အလံကိုင် အရဲရင့်ဆုံး မြင်းစီးစစ်သည် သွလ်ဟဟ်ဗင်န် အဗီသွလ်ဟဟ် အဗ်ဒရီ ဖြစ်သည်။ ကုလားအုတ်စီးနင်းကာထွက်လာခဲ့ပြီး စီးချင်းထိုးရန် ထွက်လာခဲ့ သည်။ မုစ်လင်မ်များထဲမှ စိန်ခေါ်မှုအား မဝံ့မရဲဖြစ်နေချိန် ဇိဗိုင်းရ်သခင်ထွက် လာခဲ့ပြီး ရန်သူအား တစ်မုဟုတ်ချင်းရင်ဆိုင်ကာ ရန်သူ့ ခါးနှင့်ပင် လည်ဖြတ်အဆုံးစီရင်ပေးခဲ့သည်။ ဤမှင်သက်ဖွယ် စီးချင်းအား ချစ်နဗီမြင်တွေ့ခဲ့ပြီး သက်ဗီးရ်ရွှတ်ဆိုခဲ့သည်။ မုတ်စ်လင်မ်များလည်း သက်ဗီးရ် ရွှတ်ဆိုခဲ့ကြသည်။

စစ်မီးအရှိန်အဟုန်ပြင်းထန်လာခဲ့သည်။ စစ်မြေပြင်အဝှမ်းတိုက်ခိုက်မှုများပြည့်နှက်နေခဲ့သည်။ ရန်သူများအရေးနိမ့်နေခဲ့ပြီး အလံကိုင်ခေါင်းဆောင်

သွလ်ဟဟ်ဗင်နအဘီသွလ်ဟဟ်ကျဆုံးပြီးနောက် အဗ်ဒုရ်ဒါးရ်မျိုးနွယ်က လက်လွှဲရယူခဲ့သည်။ ညီဖြစ်သူ အဗူရွိုင်ဗဟ် အုဆ်မားန်ဗင်န် အဘီသွလ်ဟဟ်ကအလံကိုင်ဖြစ်လာခဲ့သည်။ ၎င်းသည် ဟမ်ဇေဟ်ဗင်န် အဘီသွာလ့ဗ်၏ ဓါးခုတ်ချက်ဖြင့် လက်နှင့်ပုခုံးပြတ်ကျကာ သေဆုံးပြီးနောက် အဗူစအ်ဒ်ဗင်န် အဘီသွလ်ဟဟ်က ရန်သူ့စစ်တပ်အလံအားကိုင်ဆောင်ခဲ့သည်။ ၎င်းသည် စအ်ဒ်ဗင်န် အဘီဝက္ကားဆွ်၏ မြားပစ်ချက်ဖြင့် လည်မျိုထိမှန်ခဲ့ပြီး သေဆုံးခဲ့ရာ မုဆာဖေ့အ် ဗင်န် သွလ်ဟဟ်ဗင်န် အဘီသွလ်ဟဟ်က အလံအားလက်လွှဲရယူခဲ့သည်။ ၎င်းသည် အာဆွင်းမ်ဗင်နဆာဗစ်သ်ဗင်န် အဘီအဖ်လဟ်၏ မြားပစ်ချက်ဖြင့် သေဆုံးပြီးနောက် ညီဖြစ်သူ ကေလားဗ်ဗင်န် သွလ်ဟဟ်ဗင်န် အဘီသွလ်ဟဟ်က အလံအားလက်လွှဲရယူခဲ့သည်။ ၎င်းသည် ဇိုဗိုင်းရ်ဗင်အောင်ဝ်ဝါးမ်၏ တိုက်ခိုက်မှုဖြင့် သေဆုံးခဲ့သည်။ ပြီးနောက် ညီဖြစ်သူ ဂျလားစ်ဗင်န်သွလ်ဟဟ် ဗင်န် အဘီသွလ်ဟဟ်ကအလံကိုင်အဖြစ် တာဝန်ယူခဲ့သည်။ ၎င်းအား သွလ်ဟဟ်ဗင်န် အိုဗိုင်--ဒုလ္လာဟ်က အဆုံးစီရင်ခဲ့သည်။

ရန်သူ့စစ်တပ်အရေးနိမ့်နေခဲ့ပြီး စစ်မြေပြင်အနှံ့တိုက်ပွဲများ ပြည့်နှက်နေခဲ့သည်။ မုစ်လင်မ်များသည် ပြည့်ဝသောယုံကြည်မှုစွမ်းအားဖြင့် ကာဖိရ်စစ်တပ်ကြား ထိုးဖောက်တိုက်ခိုက်ခဲ့ကြသည်။

မြားစစ်သည်များ၏ နားလည်မှုလွဲမှားခြင်း

စစ်ပွဲအောင်နိုင်သည်ဖြစ်စေ ရှုံးနိမ့်သည်ဖြစ်စေ မိမိသတ်မှတ်ထားသည့် နေရာတွင်သာ တပ်စွဲထားရန် မြားစစ်သည်များအား ချစ်နဗီက အမိန့်ပေးထားခဲ့သည်။ စစ်မြေပြင်တွင် မုစ်လင်မ်များက ရန်သူ့သုံ့ပန်းများအား

သိမ်းယူနေစဉ် မြားစစ်သည်များအပေါ် လောကီရမ္မက်များဦးစားပေးစိတ်များ လွှမ်းလာသည်။ အသင်တို့ဘာကိုစောင့်နေကြတာလဲ? သုံ့ပန်း...သုံ့ပန်း ဟူ၍ အချင်းချင်းကြား ပြောဆိုတိုက်တွန်းနေခဲ့ကြသည်။ ခေါင်းဆောင်ဖြစ်သူ အဗ်ဒုလ္လာဟ်ဗင်န် ဂျိုဗိုင်းရ်က ဖြောင်းဖြသတိပေးသော်လည်း အများစုက သုံ့ပန်းများရရှိရေးသာ ဦးစားပေးခဲ့ကြသည်။ မြားစစ်သည် (၄၀)ကျော်ခန့်သည် မိမိတပ်စွဲရာနေရာအား စွန့်ခွါခဲ့ကြသည်။ မုစ်လင်မ်စစ်တပ် နောက်ပိုင်း လစ်ဟာသွားခဲ့ပြီး တောင်ပေါ်တွင် ခေါင်းဆောင်ဖြစ်သူ အဗ်ဒုလ္လာဟ်ဗင်န် ဂျိုဗိုင်းရ် ﷺ နှင့်တကွ မြားစစ်သည်(၉)ဦးခန့်သာ ကျန်ရှိတော့သည်။

ချစ်နဗီအနီး တိုက်ပွဲများဖြစ်ခြင်း

မုတ်စ်လင်မ်စစ်တပ်သည် နှစ်ဖက်ကြားညှပ်တိုက်ခံရသည့် အခြေအနေဖြင့် ရင်ဆိုင်နေရတော့သည်။ ရန်သူစစ်တပ်မှလွတ်မြောက်သူများက ဝန်းရံထားခဲ့ကြသည်။ ချစ်နဗီအနီးတွင် စစ်မက်တိုက်ခိုက်မှုများ ပြင်းထန်နေခဲ့သည်။ ရန်သူစစ်တပ်မှ ပြန်လည်ပိုင်းထားချိန်တွင် ချစ်နဗီအနီးတွင် လူဇဦးသာ ကျန်ရှိတော့သည်။ ချစ်နဗီက 'ငါ့ဆီလာကြပါ။ငါတမန်တော်ဖြစ်သည်"ဟု ဟစ်ခေါ် နေသံအားရန်သူစစ်တပ်မှကြားသိခဲ့ပြီး ချစ်နဗီဆီ အစွမ်းစွမ်းစစ်သည်များ မလာခင် အပြင်းအထန်ထိုးဖောက်တိုက်ခိုက်ခဲ့ကြသည်။ ရန်သူစစ်တပ်နှင့် လက်ကျန်စစ်သည်(၉)ဦးကြား တိုက်ပွဲအပြင်းအထန်ဖြစ်ပွားခဲ့ပြီး ချစ်ခြင်း၊ ပေးဆပ်ခြင်း ရုပ်လွှာများထင်ဟပ်ခဲ့သည်။

လက်ကျန်စစ်သည်(၉)ဦးထဲမှအများစုရှဟီးဒ်ဖြစ်ခဲ့ပြီး ချစ်နဗီအပါး တွင် ကိုရိုက်ရှ်အနွယ်ဝင် သွလ်ဟဟ်ဗင်နအိုဗိုင်ဒုလ္လာဟ်နှင့် စအ်ဒ်ဗင်န်

အဘီဝက္ကားဆွဲ ﷺသာ ကျန်ရှိတော့သည်။ ချစ်နဗီဘဝတွင် အခက်အခဲဆုံး အချိန်ခါဖြစ်ခဲ့ပြီး ရန်သူများအတွက် အခွင့်အရေးကြီးတစ်ခုဖြစ်ခဲ့သည်။

ရန်သူစစ်တပ်သည် အခွင့်အရေးအား အမိအရရယူခဲ့ပြီး ချစ်နဗီအား အဆုံးစီရင်ရန် အစွမ်းကုန်ထိုးစစ်ဆင်လာခဲ့ကြသည်။ ချစ်နဗီအား အွတ်သ်ဗဟ် ဗင်နှ် အဘီဝက္ကားဆွဲက ကျောက်ခဲများဖြင့် ပစ်ပေါက်ခဲ့သည်။ ချစ်နဗီ၏ ညာဘက် အောက်သွားတော်များအား ထိမှန်ခဲ့ပြီး အောက်နှုတ်ခမ်းတော် အနာတရရရှိခဲ့သည်။ ရန်သူစစ်တပ်မှရှေ့ထိထိုးဖောက်လာပြီး ချစ်နဗီနဖူး တော် အက်ကွဲဒဏ်ရာရခဲ့သည်။ မြင်းစစ်သည်တခြားတစ်ဦးရောက် လာခဲ့ပြီး ချစ်နဗီလည်ဂုတ်တော်အား အပြင်းအထန်ခုတ်ခဲ့သည်။ ထိုခုတ်ချက် ကြောင့် ချစ်နဗီ တစ်လကျော်ကြာ နာကျင်ခဲ့ရသည်။ သို့သော်လည်း ဓါးခုတ်ချက်သည် ချစ်နဗီ၏သံချပ်ကာနှစ်ချက်အား မထိုးဖောက်နိုင်ခဲ့ပေ။ ချစ်နဗီသည် နောက် တစ်ကြိမ် တိုက်ခိုက်ခံရမှုအတွင်း အပြင်းအထန်ခုတ်မှုကြောင့် ချစ်နဗီ သံခမောက် အစွယ်နှစ်ခုသည် မျက်နှာတွင်စိုက်နေခဲ့သည်။

ရန်သူစစ်တပ်သည် ချစ်နဗီအားအဆုံးစီရင်ရန်ကြိုးစားခဲ့သော်လည်း သွလ်ဟဟ်ဗင်နှ်အိုဗိုင်ဒုလ္လာဟ်နှင့် စအ်ဒ်ဗင်နှ်အဘီဝက္ကားဆွဲသည် အပြင်း အထန် ကာကွယ်ခဲ့ကြပြီး ရန်သူများ၏လုပ်ကြံခြင်းအား အရေးနိမ့်ကျရုံး စေခဲ့သည်။ ဆွဟာဗဟ်ကြီးနှစ်ပါးသည် အရဗ်များထဲတွင် မြားပစ် အကျွမ်းကျင်ဆုံး သူများဖြစ်ကြသည်။

ချစ်နဗီအားရန်သူစစ်တပ်၏ နောက်ဆုံးတိုက်ခိုက်မှု

ချစ်နဗီသည် လျှိုမြောင်ရှိ စစ်ကွပ်ကဲရေးနေရာအား ပြန်လည် ရောက်ရှိပြီးနောက်တွင် ရန်သူများက ထပ်မံတိုက်ခိုက်ရန် စီစဉ်ခဲ့ကြသည်။ အဗူစွဖ်ယားန် နှင့် ခါလီးဒ်ဗင်နဲ့ဝလီးဒ်ဦးဆောင်သော ရန်သူစစ်တပ်သည် ချစ်နဗီအားလုပ်ကြံရန် တောင်ထိပ်တွင်နေရာယူနေကြသည်။

ချစ်နဗီက အိုအရှင် ရန်သူများ ကျွန်တော်တို့အပေါ်စီးတွင်ရှိမနေစေ ပါနှင့် ဟုတောင်းဆိုခဲ့သည်။ အုမရ်ဗင်နဲ့ခသွဲသွားဗ် နှင့် မုဟာဂျိရ်အချို့သည် တောင်ပေါ်ရှိရန်သူများနှင့်ရင်ဆိုင်ခဲ့ပြီး တောင်အောက်သို့မောင်းထုတ်ခဲ့ကြ သည်။

စစ်ပွဲပြီးနောက် အဗူစွတ်ဖ်ယားန်၏ကွဲရဲ့မှု

ရန်သူစစ်တပ်သည် အောင်မြင်စွာတပ်ဆုတ်ခွါနိုင်ခဲ့သည်။ အဗူ စွတ်ဖ်ယားန်သည် တောင်ပေါ်မှမျှော်ကြည့်ကာ အသင်တို့ထဲမုဟမ္မဒ် ရှိနေသေးလား ဟု ဟစ်အော်ခဲ့သည်။ မည်သူမျှအဖြေမပေးခဲ့ပေ။ အသင်တို့ ထဲတွင် အဘီကုဟာဖဟ်၏သား အဗူဗက်ရ် ဆွဒ္ဒီးက်ရှိနေသေးလားဟု မေးမြန်းလေရာ မည်သူမျှအဖြေမပေးခဲ့ပေ။ အသင်တို့ထဲတွင် အုမရ်ဗင်နဲ့ ခသွဲသွားဗ်ရှိနေသေးလားဟုမေးမြန်းလေရာ မည်သူမျှအဖြေမပေးခဲ့ပေ။ ချစ်နဗီက အဖြေမပေးရန် တားမြစ်ခဲ့ခြင်းဖြစ်သည်။ အဗူစွတ်ဖ်ယားန်သည် အစ္စလာမ်တည်မြဲရေး၏အဓိကထောက်တိုင်ဖြစ်သော ဤသုံးဦးမှလွဲ၍တခြား မည်သူကိုမျှ မမေးမြန်းခဲ့ပေ။ အုမရ်သခင်သည် မိမိစိတ်အားမထိန်းချုပ်နိုင်ခဲ့ဘဲ အသင်မေးနေသော သုံးဦးစလုံး သက်ရှိထင်ရှားရှိနေပြီး အသင့်အတွက် ဒုက္ခ ဖြစ်စေသည်ကို အလွှာဟ်က အခွန့်ရှည်စေတယ် ဟုဖြေကြားခဲ့သည်။

ထိုအခါ အဗူစွတ်ဖ်ယားန်က ဟုဗလ်အရှင်ကြီးမြင့်ပါပေ၏။ ချစ်နဗီက အသင်တို့သူကိုအဖြေမပေးကြဘူးလား ဟုမေးမြန်းလှုံ့ဆော်ခဲ့သည်။ ဆွဟာဗဟ်များက မည်သို့အဖြေပေးရမည်အား မေးမြန်းလေရာ အလ္လာဟ်အရှင်မြတ်သည်သာ အထွတ်မြတ်ဆုံး၊ အကြီးကျယ်ဆုံး ဖြစ်ပါသည်ဟု ချစ်နဗီကဖြေကြားခဲ့သည်။ ထိုအခါအဗူစွတ်ဖ်ယားန်က "ငါတို့ထံတွင် အွတ်ဇာရှိသည်။ အသင်တို့ထံတွင် အွတ်ဇာမရှိပါ" ဟုပြောလေရာ ချစ်နဗီက ငါတို့၏အားကိုးရာမှာ အလ္လာဟ်အရှင်မြတ်ဖြစ်၏။အသင်တို့တွင် အားကိုးရာမရှိဟု ဖြေကြားရန် အမိန့်ပေးခဲ့လေ၏။

ဤနေ့သည် ဗဒ်ရ်အတွက်အစားပေးသောနေ့ဖြစ်ပြီး စစ်ပွဲသည် အတို့အလှည့်ဖြစ်ကြောင်း အဗူစွတ်ဖ်ယားန်က ပြောလေရာ အုမရ်သခင်က ငါတို့၏ကျဆုံးစစ်သည်များသည် ဂျန္နဟ်သုခဘုံတွင်စံမြန်းရမည်ဖြစ်ပြီး အသင်တို့၏သေဆုံးသူများက ဂျဟန္နမ်တွင်ခံစားရမည်ဟု ပြန်လည်တုံ့ပြန်ခဲ့သည်။

အုဟုဒ်မှရန်သူစစ်တပ်ဆုတ်ခွါကြောင်းအတည်ပြုခြင်း

ရန်သူစစ်တပ်သည် စစ်မြေပြင်မှဆုတ်ခွါကာ မက္ကာဟ်သို့ဦးတည်ထွက်ခွါခဲ့ကြသည်။ တမန်တော်မြတ်သည် အလီသခင်အား နောက်မှလိုက်၍ရန်သူစစ်တပ်အခြေအနေအား စစ်ဆေးစေခဲ့သည်။ ရန်သူများသည် မြင်းဆွဲပြီးကုလားအုတ်စီးနေပါက မက္ကာဟ်သို့ ပြန်လည်ဦးတည်နေသည် ဖြစ်မည်။ မြင်းစီး၍ကုလားအုတ်ဆွဲလာပါက မဒီနဟ်သို့ဦးတည်နေမည် ဖြစ် ကြောင်း ချစ်နဗီက မိန့်ဆိုခဲ့သည်။ တမန်တော်မြတ်၏ အမိန့်ဖြင့် အလီသခင်က သွားရောက်စစ်ဆေးခဲ့ရာ ရန်သူစစ်တပ်သည် မက္ကာဟ်သို့ပြန်လှည့်နေကြောင်းအတည်ပြုနိုင်ခဲ့သည်။

ကျဆုံးရှဟီဒီများအားမြှုပ်နှံခြင်း

ကိုယ်တော်မြတ်သည် ကျဆုံးရှဟီးဒ်ဖြစ်သူများအား ကြည့်ရှု၍ ဤသို့ မိန့်ခွန်းသည်။ ငါတမန်တော်မြတ်သည် အသင်တို့အတွက် သက်သေခံသူ ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်၏လမ်းတော်၌ အသင်တို့ အနာတရဖြစ်မှုများအတွက် ကေယာမသ်နေ့တွင်ပြန်လည်ရှင်ပြန်ထစေပြီး အနာထဲမှသွေးများ စီးဆင်းနေစေမည်ဖြစ်သည်။ အရောင်မှာသွေးအရောင်ဖြစ်ပြီး အနံ့မှာကတိုး ရနံ့ဖြစ်သည်။

ဆွဟာဗဟ်များသည် ကျဆုံးရှဟီးဒ်ဖြစ်သူများအား မဒီနဟ်သို့ ပြန်လည်သယ်ဆောင်ခဲ့ကြသော်လည်း ချစ်နဗီကတားမြစ်ခဲ့သည်။ မိမိရှဟီးဒ်ဖြစ်ခဲ့သည့်နေရာတွင် ရေမချိုးစေခဲ့ဘဲ မြှုပ်နှံစေခဲ့သည်။ သံချပ်ကာ၊ ဒိုင်းကာများချွတ်ပြီးနောက် မိမိဝတ်ထားသည့်အဝတ်အစားဖြင့် မြှုပ်နှံစေခဲ့သည်။ တမန်တော်မြတ်သည် ရှဟီဒီနှစ်ဦး (သို့မဟုတ်) သုံးဦးအား ကဗ်ရ်တစ်ခုတည်းတွင် မြှုပ်နှံစေခဲ့ပြီး အဝတ်တစ်ထည်တည်းဖြင့် ရှဟီဒီနှစ်ဦးစီ မြှုပ်နှံပေးခဲ့သည်။

နို့စို့ဖက်တော်စပ်သူ၊ ဦးလေးဖြစ်သူ ဟမ်ဇဟ် ﷺလုပ်ကြံခံရမှုအား မြင်တွေ့ခဲ့ပြီး ချစ်နဗီ ဝမ်းနည်းကြေကွဲခဲ့သည်။ အဒေါ်ဖြစ်သူ ဆွဖီယဟ် သည် မောင်ဖြစ်သူ ဟမ်ဇဟ်သခင်အားကြည့်ရန်ရောက်လာခဲ့သည်။ ချစ်နဗီက အဒေါ်ဖြစ်သူ၏သား ဇိုဗိုင်းရ်သခင်အား တားမြစ်စေခဲ့သည်။ ဆွဖီယဟ် သခင်မက ဘာ့ကြောင့်လဲဟုမေးမြန်းပြီး မောင်ဖြစ်သူမှာ အပိုင်းအပိုင်း သတ်ဖြတ်ခံခဲ့ကြောင်း သိခဲ့ပြီးဖြစ်သည်ဟုပြောခဲ့သည်။ အလ္လာဟ့်လမ်းတော်တွင်ဖြစ်သည်။ အလ္လာဟ်အရှင့်ထံအကျိုးစဝါးဗ်မျှော်ကိုးကာ သည်းခံမည်ဟု

ပြောကြားခဲ့ပြီး အင်နာလစ်လာဟ်ဖတ်ရွတ်ခဲ့သည်။ အေ့စ်သေ့ဂ်ဖွါးရ်ပြုပေးခဲ့သည်။ ချစ်နဗီသည် ဟမ်ဇဟ်သခင်အား တူဖြစ်သူ အဗ်ဒုလ္လာဟ် ဗင်နှ်ဂျဟ်ရှ်နှင့်တကွ မြှုပ်နှံပေးခဲ့သည်။

တမန်တော်မြတ်သည် ဟမ်ဇဟ်သခင်သေဆုံးမှုအပေါ် လွန်စွာငိုကြွေးခဲ့သည်။

မဒီနဟ်သို့ပြန်ခြင်း

အုဟုဒ်စစ်ပွဲဖြစ်ပွားသည့် ညနေတွင် ချစ်နဗီသည် မဒီနဟ်သို့ပြန်လှည့်ခဲ့သည်။ အိမ်သို့ရောက်ချိန် ဖာသေမဟ်သခင်မအား မိမိဓါးကိုပေးခဲ့သည်။ သမီးတော် ဤဓါးကိုဆေးကြောလိုက်ပါ။ အလ္လာဟ်၏ ကတိတော်သည် အမှန်ဖြစ်ခဲ့သည်။ ဟုပြောကြားခဲ့သည်။ အလီသခင်ကလည်း ကိုယ်တော်ပြောခဲ့သည့် အတိုင်းပြောခဲ့ပြီး ဖွာသေမဟ်သခင်မအား ဓါးဆေးကြောရန်ပေးခဲ့သည်။

ဟမ်ရာအုလ်အစဒ် စစ်ပွဲ

တမန်တော်မြတ်သည် စစ်ပွဲအကြောင်းတွေးရင်း ညတာကုန်ဆုံးခဲ့သည်။ ရန်သူ့စစ်တပ်တွင် စစ်မြေပြင်၌ အောင်နိုင်မှုမရကြောင်း တွေးမိပါက မဒီနဟ်ကို ဒုတိယအကြိမ်တိုက်ခိုက်လာမည်ကို စိုးရိမ်နေခဲ့သည်။ ထို့ကြောင့် ရန်သူ့စစ်တပ်အား မက္ကာဟ်သို့မောင်းထုတ်ရန် အစီအစဉ်ချမှတ်ခဲ့သည်။ တမန်တော်မြတ်သည် အုဟုဒ်စစ်ပွဲဖြစ်ပွားပြီး မနက်တွင် စစ်ရေးပြင်ရန် ကြေငြာခဲ့သည်။ ကြေညာချက်တွင် အုဟုဒ်စစ်ပွဲ၌ ပါဝင်သူများသာ လိုက်ရမည်ဟု ကြေညာခဲ့သည်။ မုနာဖိုက်ခေါင်းဆောင် အဗ်ဒုလ္လာဟ်ဗင်နဲ အိုဗိုင်ယ်က အစ္စလာမ့်စစ်တပ်နှင့်အတူ လိုက်ပါရန် တောင်းဆိုခဲ့သော်လည်း ချစ်နဗီက ပယ်ချခဲ့သည်။ ဒဏ်ရာရ ဆွာဟာဗဟ်စစ်သည်များသည် တမန်တော်မြတ်၏ ကြေညာချက်အား လိုက်နာခဲ့ကြသည်။

အစ္စလာမ့်စစ်တပ် ထွက်ခွါလာရင်း မဒီနဟ်နှင့် (၈)မိုင် အကွာရှိ ဟမ်ရာအုလ် အစဒ်နေရာရောက်လာခဲ့သည်။ ချစ်နဗီစိုးရိမ်နေသည့် အရာသည် လက်တွေ့တွင်ဖြစ်လာနိုင်ချေများခဲ့သည်။ ရန်သူ့စစ်တပ်သည် မဒီနဟ်နှင့် (၃၆) မိုင်အကွာရှိ ရောင်ဝ်ဟာနေရာတွင် တပ်စွဲလျက်ရှိခဲ့သည်။ တမန်တော်မြတ်သည်အစ္စလာမ့်စစ်တပ်နှင့်ထွက်ခွါလာသည့် သတင်းအား ရန်သူ့စစ်တပ်သိရှိသောအခါ မုစ်လင်မ်စစ်တပ်သည် အင်အားအလုံးအရင်းဖြင့်ပြန်လည်အသင့်ပြင်လာပြီး ပြန်လည်ကလွဲစားချေမည်အား စိုးရိမ်ကာ မက္ကာဟ်သို့ပြေးခဲ့ကြသည်။

ဗနီနသ္ဒီးရ် စစ်ပွဲ

ဂျူးများသည် အစွလာမ်နှင့်မုတ်စ်လင်မ်များအပေါ် အမျက်ဒေါသ ထွက်သည့်အကြောင်း ရှေ့တွင်ဖော်ပြပြီးဖြစ်သည်။ သို့သော်လည်း ဂျူးများသည် စစ်မက်တိုက်ခိုက်ခြင်းမပြုပေ။ နောက်ကွယ်မှ အကောက်ကြံကာကြံစည်ခဲ့ကြသည်သာ။ မုတ်စ်လင်မ်များအား မနာလိုမုန်းတီးနေကြပြီး မုစ်လင်မ်များနှင့်ငြိမ်းချမ်းရေးစာချုပ်များ ချုပ်ဆိုထားသော်ငြားလည်း မွတ်စ်လင်မ်များ ဒုက္ခရောက်ရေးအတွက် ပရိယာယ်အမျိုးမျိုးအဖုံဖုံအား ရွေးချယ်ခဲ့ကြသည်။ ဂျူးများသည် ဗနီကိုင်နိုကားအ်အဖြစ်အပျက်နှင့် ကအ်ဗ်ဗင်နအရှ်ရဖ်သေဆုံးမှုအပြီး ခြေငြိမ်လျက်ရှိခဲ့ကြသည်။

ဂျူးအချင်းချင်း သီးသန့်တွေ့ဆုံခဲ့ကြပြီး အယုတ်ညံ့ဆုံးသော ကိုယ့်သေတွင်းတူးဖြစ်ရပ်ဖြစ်မည့် ကိုယ်တော်မြတ်အား လုပ်ကြံသတ်ဖြတ်ရန် ကြံစည်နေခဲ့ကြသည်။

တမန်တော်မြတ်အား ဦးခေါင်းပေါ် ကြိတ်ဆုံပစ်ချ၍ လုပ်ကြံသတ်ဖြတ်ရန် အမ်ရ်ဗင်နဂျဟားရ်က တာဝန်ယူခဲ့သည်။ စလွားမ်ဗင်နဲ့ မတ်စ်ရ်ကမ်က လုပ်ကြံရေးအစီအစဉ်အားတားမြစ်ခဲ့သော်လည်း ဂျူးများက မိမိတို့အစီအစဉ် အတိုင်းလုပ်ဆောင်ရန် ကြိုးပမ်းခဲ့ကြသည်။

ဂျစ်ဗရာအီးလ် ရောက်ရှိလာခဲ့ပြီး ဂျူးများ၏ကြံစည်မှုကို ချစ်နဗီအား အသိပေးခဲ့သည်။ တမန်တော်မြတ်သည် အလျင်အမြန်ထခဲ့ပြီး မဒီနဟ်သို့ ပြန်လည်ဦးတည်လာခဲ့သည်။ ဆွဟာဗဟ်များနှင့်တွေ့သည့်အခါ ကိုယ်တော်မြတ် ထသွားကြောင်း မိမိတို့မသိလိုက်ကြောင်းပြောလေရာ တမန်တော်မြတ်က ဂျူးများကြံစည်မှုအား အသိပေးခဲ့သည်။

တမန်တော်မြတ်နှင့်အတူ အစ္စလာမ့်စစ်တပ်သည် ဗနီနသွီးရှိရာသို့ ထွက်လာခဲ့ကြပြီး ခံတပ်စခန်းများအား ဝန်းရံပိတ်ဆို့ခဲ့သည်။ ဝန်းရံပိတ်ဆို့မှုသည် (၆)ညတိုင်ခဲ့သည်။ (၆)ညတိုင်ပြီးနောက် လက်နက်ချ အညံ့ခံခဲ့ကြသည်။ တမန်တော်မြတ်သည် နယ်နှင်ဒဏ်ပေးခဲ့ပြီး မိမိတို့ဇနီး၊ သားသမီးများနှင့်အတူ လက်နက်မှအပ ကုလားအုတ်တစ်ကောင် သယ်နိုင်သည့် အတိုင်းအတာခန့် ဥစ္စာပစ္စည်းများ ယူဆောင်ခွင့်ပြုခဲ့သည်။ မိမိတို့အိမ်များအား ကိုယ်တိုင်ဖျက်ဆီးခဲ့ပြီး တံခါးရွက်များ၊ တံခါးများအား ယူဆောင်ခဲ့ကြသည်။ အိမ်ခေါင်မိုးများပါမကျန် သယ်ဆောင်ခဲ့ကြသည်။ ဣဗူးများသည် အစီးအနင်း (၆၀၀)အသုံးပြု၍ ပစ္စည်းများ သယ်ဆောင်ခဲ့ကြပြီး မိမိတို့၏ မိသားစုများအား ခေါ်ဆောင်သွား ခဲ့ကြသည်။ ဣဗူးထိပ်သီးပိုင်းခေါင်းဆောင်များဖြစ်သည့် ဟိုယိုင့်ယ်ဗင်နအခ်သွဗ် နှင့် စလွားမ်ဗင်နအဘီဟကီးက်တို့သည် ခိုင်ဗရ်ဆီသွားခဲ့ကြပြီး အချို့က ဆီရီယားသို့ ထွက်ခွါခဲ့ကြသည်။ ထိပ်သီးပိုင်းထဲမှ ယာမီးန် ဗင်နအမ်ရ်နှင့် အဗူစအဲဒ်ဗင်နဝဟ်ဗ်တို့သည်သာ အစ္စလာမ်လက်ခံခဲ့ကြသည်။ တမန်တော်မြတ်သည် ဗနူနသွီးရ်တို့၏ လက်နက်များအား သိမ်းဆည်းခဲ့ပြီး နယ်မြေ၊ လယ်ယာများအား သိမ်းပိုက်နိုင်ခဲ့သည်။ လက်နက်သုံ့ပန်းအဖြစ် သံချပ်ကာ (၅၀)၊ ဓါးမြှောင် (၅၀)နှင့် ဓါးအချောင်း(၃၄၀)သိမ်းဆည်းရမိခဲ့သည်။

အဟ်ဇေးဗ်စစ်ပွဲ

တစ်နှစ်ကျော်ကြာ စစ်ပွဲများဖြစ်ပွားပြီးနောက် အရှိမ်ကျွန်းစွယ်တွင် နယ်မြေငြိမ်းချမ်းမှုပြန်ဖြစ်လာခဲ့သည်။ သို့သော် ဂျူးများသည် မိမိတို့ကိုယ်တိုင် ကျူးလွန်ခဲ့ကြသည့် ကြံစည်မှုများ၊ကတိပျက်မှုများကြောင့် သေးသိမ်စွာ နေထိုင်ခဲ့ရသည်။ ဂျူးများသည် မိမိတို့လုပ်ရပ်များအား မချင့်ချိန်နိုင်သေးဘဲ ကြံစည်မှုများအားဆက်လက်လုပ်ဆောင်နေခဲ့ကြသည်။ ဂျူးများသည် ကြံစည်မှုအသစ်တစ်ခုကိုစီစဉ်ခဲ့ကြသည်။ မုတ်စ်လင်မ်များအား အမြစ်ဖြတ်ချေနင်းရန် အသင့်ပြင်ခဲ့ကြသည်။ မုစ်လင်မ်များအား ထိပ်တိုက်ရင်ဆိုင်ခြင်းမပြုနိုင်သဖြင့် နောက်ကွယ်မှတိုက်ခိုက်ရန် အစီအစဉ်တစ်ခုချမှတ်ခဲ့ကြသည်။

ဗနူနသ္ဒီးရ်နှင့် ဂျူးခေါင်းဆောင်ဝဂ်ဦးသည် မက္ကာဟ်ရှိ ကိုရိုက်ရှ်များနှင့် တွေ့ဆုံခဲ့ကြသည်။ တမန်တော်မြတ်အပေါ် စစ်ခင်းရန်လှုံ့ဆော်မက်လုံးပေးခဲ့ကြသည်။ ဂျူးများ၏ကမ်းလှမ်းချက်အား ဗဒ်ရ်အရေးကြောင့် မိမိသိက္ခာပြန်ဆယ်ရန် ကိုရိုက်ရှ်ကလက်ခံခဲ့သည်။ ပြီးနောက် ဂျူးကိုယ်စားလှယ်အဖွဲ့သည် ဂသ္ဓဖွားန်သို့သွားရောက်ခဲ့ပြီး ကိုရိုက်ရှ်များအား ကမ်းလှမ်းခဲ့သည်ကို တင်ပြခဲ့သည်။ ဂျူးကိုယ်စားလှယ်အဖွဲ့သည် အရှိမျိုးနွယ်စုများဆီ သွားရောက်ခဲ့ပြီး မုစ်လင်မ်များအား အမြစ်ဖြတ်ရန် ကြိုးပမ်းခဲ့သည်။ နောက်ဆုံးတွင် တမန်တော်မြတ်အားချေမှုန်းရန် အရှိမျိုးနွယ်စုများ စည်းရုံးရေးစစ်ဆင်ရေးအား ဂျူးကိုယ်စားလှယ်အဖွဲ့ အောင်မြင်စွာလုပ်ဆောင်နိုင်ခဲ့သည်။

အဗူစွတ်ဖ်ယားန်ဦးဆောင်သော စစ်တပ်သည် သေဟာမဟ်နယ်မှ မဟာမိတ်များနှင့်အတူ ကိုရိုက်ရှ်၊ ကေနာနဟ်တို့ပါဝင်သော စစ်သည်အင်အား (၄၀၀၀)ဖြင့် တောင်ဘက်မှချီတက်လာသည်။ မရ်ရုလ်ဇွဟ်ရားနေရာတွင်

ဗနီစလင်းမ်တပ်ဖြင့်ပူးပေါင်းခဲ့သည်။ အရှေ့ဘက်မှဂသွံဖွါးန်မျိုးနွယ်များ ချီတက်လာခဲ့သည်။ အိုယိုင်နဟ်ဗင်နဟ်ဟစ်ဆွဉီးဆောင်သောဖဇာရဟ်မျိုးနွယ်၊ ဟာရစ်ဆ်ဗင်နအောင်ဖဉီးဆောင်သော မွတ်ရ်ရဟ်မျိုးနွယ်၊ မွတ်စ်အစ်ရ်ဗင်နရဟီလဟ်ဉီးဆောင်သော အရှ်ဂျအ်မျိုးနွယ်၊ စအ်ဒ်မျိုးနွယ် စသည်ဖြင့် မျိုးနွယ်စုများသည် အချိန်နေရာသတ်မှတ်ကာ မဒီနဟ်သို့အသီးသီးချီတက် လာခဲ့သည်။

ရက်အချို့ကြာပြီးနောက် စစ်သည်အင်အား (၁၀၀၀၀)ရှိ စစ်တပ်ကြီးသည် မဒီနဟ်မြို့အနီးတွင် တပ်စွဲထားခဲ့ကြသည်။ စစ်သည်အင်အားမှာ မဒီနဟ်မြို့ရှိ အမျိုးသမီး၊ ကလေး၊ လူငယ်နှင့် သက်ကြီးရွယ်အိုဉီးရေထက်ပိုမိုများပြားသည်။

တမန်တော်မြတ်သည် အထက်အတိုင်ပင်ခံကော်မတီအား ခေါ်ယူခဲ့ပြီး မဒီနဟ်တဝိုက် ခုခံကာကွယ်ရေးအစီအမံများချမှတ်ရန် ဆွေးနွေးခဲ့ကြသည်။ အတိုင်ပင်ခံကော်မတီ နှင့် စစ်ခေါင်းဆောင်များသည် စလ်မားန်ဖွါရစီ ﷺ တင်သွင်းခဲ့သော ကျုံးတူးကာကွယ်ရေးအစီအမံအား အတည်ပြုခဲ့သည်။

တမန်တော်မြတ်သည် ကျုံးတူးကာကွယ်ရေးစီမံကိန်းအား အလျင်အမြန် အကောင်ထည်ဖော် ဆောင်ရွက်ခဲ့သည်။ အမျိုးသားဆယ်ဉီးစီတိုင်း အတောင်(၄၀)တူးရန် တာဝန်ပေးခဲ့သည်။ မွတ်စ်လင်မ်များသည် တက်ကြွစွာ ကာကွယ်ရေးကျုံးတူးဖော်ခဲ့ကြသည်။ တမန်တော်မြတ်သည်လည်း အားပေးခဲ့ပြီး မိမိကိုယ်တိုင်ကျုံးတူးရေးတွင် ပါဝင်ခဲ့သည်။

ကျုံးတူးနေစဉ်အတွင်း အံ့ဖွယ်အဖြစ်အပျက်များ ဖြစ်ပျက်ခဲ့သည်။ ဂျာဗစ်ရ်ဗင်နဲအဗ်ဒုလ္လာဟ် ﷺသည် တမန်တော်မြတ် ဆာလောင်နေသည်အား ခံစားသိရှိခဲ့ပြီးနောက် မိမိအိမ်သို့ပြန်ကာ ဆိတ်တစ်ကောင်အား ဇဗဟ် လုပ်စေပြီး မိမိဇနီးသည်အား ဂျုန္နစ်ပိသာ စီမံစေသည်။ ပြီးနောက်တမန်တော်မြတ်အား တိတ်တဆိတ်ဖိတ်ခေါ်ခဲ့သည်။ တမန်တော်မြတ်သည် ကျုံးတူးနေသော လူဦးရေ (၁၀၀၀)ကိုပါ ဖိတ်ခေါ်ခဲ့သည်။ အားလုံး ဝဝလင်လင် စားသုံးနိုင်ခဲ့ပြီး ပိုလျှံခဲ့သည်။

ခန်ဒတ်က်(အဟ်ဇားဗ်)စစ်ပွဲနေ့ရောက်သောအခါ ကျောက်တုံးတစ်တုံးက အဟန့်တားဖြစ်နေသည်။ တမန်တော်မြတ်ထံ အကြောင်းကြားခဲ့ပြီး ချစ်နဗီကိုယ်တိုင် ပေါက်တူးယူကာ တူးဆွခဲ့သည်။ ဗစ်မစ်လ္လာဟ်ဆိုကာ တစ်ချက်ပေါက်ခဲ့သည်။ အလ္လာဟ်ဟုအက်ဗရ် ဆီရီးယား၏သော့တံများ ချီးမြှင့်ခံရပေပြီ။ ဆီရီယား၏နန်းဆောင်နီများအား ယခုမြင်နေရပြီ ဟုမိန့်ကြားခဲ့သည်။ ဒုတိယအကြိမ်တူးဆွခဲ့သည်။ အလ္လာဟုအက်ဗရ် ပါရှန်းအား အောင်နိုင်လေပြီ။ ပါရှန်း၏ မဒါအင်နန်းဆောင်ဖြူများအား ယခုမြင်နေရပြီဟုမိန့်ကြားခဲ့သည်။ တတိယအကြိမ် ထပ်မံတူးဆွခဲ့သည်။ အဟန့်အတားဖြစ်နေသော ကျောက်တုံး၏ကျန်အစိတ်ပိုင်းများပါ ကွဲသွားခဲ့သည်။ အလ္လာဟုအက်ဗရ် ယီမင်၏သော့တံများချီးမြှင့်ခံရပေပြီ။ ဆွန်အာတံခါးများ ယခုနေရာမှမြင်နေရပြီ ဟုမိန့်ကြားခဲ့သည်။

တမန်တော်မြတ်သည် ရန်သူစစ်တပ်ကြားတွင် ကျုံးခံကာ စလ်အ်တောင်တွင် တပ်သား (၃၀၀၀)ဖြင့် တပ်စွဲထားခဲ့သည်။ မဒီနဟ်တွင် အစ်ဗ်နို့အွမ္မေ့မက်သူးမ်အား ကိုယ်စားလှယ်ထားခဲ့သည်။

ရန်သူမဟာမိတ်စစ်တပ်သည် မဒီနဟ်အား ထိုးစစ်ဆင်ချိန် ကြီးမား ရှည်လျားသောကျုံးအားမြင်တွေ့ခဲ့ကြသည်။ ထို့ကြောင့် မဒီနဟ်အား ပိတ်ဆို့ ရန် ဆုံးဖြတ်ခဲ့ကြသည်။ ရန်သူ့စစ်တပ်သည် ကျုံးပတ်လည်အား လှည့်ပတ်ခဲ့ ကြပြီး မြို့အတွင်းသို့ချင်းနင်းဝင်ရောက်ရန် ဟာကွက်ရှာနေခဲ့သည်။ အစ္စလာမ့် စစ်တပ်သည် ကျုံးပတ်လည်တွင် ကင်းလှည့်နေခဲ့ပြီး ချဉ်းကပ်လာ သူများအား မြားဖြင့်ပစ်ကာဟန့်တားခဲ့သည်။ ရန်သူများ အကြံမရခဲ့ပေ။

တမန်တော်မြတ်သည်ဟိုဒိုင်ဖွဟ်ဗင်နယမားန် ﷺအား ထောက်လှမ်း ရန်စေလွှတ်ခဲ့သည်။ ရန်သူ့စစ်တပ်ပြန်လှည့်ကြောင်း ထောက်လှမ်းရရှိခဲ့ သည်။ ချစ်နဗီအားသတင်းပေးခဲ့ရာ ချစ်နဗီသည် မဒီနဟ်သို့ပြန်သွားခဲ့သည်။

ကိုရိုင်သွပ်မျိုးနွယ်စစ်ပွဲ

မဒီနဟ်သို့ပြန်သည့်နေ့ဇုဟ်ရ်အချိန်တွင် တမန်တော်မြတ်သည် အွမ္မေ့စလမဟ် رَضِيَ اللَّهُ عَنْهَا ၏နေအိမ်တွင် ရေချိုးသန့်စင်နေခဲ့သည်။ ဂျစ်ဗ်ရာ အီးလ် ရောက်လာခဲ့ပြီး ကိုယ်တော်လက်နက်ချလိုက်ပြီလား။ မလာအိကဟ်များ သည် လက်နက်မချရသေး။ တမန်တော်မြတ် ကိုရိုင်သွပ် မျိုးနွယ်ဆီသွားပါ။ ကျွန်ုပ်တို့ရန်သူခံတပ်များအား လှုပ်ခါစေပြီး အကြောက်တရားများ ထည့်သွင်းမည် ဟု ပြောကြားလေသည်။

တမန်တော်မြတ်သည် စစ်အသိပေးချက်ထုတ်ပြန်ကာ အဆွဲရ် ဆွလားဟ်ကို ဗနီကိုရိုင်သွပ်တွင်ဖတ်မည်ဟုကြေညာခဲ့သည်။ အစ်ဗ်နှိ--အွမ္မေ့မက်သူးမ် အား မဒီနဟ်အုပ်ချုပ်သူအဖြစ် ခန့်အပ်ထားခဲ့သည်။

စစ်တပ်အလံကိုင်အဖြစ် အလီသခင်အား တာဝန်ပေးအပ်ခဲ့သည်။ အစ္စလာမ့်စစ်တပ်သည် ဗနူကိုရိုင်သွပ်ဆီ တပ်စိတ်များဖြင့် ချီတက်လာခဲ့သည်။ အစ္စလာမ့်စစ်တပ်သည် အင်အား (၃၀၀၀)ရှိပြီး မြင်းစစ်သည် (၃၀) ပါဝင်သည်။ ဗနူကိုရိုင်သွပ်ခံတပ်များအား ဝိုင်းရံပိတ်ဆို့ခဲ့သည်။ ပိတ်ဆို့မှု ဒဏ်ပြင်းထန်လာခဲ့ပြီး ဂျူးခေါင်းဆောင် ကအ်ဗ်ဗင်နဲအစဒ်က ဂျူးများအား အဆို(၃)ခုချပြခဲ့သည်။ ပထမတစ်ခုမှာ အစ္စလာမ်လက်ခံပြီး တမန်တော်မြတ် အောက်ခိုလှုံခြင်းဖြစ်သည်။ ဒုတိယအဆိုမှာ မိမိတို့၏မိသားစုများအား သတ်ဖြတ်ပြီး အစ္စလာမ့်စစ်တပ်နှင့် သူသေကိုယ်သေတိုက်ခိုက်ခြင်းဖြစ်ပြီး တတိယအဆိုမှာ စနေနေ့တွင် ရုတ်တရက်တိုက်ခိုက်ခြင်း ဖြစ်သည်။ ဂျူးများသည် မည်သည့်အဆိုကိုမျှ ဖြေကြားခြင်းမပြုခဲ့သဖြင့် ခေါင်းဆောင်ဖြစ်သူက

ဒေါသကြီးစွာဖြင့် အသင်တို့သည် မွေးကတည်းကယခုထိ စိတ်အေးလက်အေး ဘဝနှင့် ညမအိပ်ရသူများဖြစ်သည်ဟု ပြောဆိုခဲ့သည်။

နောက်ဆုံးတွင် ဗနူကိုရိုင်သွယ်သည် အညံ့ခံခဲ့သည်။ တမန်တော်မြတ်သည် အမျိုးသားများအား ဖမ်းဆီးခဲ့ပြီး မုဟမ္မဒ်ဗင်နမတ်စ်လမဟ်၏ ကြီးကြပ်မှုအောက်တွက် ထားရှိခဲ့သည်။ အမျိုးသမီးများ နှင့် ကလေးသူငယ်များအား သီးခြားနေစေခဲ့သည်။ အောက်စ်မျိုးနွယ်များသည် မိမိတို့မဟာမိတ်ဖြစ်ခဲ့သူများနှင့်ပတ်သက်ပြီး တမန်တော်မြတ်ထံ အသနားခံလေရာ တမန်တော်မြတ်က အသင်တို့ထဲမှလူကိုသာ စီရင်ဆုံးဖြတ်သူအဖြစ် သတ်မှတ်ခြင်းကို မနှစ်သက်ကြဘူးလားဟု ပြောဆိုခဲ့ပြီး ဗနီကိုရိုင်သွယ်အရေးနှင့် ပတ်သတ်ပြီး စအ်ဒ်ဗင်နမုအားဇ်အား လက်လွှဲပေးခဲ့သည်။ အားလုံးက စိတ်အေးခဲ့ရသည်။

စအ်ဒ်ဗင်နမုအားဇ် ﷺသည် ဒဏ်ရာရလျက်တမန်တော်မြတ်ထံ အခစား ဝင်ခဲ့သည်။ တမန်တော်မြတ်က အသင်တို့ခေါင်းဆောင်အတွက် ဂုဏ်ပေးကြဟု အမိန့်ရှိခဲ့သည်။ တမန်တော်အား စအ်ဒ်သခင်က ကိုရိုင်သွယ် အရေးနှင့် ပတ်သက်ပြီး မိမိဆုံးဖြတ်ထိုက်သူဖြစ်သလားဟု မေးမြန်းခဲ့ရာ တမန်တော်မြတ်က ဤသူများသည် အသင့်ဆုံးဖြတ်ချက်အောက်ရှိသူများ ဖြစ်ကြပြီး အသင့်အမိန့်သည် မုတ်စ်လင်မ်များအပေါ် သက်ရောက်မည်ဟု ဂုဏ်ပေးစွာ ဖြေကြားထောက်ခံခဲ့သည်။ စအ်ဒ်သခင်က အမျိုးသားများအား သတ်မိန့်ပေးခဲ့ပြီး မိသားစုများအား သုံ့ပန်းအဖြစ်ဖမ်းဆီးကာ ပိုင်ဆိုင်မှုများအား ချိတ်ပိတ်သိမ်းယူစေခဲ့သည်။ ထိုအခါ တမန်တော်မြတ်က အသင့်အမိန့်သည်

အထက်မိုးကောင်းကင်အမိန့်အတိုင်း ဆုံးဖြတ်ခြင်းဖြစ်သည် ဟုထောက်ခံမိန့်ဆိုခဲ့သည်။

မုစ်လင်မ်များအား အကြပ်တည်းဆုံးအခြေအနေတွင် လူမျိုးတုန်းသတ်ဖြတ်ရန် ရန်သူစစ်တပ်များအား အကူအညီပေးခဲ့ပြီး ချုပ်ဆိုထားသော စာချုပ်များအား ဖောက်ဖျက်ခဲ့သည့် လောက်ကောင်များအား အမြစ်ဖြတ်ချေမှုန်းနိုင်ခဲ့သည်။ စစ်ရာဇဝတ်သားများအတွက် သေဒဏ်စီရင်ချက်သည် ထိုက်သက်သော ဆုံးဖြတ်ချက်ဖြစ်ပေသည်။

အွမ်ရဟ်ဟိုဒိုင်ဗီယဟ်

ဖြစ်ပေါ်လာပုံ

မုစ်လင်မ်များအတွက် အပြုသဘောဆောင်သော တိုးတက်မှုများ အာရဗ်ကျွန်းဆွယ်တွင် အတိုင်းတာတစ်ခုထိရောက်ရှိလာခဲ့သည်။ အောင်နိုင်မှုကြီးနှင့် အစွန်လာမ်ဘက်သို့ဖိတ်ခေါ်ခြင်းသည် တစ်စတစ်စဖြင့် ရုပ်လုံးပေါ်လာခဲ့သည်။ ယခင်က ပိတ်ဆို့ခံထားရသော မတ်စ်ဂျေ့ဒ်ဟရာမ်အတွင်း မုစ်စ်လင်များ လွတ်လပ်စွာကိုးကွယ်ခွင့်များရရှိလာခဲ့သည်။ တမန်တော်မြတ်သည် မဒီနဟ်တွင်ရှိနေစဉ် မိမိနှင့် မိမိအဆွေတော်များသည် ကအ်ဗဟ် ဆီသွားရောက်ပြီး ကအ်ဗဟ်အား သွဝါးဖ်လှည့် အွမ်ရဟ်ပြုနေပုံ၊ ခေါင်းရိတ်နေပုံများအား အိပ်မက်မြင်မက်ခဲ့သည်။ သာဝကကြီးများအား ပြောပြခဲ့သည်။ ပြီးနောက် ထိုနှစ်မှာပင် အွမ်ရဟ်အတွက် ခရီးပြင်စေခဲ့သည်။

ပိတ်ပင်တားဆီးရန် ကိုရိုက်ရှ်၏ တားဆီးမှု

တမန်တော်မြတ် မဒီနဟ်မှထွက်ခွါကြောင်း သတင်းရရှိခဲ့သော ကိုရိုက်ရှ်များသည် အရေးပေါ်အတိုင်ပင်ခံအစည်းအဝေးခေါ်ယူခဲ့ပြီး တမန်တော်မြတ်အား ဖြစ်နိုင်သမျှနည်းလမ်းဖြင့် ပိတ်ပင်ရန် ဆွေးနွေးခဲ့ကြသည်။ ကိုရိုက်ရှ်များသည် ခါလိဒ်ဗင်ဝလီးဒ်ဦးဆောင်မှုဖြင့် မက္ကာဟ်သွားရာအဓိက အချက်ချာကျဗျူဟာလမ်း **ဇီသို့ဝါ** တွင် မြင်းစစ်သည် (၂၀၀)ဖြင့် တပ်စွဲထားကြောင်း ဗနီကအ်ဗ်မှလူတစ်ဦးမှ တမန်တော်မြတ်ထံသတင်းပေးခဲ့သည်။ တမန်တော်မြတ်သည် မြင်းစစ်သည်များအား ရန်သူနှင့်မျက်နှာချင်းဆိုင်နေရာယူစေခဲ့သည်။ ခါလိဒ်ဗင်နဝလီးဒ်သည် မုစ်လင်မ်များ ဇုဟ်ရ်ဆွလားဟ်ဝတ်ပြုနေသည်အားတွေ့မြင်ခဲ့ပြီး အဆွဲရ်အချိန်တွင် မုစ်လင်မ်များအား

အလစ်တိုက်ခိုက်မည်ဟု ဆုံးဖြတ်ထားခဲ့သည်။ သို့သော်လည်း ဆွာလာသုလ် ခေါင့်ဖ် အမိန့်ကျရောက် လာခဲ့ပြီး ရန်သူ့စစ်တပ်အခွင့်အရေးမရခဲ့ပေ။

ညှိနှိုင်းဆွေးနွေးရန် စေလွှတ်မှု

ကိုရိုက်ရှ်ထိပ်သီးခေါင်းဆောင်များက တမန်တော်မြတ်သည် စစ်တိုက်ခိုက် ရန်မဟုတ်ဘဲ အွမ်ရဟ်အတွက်လာခြင်း မှန်ကန်ပါက တမန်တော်မြတ်နှင့်ညှိနှိုင်း ဆွေးနွေးရန်ဆုံးဖြတ်ခဲ့သည်။ ကိုရိုက်ရှ်တို့သည် အစ္စလာမ့်စစ်တပ်၏ တိုက်ခိုက်ရည်အားတွေ့မြင်ခဲ့ရပြီးဖြစ်သည်။

ထိပ်သီးခေါင်းဆောင်ပိုင်း၏ ညှိနှိုင်းရေးလိုလားချက်အား အချို့သော စစ်သွေးကြွ ကိုရိုက်ရှ်လူငယ်ပိုင်းများက သဘောမကျခဲ့ပေ။ မုစ်လင်မ်စစ်တပ်အတွင်း ညအချိန်ခိုးဝင်ပြီး စစ်မီးတောက်စေရန် ဆုံးဖြတ်ခဲ့ကြသည်။ အင်အား (၇၀)၊(၈၀)ခန့်ရှိ လူငယ်အချို့သည် သန်အီးမ်တောင်မှ ဆင်းကာ အစ္စလာမ့်စစ်တပ်ထဲ ခိုးဝင်ရန်စစ်ဆင်ခဲ့သည်။ သို့သော် အစ္စလာမ့်အစောင့်တပ်ဦးစီးမှူးဖြစ်သူ မုဟမ္မဒ်ဗင်နမတ်စ်လမဟ် ﷺက ၎င်းတို့အား ဖမ်းဆီးနိုင်ခဲ့သည်။ တမန်တော်မြတ်သည် ညှိနှိုင်းရေးပြုလုပ်လိုသောကြောင့် ပြန်လွှတ်ပေးခဲ့သည်။ ထိုအခါ ဤအာယတ်ကျရောက်လာခဲ့သည်။

وَهُوَ ٱلَّذِي كَفَّ أَيْدِيَهُمْ عَنكُمْ وَأَيْدِيَكُمْ عَنْهُم بِبَطْنِ مَكَّةَ مِنۢ بَعْدِ أَنْ أَظْفَرَكُمْ عَلَيْهِمْ ۚ وَكَانَ ٱللَّهُ بِمَا تَعْمَلُونَ بَصِيرًا ﴿٢٤﴾

အွတ်ဆ်မားန်သခင်အား ကိုရိုက်ရှ်ဆီ သံတမန်အဖြစ်စေလွှတ်ခြင်း

တမန်တော်မြတ်သည် မိမိ၏ရပ်တည်ချက်အား ကိုရိုက်ရှ်များသိစေရန် သံအမတ်စေလွှတ်လိုခဲ့သည်။ အုမရ်ဗင်ခတ္တ်သွားဗ်အား စေလွှတ်

ရန်ခေါ်ခဲ့သည်။ သို့သော် အုမရ်သခင်က မိမိအပေါ်ထိခိုက်လာပါက ကာကွယ်ပေးမည့် အဒိုယ်မျိုးနွယ်များ မက္ကာဟ်တွင် မရှိကြောင်း လျောက်ထားခဲ့သည်။ အုဆ်မားန်သခင်အား စေလွှတ်ရန် အကြံပြုခဲ့သည်။ တမန်တော်မြတ်သည် အုဆ်မားန်သခင်အား မက္ကာဟ်သို့ကိုယ်စားလှယ်အဖြစ် စေလွှတ်ခဲ့သည်။ စေလွှတ်စဉ် မိမိသည် စစ်တိုက်ရန်မဟုတ်ကြောင်း၊ အွမ်ရဟ်ပြုလုပ်ရန် လာကြောင်း နှင့် ဒအ်ဝသ်ပေးရန် မှာတမ်းမိန့်ကြားခဲ့သည်။

အွတ်ဆ်မားန်သခင်သည် မက္ကာဟ်သို့သွားခဲ့ပြီး ကိုရိုက်ရှ်များ ရှိရာ ဘလ်ဒဟ်နေရာအားဖြတ်သွားခဲ့သည်။ ကိုရိုက်ရှ်များက ဘယ်ကိစ္စကြောင့် လာသလဲဟု မေးလေရာ တမန်တော်မြတ်ကစေလွှတ်ကြောင်း ဖြေကြားခဲ့သည်။ ကိုရိုက်ရှ်များက အသင်ပြောရာနားထောင်ခဲ့ပြီးဖြစ်သည်။ အသင့်လိုအပ်ချက်အား အကောင်ထည်ဖော်ဆောင်ရွက်နိုင်သည်ဟု ပြောဆိုခဲ့သည်။ အဗားန်ဗင်န် စအီးဒ်ဗင်န် အာဆွဲရောက်လာခဲ့ပြီး ကြိုဆိုကမ်းလင့်ခဲ့သည်။ မြင်းစီးကာ မက္ကာဟ်သို့အတူတကွခေါ်ဆောင် သွားခဲ့သည်။ မက္ကာဟ်သို့ရောက်သောအခါ ကိုရိုက်ရှ် ထိပ်သီးခေါင်းဆောင် များအား တမန်တော်မြတ်စာလွှာကို ပေးပို့ခဲ့သည်။ ကိုရိုက်ရှ်များက သွဝါးဖ်ပြုလုပ်နိုင်ကြောင်း ကမ်းလှမ်းခဲ့သော်လည်း တမန်တော်မြတ်သွဝါးဖ်မလုပ်မီ မိမိမလုပ်နိုင်ကြောင်း အွတ်စ်မားန်သခင်က ငြင်းဆန်ခဲ့သည်။

ဗိုင်အသုလ်ရစ်သွဝါးန်

ကိုရိုက်ရှ်များသည် တမန်တော်မြတ်၏သဝဏ်လွှာအား ဖြေကြားရန် ဆုံးဖြတ်ချက်ချနိုင်ရေး ဆွေးနွေးမှုများပြုလုပ်ခဲ့ကြသည်။ အုဆ်မားန်သခင်သည် ကိုရိုက်ရှ်များထံတွင် အတန်ကြာနေရလေသည်။ တစ်ဖက်တွင်

မုစ်လင်မ်များအတွင်း အွတ်ဆ်မားန်သခင် ရှဟီးဒ်လုပ်ခံရပြီဟု ကောလ ဟာလသတင်းပြန့်လာခဲ့သည်။ ထိုအခါတမန်တော်မြတ်သည် အဆွဲဟားဗ် တော်များအား ဗိုင်အပ်သစ္စာနှံရန် ခေါ်ယူခဲ့သည်။ လူများသည် အသီးသီး ဗိုင်အသ်ယူခဲ့ကြသည်။ ပထမဆုံး ဗိုင်အဟ်ယူခဲ့သူမှာ အဗူစေနားန် အစဒီ ဖြစ်သည်။ တမန်တော်မြတ်သည် အုဆ်မားန်သခင်တွက် ကိုယ်စား ဗိုင်အသ် ရယူပေးခဲ့သည်။ အုဆ်မားန်သခင်ပြန်လည်ရောက်ရှိလာသောအခါ ဗိုင်အသ် ယူခဲ့သည်။ ဗိုင်အသ်မယူခဲ့သည်မှာ မုနာဖိက်ထဲမှ ဂျတ်ဒ်ဗင်န်ကိုင်းစ်ဆိုသူ တစ်ဦးတည်းသာဖြစ်သည်။

တမန်တော်မြတ်သည် သစ္စာအပ်နှံမှုအား သစ်ပင်အောက်တွင် ရယူခဲ့ခြင်း ဖြစ်သည်။ အုမရ်သခင်သည် တမန်တော်လက်တော်အား ကိုင်ယူခဲ့ သည်။ မအ်ကင်လ်ဗင်နယ်စားရ်သည် တမန်တော်မြတ်ပေါ်မှ သစ်ကိုင်း အခက်အားယူခဲ့သည်။ ဤသစ္စာအပ်နှံမှုသည် ဗိုင်အသုလ် ရစ်သွဲဝါးန် ဟုခေါ်တွင် သည်။

ဟိုဒိုင်ဗီယဟ် ငြိမ်းချမ်းရေးဆွေးနွေးခြင်း

ကိုရိုက်ရှ်များသည် မိမိတို့ ကြပ်တည်းနေသည်အား ခံစားသိရှိခဲ့သည်။ စာချုပ်ချုပ်နိုင်ရန်အတွက် စိုဟိုင်းလ်ဗင်နအမ်ရ်အား အလျင်စလို စေလွှတ်ခဲ့ သည်။ စိုဟိုင်းလ်ရောက်လာချိန် အသင်တို့အရေးလွယ်ကူစေပြီဟု ချစ်နဗီက မိန့်ဆိုခဲ့သည်။ အားလုံးကလည်း ငြိမ်းချမ်းရေးစာချုပ်ချုပ်ဆိုရေးကို လိုလား ခဲ့သည်။ ဆိုဟိုင်းလ်ရောက်လာခဲ့ပြီး အချိန်ကြာမြင့်စွာဆွေးနွေးပြီးနောက် အောက်ပါ သဘောတူညီချက်များ ထုတ်ပြန်ခဲ့သည်။

၁။ တမန်တော်မြတ်နှင့် နောက်လိုက်များသည် ယခုနှစ်တွင် ပြန်ရမည် ဖြစ်သည်။ လာမည့်နှစ်တွင်သာ အွမ်ရဟ်ပြုရမည်ဖြစ်သည်။ လာရောက်သည့် အခါလည်း သုံးရက်သာတည်းခွင့်ရှိမည်ဖြစ်သည်။

၂။ စစ်ရပ်စဲရေးကာလသည် ၁၀နှစ်ဖြစ်သည်။ တစ်ဦးကိုတစ်ဦးတိုက်ခိုက်ခြင်း မပြုရပါ။

၃။ တမန်တော်မြတ်နှင့်မဟာမိတ်ဖွဲ့လိုကဖွဲ့နိုင်ပြီး ကိုရိုက်ရှ်များနှင့် မဟာ မိတ်ဖွဲ့လိုက ဖွဲ့နိုင်သည်။ မည်သည့်အဖွဲ့နှင့် မဟာမိတ်ဖွဲ့သည် ဖြစ်စေ ထိုအဖွဲ့ ၏ အစိတ်အပိုင်းဖြစ်သည်။ မဟာမိတ်အဖွဲ့အပေါ် တစုံတရာထိပါးလာပါက အားလုံးအပေါ်သက်ရောက်မည်ဖြစ်သည်။

၄။ အုပ်ထိန်းသူအမိန့်မပါဘဲ တမန်တော်ထံရောက်လာသူများအား ကိုရိုက်ရှ်ထံ လွှဲအပ်ရမည်ဖြစ်သည်။ တစ်ဦးတစ်ယောက်သည် တမန်တော်မြတ်ထံမှ ကိုရိုက်ရှ်ထံ ရောက်လာပါကပြန်လွှဲအပ်မည်မဟုတ်ပါ။

စာချုပ်ရေးသားမှုပြီးဆုံးသွားခဲ့သည်။ စာချုပ်ပြီးနောက် ခိဇာအဟ် မျိုးနွယ်သည် တမန်တော်မြတ်နှင့်မဟာမိတ်ဖွဲ့ခဲ့သည်။ ခိဇာအဟ်မျိုးနွယ် သည် အဗ်ဒုလ်မွတ်သွိလစ်ဗ်ခေတ်ကတည်းမှ ဗနီဟာရှင်မ်၏ မဟာမိတ် ဖြစ်ခဲ့သည်။ ဗက်ရ်မျိုးနွယ်သည် ကိုရိုက်ရှ်နှင့် မဟာမိတ်ချုပ်ဆိုခဲ့သည်။

ရွှေ့ပြောင်းလာသူအမျိုးသမီးများအား ပြန်ပို့ရန်တားမြစ်ခြင်း

မုအ်မင်နအမျိုးသမီးများသည် ဟစ်ဂျ်ရဟ်ပြုပြောင်းရွှေ့လာခဲ့ကြ သည်။ အုပ်ထိန်းသူများသည် ဟိဒိုင်ဗီယဟ် စာချုပ်အရ ပြန်ပို့ပေးရန် တောင်းဆိုခဲ့ကြသည်။ တမန်တော်မြတ်က စာချုပ်ပါစည်းကမ်းချက်အတိုင်း ပယ်ချခဲ့သည်။ စာချုပ်တွင်ချုပ်ဆိုထားသည်မှာ အမျိုးသားများကိုသာ

ပြန်ပို့ရမည် ဖြစ်သဖြင့် အမျိုးသမီးများအကြိုးမဝင်ပါ။ ကိုယ်တော်မြတ်သည် ကုရ်အာန်စည်းကမ်းချက်များအတိုင်း စစ်ဆေးခဲ့ပြီး သစ္စာနှံစေခဲ့သည်။ အလ္လာဟ်အရှင်မြတ်ဘက်မှအာယဟ်တော်ချပေးခဲ့သည်။

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوٓاْ إِذَا جَآءَكُمُ ٱلْمُؤْمِنَٰتُ مُهَٰجِرَٰتٖ فَٱمْتَحِنُوهُنَّ ۖ ٱللَّهُ أَعْلَمُ بِإِيمَٰنِهِنَّ ۖ فَإِنْ عَلِمْتُمُوهُنَّ مُؤْمِنَٰتٖ فَلَا تَرْجِعُوهُنَّ إِلَى ٱلْكُفَّارِ ۖ لَا هُنَّ حِلّٞ لَّهُمْ وَلَا هُمْ يَحِلُّونَ لَهُنَّ ۖ وَءَاتُوهُم مَّآ أَنفَقُواْ ۚ وَلَا جُنَاحَ عَلَيْكُمْ أَن تَنكِحُوهُنَّ إِذَآ ءَاتَيْتُمُوهُنَّ أُجُورَهُنَّ ۚ وَلَا تُمْسِكُواْ بِعِصَمِ ٱلْكَوَافِرِ

يَٰٓأَيُّهَا ٱلنَّبِيُّ إِذَا جَآءَكَ ٱلْمُؤْمِنَٰتُ يُبَايِعْنَكَ عَلَىٰٓ أَن لَّا يُشْرِكْنَ بِٱللَّهِ شَيْـٔٗا وَلَا يَسْرِقْنَ وَلَا يَزْنِينَ وَلَا يَقْتُلْنَ أَوْلَٰدَهُنَّ وَلَا يَأْتِينَ بِبُهْتَٰنٖ يَفْتَرِينَهُۥ بَيْنَ أَيْدِيهِنَّ وَأَرْجُلِهِنَّ وَلَا يَعْصِينَكَ فِي مَعْرُوفٖ فَبَايِعْهُنَّ وَٱسْتَغْفِرْ لَهُنَّ ٱللَّهَ ۖ إِنَّ ٱللَّهَ غَفُورٞ رَّحِيمٞ ○

မွတ်စ်လင်များ ဝမ်းနည်းခြင်းနှင့် အုမရ် ﷺ ၏ ဆွေးနွေးမှု

ငြိမ်းချမ်းရေးစာချုပ်ပါ စည်းကမ်းချက်များကြောင့် မွတ်စ်လင်များကြောင့်ဝမ်းနည်းနေခဲ့ရသည်။ အုမရ်သခင်သည် အားလုံးထက်ပိုမို ဝမ်းနည်းခဲ့သည်။ တမန်တော်မြတ်ထံသွားရောက်ခဲ့ပြီး ကိုယ်တော်...ကျွန်တော်တို့ အမှန်တရားပေါ်ရှိပြီး သူတို့ကလမ်းမှားပေါ်ရှိနေတာ မဟုတ်လေလား? ဟု ပြောခဲ့သည်။ ကိုယ်တော်မြတ်က သူတို့သာအမှားပေါ်ရှိနေသည်ဟု ဖြေကြားလေသည်။ “ကိုယ်တော်...ကျွန်တော်တို့ရဲ့သေဆုံးသူတွေက ဂျန္နသ်မှာ ရှိပြီး သူတို့ရဲ့သေဆုံးသူတွေက ဂျဟန္နမ်မှာရှိနေခြင်း မဟုတ်လေလား?” ဟု မေးလေရာတမန်တော်မြတ်က“ဟုတ်ပါတယ်”ဟုဖြေကြားခဲ့သည်။

“ကျွန်တော်တို့ ကအ်ဗဟ်ကို သွဝါးဖ်လုပ်ရမည်ဟု ကိုယ်တော်ပြောခဲ့လေလား?”ဟုမေးမြန်းလေရာ ချစ်နဗီက “ပြောခဲ့ပေမယ့် ယခုနှစ်လို့ ပြောခဲ့လား” ဟု မေးခွန်းထုတ်ခဲ့သည်။ အသင်သည်ကအ်ဗဟ်အား သွဝါးဖ်လုပ်ရန် လာရမည်ဟု တမန်တော်မြတ်က ဖြေကြားခဲ့သည်။

အုမရ်သခင်သည် အဗူဗက်ရ်သခင်ထံသွားရောက်ခဲ့သည်။ တမန်တော်မြတ်အား ပြောခဲ့သည့် စကားများအား ပြောလေရာ အဗူဗက်ရ်သခင်သည် တမန်တော်မြတ် အဖြေပေးခဲ့သည့်နည်းတူ ပြန်လည်အဖြေပေးခဲ့သည်။ “အသင်သည် ကိုယ်တော်မြတ်၏ဆုံးဖြတ်ချက်အား သေသည်အထိစွဲကိုင်ပါ။ အမှန်တရားပေါ်တွင်သာရှိသည်”ဟု ထပ်လောင်းပြောဆိုခဲ့သည်။ ပြီးနောက် ဤအာယဟ်ကျရောက်လာခဲ့သည်။

إِنَّا فَتَحْنَا لَكَ فَتْحًا مُّبِينًا ○

တမန်တော်မြတ်သည် အာယဟ်ကျရောက်ချိန် အုမရ်သခင်အား အခေါ်လွှတ်စေခဲ့သည်။ အာယဟ်တော်အားဖတ်ကြားခဲ့သည်။ အုမရ်သခင်က ထိုစဉ်အခါက ပြောခဲ့သောအောင်နိုင်ခြင်းလား?ဟုမေးမြန်းခဲ့ရာ ကိုယ်တော်မြတ်က မှန်ကန်ကြောင်း ပြောဆိုခဲ့သည်။

အုမရ်သခင်သည် မိမိကျူးလွန်ပြောဆိုခဲ့သည့် အရာများအပေါ် နောက်တရကာ ထိုကျူးလွန်မှုအတွက် ကောင်းမှုများပြုလုပ်ခဲ့သည်။ ကောင်းခြင်းဖြစ်စေရန်မျှော်လင့်ကာ မိမိကျူးလွန်မိခဲ့သောပြောဆိုခြင်း အတွက် အလှူဒါနပေးခြင်း၊ ဆွေယားမ်စောင့်ထိန်းခြင်းနှင့် ဆွလားဟ်ဝတ်ပြုခြင်း အပြင် ကျွန်များအားသူကောင်းပြုခဲ့လေသည်။

အစိုးရအာဏာပိုင်များ၊ ဘုရင်များထံ သဝဏ်လွှာပို့ဆောင်ခြင်း

ဟစ်ဂျ်ရီ(၆)ခုနှစ်အဆုံးပိုင်း ဟိုဒိုင်ဗီယဟ်မှ ပြန်လာခဲ့စဉ် တမန်တော်မြတ်သည် ဘုရင်များထံ စာသဝဏ်လွှာများရေးသားပေးပို့ခဲ့သည်။ သဝဏ်လွှာတွင်တံဆိပ်ခတ်နှိပ်မှသာ အာဏာပိုင်များက လက်ခံကြောင်း သိရှိသည့်အခါ နဗူဝသ်တံဆိပ်ခတ်နှိပ်စေခဲ့သည်။ နဗူဝသ်တံဆိပ်တွင် مُحَمَّدٌ رَسُوْلُ اللهِ ဟုခတ်နှိပ်ခဲ့သည်။

တမန်တော်မြတ်သည် အောက်ပါဘုရင်များထံ သဝဏ်လွှာပေးပို့ခဲ့သည်။

၁။ ဟဗ်ရှဟ် ဘုရင် နဂျာရှီ

၂။ အီဂျစ်ဘုရင် မိုကောင်ဝ်ကစ်

၃။ ပါရှန်းဘုရင် ကစ္စရာ

၄။ ရောမဘုရင် ကိုင်ဆာရ်

၅။ မွန်ဇစ်ရ်ဗင်နစ်စာဝီ ﷺ

၆။ ယမာမဟ်ဘုရင် ဟောင်ဇဟ်ဗင်နအလီ

၇။ ဟာရစ်ဆ်ဗင်နရှမ်ရ် ဂတ်စာနီ

၈။ ဒမတ်စ်ကတ် ဘုရင်

၉။ အိုမန်ဘုရင်

တမန်တော်မြတ်သည် စာလွှာများဖြင့် အာဏာပိုင်များအား ဒဟ်ဝသ်ပေးခဲ့သည်။ အချို့က အီမာန်ယုံကြည်ခဲ့ကြပြီး ကျန်ရှိသူများက လက်မခံခဲ့ပေ။ သို့သော် တမန်တော်မြတ်သည် ၎င်းတို့အား အစွမ်းသာသနာနှင့် မိမိသည် နဗီဖြစ်ကြောင်းသိစေခဲ့သည်။

ခိုင်ဗရ်စစ်ပွဲ

ခိုင်ဗရ်သည် မဒီနဟ်နှင့်မြောက်အရပ် မိုင်(၈၀)အကွာတွင်ရှိပြီး ခံတပ်များနှင့် စိုက်ခင်းများ ပေါကြွယ်ဝသောမြို့ဖြစ်သည်။

စစ်ပွဲဖြစ်ပွားရခြင်း

ခိုင်ဗရ်သည် မွတ်စ်လင်မ်တို့နှင့်ဆန့်ကျင်ဘက် အကောက်ကြံစည်မှုများ၏ ရုံးချုပ်ဖြစ်သည်။ နောက်ကွယ်မှနေ၍ ပဋိပက္ခများ၊ မတည်ငြိမ်မှုများ၊ စစ်ပွဲများ ဖြစ်ပွားစေသော ကြံစည်မှုများ အမြစ်တွယ်ပေါက်ဖွားရာ မြို့ဖြစ်သည်။ အဟ်ဇားဗ်စစ်ပွဲတွင် မဟာမိတ်များစုစည်းခဲ့သည်မှာ ခိုင်ဗရ်မှဖြစ်သည်။ ကိုရိုင်သွဟ်မျိုးနွယ်အား ကတိဖောက်ဖျက်ရန် လှုံ့ဆော်မှု ၊ မုနာဖိုက်အယောင်များနှင့် ဆက်သွယ်မှု၊ မွတ်စ်လင်မ်များကို စစ်မက်ခင်းလိုသော အရဗ်ကျေးလတ်သားများ၊ ဂတ်သ်ဖွါးန်မျိုးနွယ်များနှင့် ဆက်သွယ်ခဲ့မှု ၊ တမန်တော်မြတ်အားလုပ်ကြံမှုအဆုံးထိ ကျူးလွန်ခဲ့ခြင်းမှာ ခိုင်ဗရ်မှဖြစ်သည်။ မွတ်စ်လင်မ်များသည် ကြီးမားသောအန္တရာယ်နှင့်ရင်ဆိုင်နေရသော်လည်း ပိုမိုအရေးပါသော ကိုရိုက်ရှ်များနှင့်ရင်ဆိုင်တွေ့နေရသဖြင့် ခိုင်ဗရ်အပေါ် အရေးယူရန် အချိန်ဆိုင်းနေခဲ့ရသည်။ ကိုရိုက်ရှ်များနှင့် ရင်ဆိုင်မှု တစ်ခန်းရပ်ချိန် ရာဇဝတ်သားများရှိရာ ခိုင်ဗရ်အား ထိပ်တိုက်ရင်ဆိုင်နိုင်ရန် အခွင့်သာလာခဲ့သည်။

ခိုင်ဗရိသို့ထွက်ခွါခြင်း

တမန်တော်မြတ်သည် ခိုင်ဗရိသို့ထွက်ခွါရန် ကြေညာချက် ထုတ်ပြန်ခဲ့သည်။ အင်အား (၁၄၀၀)ရှိခဲ့သည်။ မဒီနဟ်ရှိ ဂျူးလိုလားသူ မုနာဖိက်အယောင်အဆောင် ခေါင်းဆောင်ဖြစ်သူ အဗ်ဒုလ္လာဟ်ဗင်န် အိုဗိုင့်ယ်ဗင်န်စလူးက ခိုင်ဗရိရှိဂျူးများထံ တမန်တော်မြတ် ခိုင်ဗရိသို့ ဦးတည်ထွက်ခွါလာကြောင်း သတင်းပေးလေသည်။ အစ္စလာမ်စစ်တပ်သည် အင်အား၊ လက်နက်နည်းကြောင်းနှင့် ခိုင်ဗရိသည် အင်အားများပြီး လက်နက်လုံလောက်ကြောင်း မုနာဖိက်များက ဂျူးများကို ပြောဆိုခဲ့သည်။ ဂျူးများသည် သတင်းရရခြင်း မဟာမိတ်များဖြစ်သည့် ကေနာနဟ်နှင့်ဟောင်ဇဟ်အား စစ်နိုင်ပါက ခိုင်ဗရိထွက်သီးနှံတစ်ဝက်ပေးမည်ဟု မက်လုံးပေး ကြေးစားခေါ်ယူခဲ့သည်။

ခိုင်ဗရိဆီသို့

တမန်တော်မြတ်သည် ခိုင်ဗရိသို့သွားရာတွင် အဆွဲရိတောင်လမ်းတိုင်းသွားခဲ့သည်။ ထိုမှတဆင့် ဆွဟ်ဗာ့အ်လမ်းကြောင်းအတိုင်းသွားကာ ရဂျီးအ်တောင်လက်ကြားတွင် စခန်းချတပ်စွဲခဲ့သည်။ တစ်ဖက်တွင် ဂတ်သ်ဖွါးန်သည်လည်း ဂျူးများအား ကူညီရန် ထွက်ခွါလာခဲ့သည်။ တမန်တော်မြတ်နှင့် ဂတ်သ်ဖွါးန်မျိုးနွယ်များနေရပ်သည် တစ်ရက်၊တစ်ည အကွာအဝေးရှိသည်။ ဂတ်သ်ဖွါးန်သည် အကူအညီပေးရန်ထွက်လာစဉ် လမ်းခရီးတွင် မိမိတို့နောက် ကျန်ရစ်နေခဲ့သည့် မိသားစုများအား အစ္စလာမ့် စစ်တပ်က စီးနင်းနေသည်အထင်ဖြင့် တပ်ဆုတ်လာခဲ့သည်။

အောင်နိုင်ရေး သတင်းစများ

ဝင်ရောက်စီးနင်းမည့်ညတွင် မနက်ဖြန်၌ အလ္လာဟ်နှင့်အလ္လာဟ် တမန်တော် အားချစ်သူ၊ ၎င်းကိုလည်း အလ္လာဟ်နှင့် အလ္လာဟ်တမန်တော်က ချစ်မြတ်နိုးသူအား အလံကိုင်အဖြစ် ပေးအပ်မည်ဟု တမန်တော်မြတ်က မိန့်ကြားခဲ့သည်။ ဆွဟာဗဟ်များက ကိုယ်တော်မိန့်သည့် အလံကိုင်ဖြစ်လိုခဲ့ ကြသည်။ မနက်ရောက်သောအခါ တမန်တော်မြတ်က အလီသခင် ဘယ်မှာ နည်းဟုမေးခဲ့သည်။ ဆွဟာဗဟ်များက အလီသခင် မျက်စိနာ နေကြောင်း လျှောက်ထားလေရာ တမန်တော်မြတ်က အခေါ်လွှတ်ခဲ့သည်။ တမန် တော်မြတ်သည် အလီ ﷺ ၏မျက်လုံးအား တံတွေးစွတ်ပေးခဲ့ကာဒုအာ တောင်းခံပေးခဲ့သည်။ နာကျင်မှုသည် မဖြစ်ခဲ့သလို အရှင်းပျောက်သွားခဲ့သည်။ အလီသခင်အား အလံကိုင်တာဝန်ပေးအပ်ခဲ့ သည်။ အလီသခင်က ကျွန်တော် တို့ကဲ့သို့ဖြစ်လာသည်အထိ ရန်သူများအား တိုက်ခိုက်ချေမှုန်းမည်ဟု ပြောဆိုခဲ့ သည်။ တမန်တော်မြတ်က အလီသခင်အား အသင့်စနစ်အတိုင်းသာ လျှောက်လှမ်းပါ။ အသင် ရန်သူ့စစ်မြေပြင်ရောက်ချိန်တွင် ဒအ်ဝသ်ပေးပါ။ ၎င်းတို့အပေါ် တာဝန်ထိုက်နေသည့် အလ္လာဟ်အရှင်မြတ်နှင့်ပတ်သတ်သည့် တာဝန်ဝတ္တရားများအကြောင်း အသိပေးပါ။ အလ္လာဟ်အားတိုင်တည်ပါ၏။ အသင့်ကြောင့် လူတစ်ဦးတရားလမ်းမှန်ရခြင်းသည် အသင်ကုလားအုတ်အနီ ရောင်ရသည်ထက် ပိုကောင်းသည်ဟု မိန့်ကြားခဲ့သည်။

ခံတပ်များအနီးတိုက်ခိုက်ခြင်းနှင့် ခိုင်ဗရ်အားအောင်နိုင်ခြင်း

ခံတပ်အနီးတဝိုက်တွင် စစ်ပွဲများပြင်းထန်ခဲ့သည်။ ဂျူးဘက်မှ ခေါင်းဆောင်ပိုင်းအချို့သတ်ဖြတ်ခံရသောကြောင့် ဂျူးကာကွယ်ရေး ပျက်စီးခဲ့သည်။ မွတ်စ်လင်မ်များ၏ ထိုးစစ်အားမကာကွယ်နိုင်တော့ပေ။ ရက်အတန်ကြာခဲ့ပြီး မွတ်စ်လင်များ၏ထိုးစစ်အား ဂျူးများဟန့်တားနိုင် ခြင်းမရှိတော့ပေ။ ဆွအ်ဗ်ခံတပ်ဆီရွှေ့ပြောင်းသွားခဲ့ကြသည်။ မွတ်စ်လင်မ် များသည် နာအင်မ်ခံတပ်အား သိမ်းပိုက်နိုင်ခဲ့သည်။

ဆွေးနွေးရေးများ

ဂျူးများဘက်မှ အစ်ဗ်နို့အဘီဟကီးက်သည် တမန်တော်မြတ်အား ဆွေးနွေးရေးလုပ်ရန် ကမ်းလှမ်းခဲ့သည်။ တမန်တော်မြတ်က လက်ခံခဲ့သည်။ ၎င်း၏ ကမ်းလှမ်းချက်မှာ

၁၊ ခံတပ်များအတွင်းရှိဂျူးစစ်သားများအသက်အာမခံချက်ရရှိရေး။

၂။ ခိုင်ဗရ်မှစစ်တပ်မိသားစုလိုက်ထွက်ခွါရေး။

၃။ တမန်တော်မြတ်အတွက် ခိုင်ဗရ်ပိုင်ဆိုင်မှုများအလုံးစုံရရှိစေခြင်း။ မိမိတို့ခန္ဓာပေါ်ရှိ အဝတ်တစ်စုံသာပိုင်ဆိုင်စေခြင်း။

တမန်တော်မြတ်သည် အသင်တို့ဖုံးကွယ်ခဲ့လျှင် အလ္လာဟ်နှင့် အလ္လာဟ်ရစူလ်၏ အာမခံချက်ပျက်ပြယ်မည်ဖြစ်ကြောင်း သတိပေးခဲ့သည်။ ကမ်းလှမ်းချက်ညှိနှိုင်းသဘောတူပြီးနောက် ခိုင်ဗရ်ခံတပ်များအား အလုံးစုံသိမ်းပိုက်နိုင်ခဲ့သည်။

တမန်တော်မြတ်သည် ခိုင်ဗရိမ့ဂျူးများအား နယ်နှင်ဒဏ်ပေးရန် လိုလားခဲ့သည်။ ဂျူးများက ခိုင်ဗရိစိုက်ပျိုးမြေအကြောင်း မိမိတို့သာ အသိဆုံးဖြစ်ကြောင်းပြောလေရာ တမန်တော်မြတ်သည် ၎င်းတို့အား စိုက်ပျိုးစေပြီး သီးနှံထွက်နှုန်း၏(၅၀)ရာခိုင်နှုန်းအား ရာသီတိုင်းပေးဆောင်ရမည်ဟု သတ်မှတ်ခဲ့သည်။ တမန်တော်မြတ်သည် ခိုင်ဗရိအုပ်ချုပ်ရေးမှူးအဖြစ် အဗ်ဒုလ္လာဟ်ဗင်န် ရဝါဟဟ် ﷺ အား ခန့်အပ်ခဲ့သည်။

ခိုင်ဗရိမြေယာများအား (၃၆) ပုံခွဲဝေခဲ့သည်။ တစ်ပုံတိုင်းတွင် (၂၀၀) ပုံဆီစုခဲ့သည်။ စုစုပေါင်းအစုအပုံမှာ (၃၆၀၀) ဖြစ်ခဲ့သည်။ ထိုထဲမှ တမန်တော်မြတ်နှင့် ဆွာဟာဗဟ်များသည် တစ်ဝက်ရရှိမည်ဖြစ်သည်။ ရရှိမည့် အစုအပုံမှာ (၁၈၀၀) ဖြစ်သည်။ တမန်တော်မြတ်သည်လည်း အစ္စလာမ့်တပ်သားတစ်ဦးကဲ့သို့ အစုအပုံတစ်ပုံရရှိမည်ဖြစ်သည်။ ကျန်ရှိ (၁၈၀၀) ပုံအား မွတ်စ်လင်မ်အရေးများနှင့်ပတ်သတ်ပြီး ရန်ပုံငွေအဖြစ်ထားခဲ့သည်။ (၁၈၀၀) ပုံအား ဟိုဒိုင်ဗီယဟ်တွင် ပါဝင်ခဲ့သည့် လူဦးရေ (၁၄၀၀) အတွက် ခွဲဝေပေးခဲ့သည်။ ထိုထဲတွင် မြင်းစစ်သည် (၂၀၀) ပါဝင်သည်။ မြင်းစစ်သည်အား ဝေစုနှစ်ပုံထပ်တိုးပေးခဲ့သည်။ ထို့ကြောင့် မြင်းစစ်သည်သည် (၃)ပုံရရှိခဲ့ပြီး ခြေလျင်တပ်သား သည် တစ်ပုံအသီးသီးရရှိခဲ့သည်။

အဆိပ်ခပ်ခြင်း

ခိုင်ဗရိအားအောင်နိုင်ပြီး အခြေအနေများတည်ငြိမ်လာခဲ့ပြီး ပုံမှန်အတိုင်း သွားလာလှုပ်ရှားနိုင်ခဲ့သည်။ စလွားမ်ဗင်န် မတ်ရှ်ကမ်၏ ဇနီးဖြစ်သူ ဇိုင်နဗ်ဗင်သို့ဟာရစ်ဆ်သည် တမန်တော်မြတ်အား ဆိတ်ကင်ဆက်သခဲ့သည်။ တမန်တော်မြတ် မည်သည့်အစိတ်အပိုင်းစားသုံးခြင်းအား အနှစ်သက်ဆုံး

ဖြစ်သနည်းဟုမေးမြန်းပြီး လက်ဖျံသားအား အဆိပ်ပိုမိုလူးစေခဲ့ပြီး ကျန်အပိုင်းများအား အဆိတ်ခပ်ခဲ့သည်။ အဆိပ်ခပ်ထားသော ဆိတ်ကင်အား ယူဆောင်လာခဲ့သည်။ တမန်တော်မြတ်သည် လက်ဖျံသားအားစားသုံးတော်မူခဲ့လေရာ စားမဝင်ဖြစ်နေခဲ့သဖြင့် ထွေးထုတ်ခဲ့သည်။ အဆိပ်ခပ်သူ ဂျူးအမျိုးသမီးအား ဆင့်ခေါ်ခဲ့ပြီး အပြစ်ဝန်ခံစေခဲ့သည်။ အဘယ့်ကြောင့် ကျူးလွန်သနည်းဟု မေးမြန်းလေရာ အသင်ကအုပ်ချုပ်သူဘုရင်သာဖြစ်လျှင် ကျွန်မတို့အသင့်ရန်မှအေးရမည်ဖြစ်ပြီး နဗီဖြစ်ပါက မှန်ကန်ကြောင်းသိနိုင်မည်ဟု ဖြေကြားခဲ့သည်။ တမန်တော်မြတ်သည် ထိုဂျူးအမျိုးသမီးအား ခွင့်လွှတ်ပေးခဲ့သည်။

မဒီနဟ်သို့ပြန်လှည့်ခြင်း

တမန်တော်မြတ်သည် မဒီနဟ်သို့ပြန်လာခဲ့သည်။ ခရီးတထောက်လျှိုမြောင်တစ်ခုတွင် ဆွဟာဗဟ်များသည် သက်ဗီးရ်အား ကျယ်လောင်စွာအားကုန်အော်ခဲ့ကြသည်။ တမန်တော်မြတ်ကအသင်တို့ ကိုယ်ကြားရုံလောက်သာသက်ဗီးရ်ဆိုပါ။ အသင်တို့ဟစ်ခေါ်နေသောအလျှာဟ်သည် ဆွံ့အသူမဟုတ်ပါ။ အသင်တို့နှင့်အနီးကပ်ဆုံးတွင် ရှိတော်မူသော၊ ခရေစေ့ တွင်းကျကြားသိတော်မူသော အရှင်ဖြစ်သည်။

မုအ်သဟ်စစ်ပွဲ

မွတ်စ်လင်မ်များ အထိနာခဲ့ဆုံးသော စစ်ပွဲဖြစ်သည်။ တမန်တော်မြတ် သက်ရှိထင်ရှားရှိနေစဉ် ဆင်နွှဲခဲ့သော အကြီးကျယ်ဆုံးစစ်ပွဲဖြစ်ခဲ့သည်။ ခရစ်ယာန် နိုင်ငံများအား အောင်နိုင်မှု၏ ရှေ့ပြေးစစ်ပွဲဖြစ်ပြီး ဟစ်ဂျ်ရီ (၈)ခုနှစ် ဂျူမာဒလ်အူလာလတွင်ဖြစ်ပွားခဲ့သည်။

ဖြစ်ပွားရခြင်းအကြောင်းခံ

တမန်တော်မြတ်သည် ဟာရစ်ဆ်ဗင်နအ်ဘိုဝိုင်းရ် အဇ်ဒီအား ဘဆွ်ရာ အကြီးအကဲဆီ သဝဏ်လွှာပေးပို့စေခဲ့သည်။ ကိုင်ဆွရ်ခန့်အပ်သည့် ဆီရီးယား ဒေသ ဘလ်ကော့အ်မြို့တော်ဝန် ရှိုရဟ်ဗီးလ်ဗင်နအမ်ရ် ဂတ်စ္စာနီသည် ဘဆွ်ရာအကြီးအကဲထံ ဟာရစ်ဆ်အား ကြိုးတုပ်ကာဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ ဟာရစ်ဆ် ခေါင်းဖြတ် ရှုဟီးဒ်လုပ်ခံခဲ့ရသည်။

သံတမန်များအား သတ်ဖြတ်ခြင်းသည် အကြီးမားဆုံးစစ်ရာဇဝတ်မှု ဖြစ်သည်သာမက စစ်ကြေညာခြင်းနှင့်ညီမျှသည်။ သတင်းရလျှင်ရချင်း တမန်တော်မြတ်သည် အင်အား (၃၀၀၀) ခန့်ပါရှိသော စစ်တပ်အား ပြင်ဆင်စေခဲ့သည်။ အကြီးမားဆုံးတပ်သားစုရုံးမှုဖြစ်ခဲ့ပြီး ယခင်က အဟ်ဇာဇ်စစ်ပွဲတွင်သာ အင်အား(၃၀၀၀) စုစည်းနိုင်ခဲ့သည်။

တမန်တော်မြတ်၏မှာတမ်းမှူ

တမန်တော်မြတ်သည်စစ်တပ်ဦးစီးမှူးအဖြစ် ဇိုက်ဒ်ဗင်နဟာရေဆဟ် အားခန့်အပ်ခဲ့သည်။ ပြီးနောက် တစ်ဦးကျဆုံးရှဟီးဒ်ဖြစ်ပါက အစဉ်လိုက် ခေါင်းဆောင်လုပ်နိုင်ရန် ဂျအ်ဖရ်ဗင်နအဘီသွာလစ်ဗ်၊ အဗ်ဒုလ္လာဟ်ဗင်နရဝါဟဟ် ﷺ အား ဆင့်ကဲဆင့်ကဲ စစ်ဦးစီးမှူးအဖြစ်ခန့်အပ်ခဲ့သည်။

အစ္စလာမ့်စစ်တပ်၏ စစ်ရေးလှုပ်ရှားမှု

အစ္စလာမ့်စစ်တပ်သည် မအားနဲ့တွင် နှစ်ညတာစခန်းချခဲ့သည်။ ပြီးနောက် ရန်သူ့နယ်မြေစီ ချင်းနင်းဝင်ရောက်ခဲ့သည်။ ဘလ်ကော့အ်ဒေသရှိ ရွာတစ်ရွာတွင် ဟာကြူလီတပ်သားများနှင့်ရင်ဆိုင်ခဲ့ရပြီး ရန်သူ့စစ်တပ်ဖြင့် နိုးလာခဲ့သည်။ အစ္စလာမ့်စစ်တပ်သည် မုအ်သဟ်သို့ရောက်ရှိလာခဲ့ပြီး တပ်စွဲထားခဲ့သည်။ စစ်ဆင်ရေးပြုလုပ်ရန် စီစဉ်ခဲ့ကြပြီး ညာတောင်ပံတပ်တွင် ကွတ်သွဲဗဟ်ဗင်နဲ်ကသာဒဟ် အဇရီ ﷺ အား ထားခဲ့ပြီး ဘယ်တောင်ပံတွင် အိုဗာဒဟ် ဗင်နဲ်မာလို့က် အန်ဆွာရီအား တာဝန်ပေးအပ်ခဲ့သည်။

စစ်ပွဲစတင်ခြင်း

မုအ်သဟ်တွင် စစ်တပ်နှစ်တပ်ထိပ်တိုက်တွေ့ခဲ့ပြီး အင်အားနှစ်သိန်းရှိ ရန်သူ့စစ်တပ်အား အင်အား (၃၀၀၀) ရှိအစ္စလာမ့်စစ်တပ်မှရင်ဆိုင်ခဲ့သည့် ကမ္ဘာ့အဆန်းကြယ်ဆုံးစစ်ပွဲတစ်ပွဲဖြစ်ခဲ့သည်။ သို့သော် အီမာန်လေပြည်လေးများ တိုက်ခတ်လာသော် အံ့ဖွယ်အရာများအား ဆောင်ကျဉ်းလာနိုင်ပေသည်။

တမန်တော်မြတ်အချစ်တော်ဇိုက်ဒ်ဗင်နဲ်ဟာရေဆဟ် ﷺ သည် အလံကိုင်အဖြစ် ရွတ်ရွတ်ခွံခွံသူမတူအောင် ပြိုင်စံရှားတိုက်ခိုက်ခဲ့သည်။ တိုက်ခိုက်ရင်း ရန်သူ့မြားဒဏ်ထိကာ လဲကျချိန် ဂျာအ်ဖရ်ဗင်နဲ်အဘီသွာလစ်ဗ်က အလံကိုင် အဖြစ် တာဝန်ယူခဲ့သည်။ ရန်သူ့စစ်တန်းကြား ထိုးဖောက် တိုက်ခိုက်ရင်း ညာဘက်လက်ဆုံးရှုံးခဲ့ရသည်။ ဘယ်ဘက်လက်ဖြင့်အလံကိုင်ခဲ့သည်။ ဘယ်ဘက်လက်ပါ ထပ်မံဆုံးရှုံးချိန် ပါးစပ်ဖြင့်အလံအားကိုက်ကာ လွှင့်ထူခဲ့သည်။ ဂျာအ်ဖရ်သခင်အား အလ္လာဟ်အရှင်မြတ်သည် ဂျန္နဟ်တွင် အတောင်ပံနှစ်ခုဆင်မြန်းခဲ့ပြီး သွားလို ရာပျံသန်းသွားစေခဲ့သည်။ ထို့ကြောင့်ဂျာအ်ဖရ်သခင်အား

ဂျာအ်ဖရ်သွိုင်ယားရ်(လူပျံတော်ဂျာအ်ဖရ်)ဟု ခေါ်တွင်စေခဲ့သည်။ ဂျာအ်ဖရ်သခင် ရှဟီးဒ်ဖြစ်ချိန် အဗ်ဒုလ္လာဟ်ဗင်နဂရဝါဟဟ်သည် အလံကိုင်ဖြစ်လာခဲ့သည်။ မြင်းစီးလျက် အလံကိုင်ကာ ရှေ့သို့ချီတက်လာခဲ့သည်။ အစပိုင်းတွင် မိမိဦးစီးမှူးဖြစ်လာသဖြင့် မဝံ့မရဲဖြစ်သော်လည်း ရန်သူ့စစ်တန်းများအကြား ထိုးဖောက် တိုက်ခိုက်ရင်း ရှဟီးဒ်ဖြစ်ခဲ့သည်။

ခါလိဒ်ဗင်နဝလီးဒ် ﷺ ၏ဦးဆောင်မှု

စစ်ဦးစီမှူးသုံးဦးလုံး ရှဟီးဒ်ဖြစ်ခဲ့ရသည်။ အဂျ်လားန်မျိုးနွယ်ဝင်ဖြစ်သူ ဆာဗစ်သ်ဗင်နအက်ရမ် ရောက်လာခဲ့ပြီး စစ်ဦးစီးမှူးခန့်အပ်ရန် မုစ်လင်မ်များ အားပြောခဲ့သည်။ ၎င်းအားခန့်အပ်ကြောင်း ဆုံးဖြတ်လေရာ မိမိသည် ထိုက်သက်သူမဟုတ်ကြောင်းပြောဆိုခဲ့သည်။ မုစ်လင်မ်များသည် ခါလိဒ်ဗင်နဝလီးဒ်အား စစ်ဦးစီးမှူးအဖြစ်ခန့်အပ်ခဲ့ကြသည်။ အလံကိုင်အဖြစ် တာဝန်ယူခဲ့ပြီး ရွတ်ရွတ်ခွဲခွဲတိုက်ခိုက်ခဲ့ပြီး ဓါးကိုးချောင်းထိကျိုးခဲ့သည်။ တစ်ဖက်လက်တွင် ယီမင်နိုင်ငံထုတ် ဒိုင်းကာအားကိုင်ဆောင်ခဲ့သည်။

တမန်တော်မြတ်သည် စစ်မြေပြင်မှသတင်းမရောက်ခင်မှာပင် စစ်မြေပြင်၏အခြေအနေသတင်းများအား ဝဟီမှတဆင့်တိုက်ရိုက် သတင်းပေးခဲ့သည်။

စစ်ပွဲအဆုံးသတ်

ပြောင်မြောက်သောစွမ်းရည်များဖြင့် အစွလာမ့်စစ်တပ်သည် ရွတ်ရွတ်ခွဲခွဲ တိုက်ခိုက်ချေမှုန်းခဲ့သည်။ အင်အားသုံးသိန်းရှိသည့် ရောမစစ်တပ်အား လက်နက်အင်အားနည်းပါးသည့် အစွလာမ့်စစ်တပ်က အောင်နိုင်ရန်မှာ အံ့ဖွယ်အရာဖြစ်နေသည်။ အစွလာမ့်တပ်အား ခါလိဒ်ဗင်နဝလီးဒ် ဦးဆောင်

ချိန် ရန်သူပစ်ကွင်းမှ လွတ်မြောက်နိုင်စေရန် အလှည့်အပြောင်းပြုလုပ်နိုင်ခဲ့သည်။

စစ်ပွဲပထမနေ့တွင် ရောမစစ်တပ်နှင့်ရင်ဆိုင်ရာတွင် တစ်နေ့လုံးကြုံကြုံခံကာရင်ဆိုင်နိုင်ခဲ့သည်။ အစ္စလာမ့်စစ်တပ်ပြန်ဆုတ်ခွါရာတွင် ရောမစစ်တပ်မှ လိုက်လံသုတ်သင်နိုင်ခြင်းမရှိရန် စစ်ပရိယာယ်တစ်ခုချမှတ်ခဲ့သည်။ စစ်ပွဲမှအသော့နှင်ပြေးမည်ဆိုပါက ခက်ခဲနေပေသည်။ ရောမစစ်တပ်သည် အလွယ်တကူ လိုက်လံသုတ်သင် နိုင်သွားပေမည်။

ထို့ကြောင့်ခါလိဒ်ဗင်နိုဝလီးဒ်သည် စစ်တပ်စစ်ရေးဗျူဟာအား အလှည့်အပြောင်းပြုလုပ်ခဲ့သည်။ ရှေ့ပြေးတပ်မအား အလယ်တပ်နေရာတွင် ထားခဲ့ပြီး ညာတောင်ပံတပ်နှင့်ဘယ်တောင်ပံတပ်အား ဆန့်ကျင်ဘက်နေရာပြောင်းခဲ့သည်။ ရန်သူတပ်သည် အစ္စလာမ့်စစ်တပ်အတွက် စစ်ကူလာနေသည်ဟု ထင်ခဲ့ကြသည်။ စစ်တပ်နှစ်တပ် ထိပ်တိုက်တွေ့နေရသောအခါ အပြန်အလှန်အင်အားပြသခဲ့ကြသည်။ အစ္စလာမ်စစ်တပ်အား တပ်နေရာချထားရင်း နောက်သို့တဖြည်းဖြည်းဆုတ်ခွါစေခဲ့သည်။ ရောမစစ်တပ်က အစ္စလာမ်စစ်တပ်သည် လှည့်ဖြားပြီး ကန္တာရဆီမျှားခေါ်နေသည်ဟု ထင်ခဲ့ကြပြီး လိုက်လာခြင်းမပြုခဲ့ပေ။

ဤသို့ဖြင့် အစ္စလာမ့်စစ်တပ်သည် အောင်မြင်စွာဆုတ်ခွါလာနိုင်ခဲ့သည်။ ရောမစစ်တပ်သည် နောက်မှလိုက်လံရန်မတွေးခဲ့ကြဘဲ တပ်ပြန်ဆုတ်ခွါခဲ့ကြသည်။ အစ္စလာမ့်စစ်တပ်သည် မဒီနဟ်သို့ပြန်လာခဲ့သည်။

မက္ကာဟ်အောင်နိုင်ခြင်း

ဟိုဒိုင်ဗီယဟ်စာချုပ်ပါ စည်းကမ်းချက်တစ်ချက်မှာ ၃။ တမန်တော်မြတ်နှင့် မဟာမိတ်ဖွဲ့လိုကဖွဲ့နိုင်ပြီး ကိုရိုက်ရှ်များနှင့် မဟာမိတ်ဖွဲ့ လိုကဖွဲ့နိုင်သည်။ မည်သည့်အဖွဲ့ဆီ မဟာမိတ်ဖွဲ့သည်ဖြစ်စေ ထိုအဖွဲ့၏ အစိတ်အပိုင်းဖြစ်သည်။ မဟာမိတ်အဖွဲ့အပေါ် တစုံတရာထိပါးလာပါက အားလုံးအပေါ်သက်ရောက်မည်ဖြစ်သည်။ ဟူသော စည်းကမ်းချက်ဖြစ်သည်။

အထက်ပါစည်းကမ်းချက်အရ ခိုဇာအဟ်မျိုးနွယ်သည် တမန်တော်မြတ်နှင့် မဟာမိတ်ချုပ်ဆိုခဲ့ပြီး ဗက်ရ်မျိုးနွယ်သည် ကိုရိုက်ရှ်နှင့် မဟာမိတ်ချုပ်ဆိုခဲ့သည်။ မျိုးနွယ်စုနှစ်ခုကြား ငြိမ်းချမ်းရေးရရှိခဲ့ကြသည်။ ယခင်က မျိုးနွယ်စုနှစ်စုသည် ရန်ငြိုးကြီးမားသည်။ အစ္စလာမ့်ဥပဒေရောက်လာချိန် စစ်ပြေငြိမ်းရေးစာချုပ်ကြောင့် ငြိမ်းချမ်းလာခဲ့ကြသည်။

ဗက်ရ်မျိုးနွယ်သည် သွေးကြွေးဟောင်းအား ပြန်လည်ရယူနိုင်ရန် အခွင့်အရေးယူခဲ့သည်။ နောင်ဖလ်ဗင်နမုအာဝေယဟ် ဒိုင်လီဦးဆောင်သော အဖွဲ့သည် ညအချိန်၌ ခိုဇာအဟ်မျိုးနွယ်အား ကျူးကျော်တိုက်ခိုက်ခဲ့ကြသည်။ ဝသီးရ်ရေကန်အနီးတွင် စစ်မက်ဖြစ်ပွားခဲ့ပြီး လူတချို့ထိခိုက်ဒဏ်ရာရခဲ့ကြသည်။ မျိုးနွယ်စုနှစ်စုလုံးစစ်ရေးပြင်ခဲ့ပြီး တိုက်ပွဲအသွင်ဆောင် ခဲ့ကြသည်။ ကိုရိုက်ရှ်သည် ဗက်ရ်မျိုးနွယ်အား လက်နက်အင်အား ထောက်ပံ့ပေးခဲ့သည်။ ညအမှောင်အားအခွင့်ကောင်းယူကာ ကိုရိုက်ရှ်စစ်သည်များလည်း တိုက်ခိုက်ခဲ့ကြသည်။ ခိုဇာအဟ်အား ဟရမ်နယ်နိမိတ်ဆီ တွန်းပို့ခဲ့ကြသည်။ ထိုအခါ ဗက်ရ်မျိုးနွယ်က အသင်ကိုးကွယ်ရာသည် ငါတို့ကိုးကွယ်သည့်ဘုရားသခင်ဖြစ်သည်။ ဟု နောင်ဖလ်အားပြောဆိုခဲ့ ကြ သည်။

ကျူးကျော်စစ်ခေါင်းဆောင် နောင်ဖလ်က “ယနေ့ ဘယ်ဘုရား မှမရှိပါ။ အလ္လာဟ်ကစမ် အသင်တို့ ဟရမ်နယ်နိမိတ်အတွင်းမှာ ခိုးဝှက် နေခဲ့ကြတယ်။ ယခုအသင်တို့သွေးကြွေးမယူကြဘူးလား”ဟုပြောခဲ့ သည်။

ဗိုဒိုင်းလ်ဗင်နဲ်ဝရ်ကာ့အ် ခိုဇာအီဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ သည် မဒီနဟ်သို့ သွားရောက်ခဲ့ပြီး တမန်တော်မြတ်အား ဖြစ်ကြောင်းကုန်စင် အစီရင်ခံတင်ပြခဲ့သည်။

မက္ကဟ်ဆီသို့

အစ္စလာမ့်တပ်ခွဲများသည် လမ်းကြောင်းအသီးသီးဖြင့် မက္ကဟ်သို့ ဝင်ရောက်လာခဲ့ကြသည်။ တမန်တော်မြတ်သည် မုဟာဂျိရ်၊ အန်ဆွာရီများ ခြံရံလျက် မတ်စ်ဂျစ်ဒ်ဟရမ်ထဲ ဝင်ရောက်ခဲ့သည်။ ဟဂျ်ရ်အတ်စ်ဝတ်ဒ်အား နမ်းရှုပ်ခဲ့သည်။ ကအ်ဗဟ်အားသွဝါးဖ်လုပ်ခဲ့သည်။ တမန်တော်မြတ်သည် လေးကိုင်းတစ်ခုအားကိုင်ဆောင်ထားခဲ့သည်။ ထိုလေးကိုင်းဖြင့် ကအ်ဗဟ် အတွင်းရှိ ရုပ်ပွားဆင်းတု (၃၆၀)အားဖယ်ရှားခဲ့သည်။ အောက်ပါ အာယဟ် တော် များအား ဖတ်ရွတ်ခဲ့သည်။

وَقُلْ جَآءَ ٱلْحَقُّ وَزَهَقَ ٱلْبَٰطِلُ ۚ إِنَّ ٱلْبَٰطِلَ كَانَ زَهُوقًا ○

قُلْ جَآءَ ٱلْحَقُّ وَمَا يُبْدِئُ ٱلْبَٰطِلُ وَمَا يُعِيدُ ○

လူထုမိန့်ခွန်း

တမန်တော်မြတ်သည် ကအ်ဗဟ်အတွင်းသို့ ဗေလားလ်သခင်၊ အိုစာမဟ်သခင်တို့နှင့် ဝင်ရောက်ခဲ့ပြီး တံခါးပိတ်ခဲ့သည်။ တံခါးနှင့်ယှဉ်လျက် ရှိသောနံရံနှင့် သုံးတောင်အကွာတွင်ရပ်ခဲ့ပြီး ဆွလားဟ်ဝတ်ပြုခဲ့သည်။ ဘယ်ဘက်တွင် တိုင် (၂) တိုင် ရှိပြီး ညာဘက်တွင် တိုင်တစ်တိုင်ရှိသည်။ ကိုယ်တော်မြတ်နောက်တွင် တိုင် (၃) တိုင်ရှိသည်။ ထိုခေတ်အခါက ကအ်ဗဟ်အား တိုင် (၆) တိုင်ဖြင့်ထူထားခဲ့ သည်။

ပြီးနောက်တမန်တော်မြတ်သည် ကအ်ဗဟ်အတွင်းလှည့်လည်ခဲ့ သည်။ တံခါးပြန်ဖွင့်ခဲ့သည်။ ကိုရိုက်ရှ်များသည် တမန်တော်မြတ် မည်သို့ အရေးယူမည်အား အုတ်အော်သောင်းနင်း စောင့်နေခဲ့ကြသည်။ တမန်တော် မြတ်သည် ဤသို့ မိန့်ခွန်းဟောကြားခဲ့သည်။

"အလ္လာဟ်သာလျှင်ကိုးကွယ်ရာဖြစ်သည်။ တုဖက်ယှဉ်ပြိုင်ခြင်းခံ ထိုက်သူမရှိ။ အရှင်မြတ်သည် မိမိကတိတော်အား အတည်ဖြစ်စေခဲ့သည်။ မိမိကျေးကျွန်အား ကူညီစောင်မခဲ့သည်။ အစုအဖွဲ့များအား အောင်နိုင်စေခဲ့ သည်။ ကအ်ဗဟ်အား ထိန်းသိမ်းရေးနှင့် ဟဂျ်ပြုလုပ်သူများအား ဝန်ဆောင်မှု ပေးခြင်းမှလွဲ၍ ကျန်ရှိသော အမှောင်ခေတ်၏ အမှတ်အသားများသည် ပျက်ပြယ်ပြီဖြစ်သည်။ တုတ်ဖြင့်ရိုက်နှက်၍ သေဆုံးခဲ့သော် ရည်ရွယ်ချက် မရှိဘဲ သတ်ဖြတ်သကဲ့သို့ဖြစ်သည်။ သတ်မှတ်လျော်ကြေး ကုလားအုတ် အကောင်ရေ (၁၀၀) ပေးဆောင်ရမည်ဖြစ်သည်။ ထိုထဲမှ (၄၀)သည်

ကလားအုတ်သားပေါက်လွယ်ထားရမည့် ကုလားအုတ်မဖြစ်ရမည်။ ပြီးနောက် တမန်တော်မြတ်သည် အောက်ပါအာယဟ်တော်အား ရွတ်ဖတ်ခဲ့သည်။

يَٰٓأَيُّهَا ٱلنَّاسُ إِنَّا خَلَقْنَٰكُم مِّن ذَكَرٍ وَأُنثَىٰ وَجَعَلْنَٰكُمْ شُعُوبًا وَقَبَآئِلَ لِتَعَارَفُوٓا۟ ۚ إِنَّ أَكْرَمَكُمْ عِندَ ٱللَّهِ أَتْقَىٰكُمْ ۚ إِنَّ ٱللَّهَ عَلِيمٌ خَبِيرٌ ۝

တမန်တော်မြတ်သည် ကိုရိုက်ရှ်များအား “ကျွန်ုပ်မည်သို့အရေးယူမည်အား သိကြလေသလော” ဟုမိန့်ခဲ့သည်။ ကိုရိုက်ရ်များက “ကောင်းခြင်းကိုသာမြင်ပါတယ်” ဟုဖြေကြားခဲ့သည်။ တမန်တော်မြတ်က “တမန်တော်ယူစွတ်ဖ်က မိမိနောင်တောင်များအား ပြောကြားခဲ့သည့် အတိုင်း ဟုသာ ကျွန်ုပ်ပြောဆိုပါမည်။ အသင်တို့လွတ်လပ်သူများ ဖြစ်သည်” ဟုကြေညာခဲ့သည်။

သစ္စာအပ်နှံခြင်း

တမန်တော်မြတ်သည် မက္ကာဟ်အား အောင်နိုင်သောအခါ မက္ကာဟ်သားတို့အတွက် အစွန်လာမ်သည်သာ လွတ်မြောက်အောင်မြင်ရေး လမ်းစဉ်ဖြစ်ကြောင်း နားလည်ခဲ့ကြသည်။ တမန်တော်မြတ်ထံ သစ္စာအပ်နှံရန် စုရုံးခဲ့ကြသည်။ တမန်တော်မြတ်သည် ဆွဖာတောင်ပေါ် ထိုင်ကာ လူများအား သစ္စာအပ်နှံစေခဲ့သည်။ အုမရ်ဗင်န် ခသ္တ်သွားဗ်သည် တမန်တော်မြတ် အောက်နားတွင်ရှိနေခဲ့သည်။ လူထုအား မိမိတတ်စွမ်းနိုင်မှုနှင့်အညီ အမိန့်နာခံရန် သစ္စာအပ်နှံစေခဲ့သည်။

မက္ကာဟ်တွင်နေထိုင်ခြင်းနှင့်စီမံရေးလုပ်ငန်းများ

တမန်တော်မြတ်သည် အစ္စလာမ့်အမှတ်သညာများအား ပြန်လည်သစ်လွင်ရေးအတွက် မက္ကာဟ်တွင် (၁၉)ရက်ကြာ နေထိုင်ခဲ့သည်။ လူထုအား တရားလမ်းမှန်နှင့် အရှင့်အလိုကျနေထိုင်ရန် ညွှန်ကြားခဲ့သည်။ မက္ကာဟ်တွင်ရှိနေစဉ် တမန်တော်မြတ်သည် အဗူအိုစိုက်ဒ် ခိဇာအီအား ဟရမ်ဇရိယာတွင် ပြန်လည်ထူထောင်ရေးအတွက်အမိန့်ပေးခဲ့သည်။ တပ်စိတ်များအား မက္ကာဟ်ဇရိယာတဝိုက်တွင် ဒအ်ဝဟ်လုပ်ငန်းနှင့် ရုပ်ထုများရှင်းလင်းရန် ကင်းလှည့်စေခဲ့သည်။ မက္ကာဟ်တွင် အိမ်များ၌ ရုပ်ပွားဆင်းတုများ မထားရှိရေးနှင့် ဖျက်ဆီးရန် ကြေညာခဲ့သည်။

ဟိုနိုင်းန်စစ်ပွဲ

မက္ကာဟ်အောင်နိုင်ခြင်းသည် အရဗ်များအတွက် အထိနာဆုံးရိုက်ချက်ဖြစ်ခဲ့သည်။ နယ်မြေထိစပ်လျက်ရှိသော အရဗ်မျိုးနွယ်များသည် မထင်မှတ်ထားခဲ့သလို ခုခံရန်လည်းမတတ်နိုင်ခဲ့ကြပေ။ လက်နက်ချအညံ့ခံရေးနှင့် အစွန်လာမ့်အတွင်းသို့ဝင်ရောက်ရေးသာရှိခဲ့သည်။ တချို့သောအရဗ်မျိုးနွယ်များသည် မွတ်စ်လင်မ်များအားတော်လှန်နိုင်သည်ဟု ယူဆခဲ့ကြသည်။ မျိုးနွယ်စုများစုစည်းခဲ့ပြီး မာလိက်ဗင်နဿာဖ် နဆွရီအား ဦးဆောင်စေခဲ့ပြီး မုစ်လင်မ်များနှင့်စစ်ဖြစ်ပွားရန် အမိန့်အတည်ပြုခဲ့ကြသည်။

စစ်ဦးစီးချုပ်ဖြစ်သူ မာလိက်ဗင်နဿာဖ်သည် မျိုးနွယ်စုများအားစုစည်းခဲ့ပြီး အင်အားအလုံးအရင်းဖြင့် ဘုရင့်နောင်ဖောင်ဖျက်ဆိုသလို ချီတက်လာခဲ့သည်။ ဟိုနိုင်းန်အနီးရှိ အောင်သွားစ်လျှိုမြောင်တွင် စခန်းချခဲ့သည်။ အောင်သွားစ်လျှိုမြောင်သည် ဟိုနိုင်းန်ထဲတွင်မပါဝင်ပေ။ ဟိုနိုင်းန်သည် ဇုလ်မဂျာဇ်အနီးရှိလျှိုမြောင်ဖြစ်သည်။ အက္ကာဟ်နှင့် အရဖာ့သ်ဘက်မှဆိုလျှင် (၁၀)မိုင်သာကွာဝေးသည်။

ဟိုနိုင်းန်သို့ အစွန်လာမ့်စစ်တပ်ထွက်ခွါခြင်း

တမန်တော်မြတ်သည် မက္ကာဟ်တွင် (၁၉) ရက်နေခဲ့ပြီးနောက် အစွန်လာမ့် စစ်တပ်အင်အား (၁၂၀၀၀)ဖြင့် မက္ကာဟ်မှထွက်ခွါခဲ့သည်။ အင်အား (၁၀၀၀၀)မှာ ရှိရင်းစွဲတပ်သားအင်အားဖြစ်ပြီး (၂၀၀၀)မှာ မက္ကာဟ်သားများဖြစ်ကြသည်။ အများစုမှာ အစွန်လာမ်သာသနာအား ကူးပြောင်းလာစများဖြစ်ကြသည်။ တမန်တော်မြတ်သည် ဆွဖ်ဝါးန်ဗင်န် အိုင်မိုင်ယာဟ်ထံမှ ဒိုင်း

လက်နက် (၁၀၀) ငှားရမ်းခဲ့သည်။ မက္ကဟ်တွင် အုပ်ချုပ်သူအဖြစ် အသားဗဟုဇင်န် အိုစိုင်းဒ်အား ခန့်အပ်ထားခဲ့သည်။

တချို့သော မုစ်လင်မ်များသည် မိမိတို့အင်အားများပြားခြင်းကြောင့် ယနေ့မရှုံးနိုင်ဟု ပြောဆိုနေခဲ့ကြသည်။ တမန်တော်မြတ်သည် စိတ်လေးနေခဲ့သည်။

ရန်သူ့အလစ်တိုက်ခိုက်ခံရခြင်း

ရှောင်ဝံဝလ်လ (၁၀) ရက်နေ့ အင်္ဂါနှင့်ဗုဒ္ဓဟူးကြားညတွင် အစ္စလာမ့်စစ်တပ်သည် ဟိုနိုင်းန်သို့ ရောက်ခဲ့သည်။ မာလိက်ဗင်န်အောင့်ဖ် သည် ကြိုတင်ရောက်နှင့်နေပြီဖြစ်သည်။ ညအချိန်ကတည်းက မိမိစစ်တပ်အား လျှို့မြောင်အတွင်းနေရာယူစေခဲ့သည်။ မိမိ၏ ချုံခိုတိုက်ခိုက်ရေးတပ်သားများအား လမ်းများ၊ဝင်ပေါက်များ၊ ချုံနွယ်များကြား နေရာချထားခဲ့သည်။ မွတ်စ်လင်မ်များ ထွက်ပေါ်လာလျှင် စောင့်ကြည့်စေပြီး အစုအပြုံတိုက်ခိုက်ရန် အမိန့်ပေးခဲ့သည်။

စဲဟ်ရီအချိန်တွင် တမန်တော်မြတ်သည် စစ်တပ်အား အသင့်အနေထားဖြစ်စေခဲ့သည်။ တပ်စိတ်အသီးသီးခွဲဝေခဲ့ပြီး တာဝန်များပေးအပ်ခဲ့သည်။ မိုးသောက်ချိန်လင်းစပြုချိန်တွင် အစ္စလာမ့်စစ်တပ်သည် ဟိုနိုင်းန်လျှို့မြောင်အတွင်း ချင်းနင်းဝင်ရောက်လာခဲ့သည်။ ရန်သူ့ချုံခို တပ်သားများ လမ်းကြားများတွင် ရှိနေသည်အား မသိရှိခဲ့ရပေ။ လျှို့မြောင်ဆီ ဆင်းလာသည့်အခါ မြားများဖြင့် တရစပ်အပစ်ခံခဲ့ရသည်။ ရန်သူတပ်စိပ်များ သည် မုစ်လင်မ်များအား အစုအပြုံလိုက်တိုက်ခိုက်နိုင်ခဲ့သည်။ မွတ်စ်လင်မ်များ ကသောင်းကနင်း ပြေးလွှားခဲ့ကြသည်။

တမန်တော်မြတ်သည် ညာဘက်ခြမ်းဆီ စစ်တပ်အား ဆုတ်ခွါစေခဲ့သည်။ “ငါ့ဆီလာကြပါ။ ငါဟာစေတမန်တော်ဖြစ်သည်။ မုဟမ္မဒ်ဗင်နှ် အဗ်ဒုလ္လာဟ်ဖြစ်သည်” ဟုတမန်တော်မြတ်ပြောခဲ့သည်။ တမန်တော်မြတ် အနီးအပါးတွင် မုဟာဂျိရ်နှင့် အန်ဆွာရီ ဆွဟာဗဟ်အနည်းငယ်သာရှိခဲ့ သည်။ ထိုအချိန်တွင် တမန်တော်မြတ်၏ ရဲစွမ်းသတ္တိပေါ်လွင်ခဲ့သည်။ “ငါသည် နဗီဖြစ်သည်။ မုသား မဆိုပါ။ အဗ်ဒုလ်မွတ်သ်လစ်ဗ်မျိုးဆက်ထဲမှဖြစ်သည်” ဟုဟစ်ကြွေးရင်း ရန်သူ့စစ်တန်းထဲ ထိုးဖောက်ဝင်ရောက်ခဲ့သည်။

အဗူစွတ်ဖ်ယားနှ်ဗင်နှ်ဟာရစ်ဆ်သည် တမန်တော်မြတ်၏ လားအစီး အနင်း ဇာတ်ကြိုးအားကိုင်ထားခဲ့သည်။ အဗ္ဗားစ်သခင်သည် အစီးအနင်း မမြန်စေရန် ကုန်းနှီးအားထိန်းထားခဲ့သည်။ တမန်တော်မြတ်သည် အစီးအနင်း ပေါ်မှဆင်းလာပြီး အိုအရှင်ကူညီတော်မူပါ ဟု တောင်းခံခဲ့သည်။

မွတ်စ်လင်မ်များပြန်လှည့်လာခြင်းနှင့် စစ်ပွဲပြန်ထကြွလာခြင်း

တမန်တော်မြတ်သည် အဗ္ဗားစ်သခင်အား ဆွဟာဗဟ်များကိုပြန်လည် စုရုံးစေခဲ့သည်။ ဆွာဟာဗဟ်များအား အသံပြုခဲ့သည်။ အဗ္ဗားစ်သခင် သည် အသံကျယ်ကျယ်ပြောဆိုနိုင်သူဖြစ်သည်။ အန်ဆွာရီ များကိုလည်း သီးသန့် အသံပြုခေါ်ခဲ့သည်။ ပြီးနောက် ဟာရစ်ဆ်ဗင်နှ် ခဇ်ရဂျ် မျိုးနွယ်စုအား သီးသန့်ခေါ်ခဲ့သည်။

ထိုသို့ဖြင့် အစ္စလာမ့်တပ်စိတ်များသည် တစ်ဖွဲ့ပြီးတစ်ဖွဲ့ ပြန်လည် ပေါင်းစည်းလာခဲ့သည်။ နှစ်ဖက်စစ်တပ်သည် အပြိုင်အဆိုင် တိုက်ခိုက်နေခဲ့ ကြသည်။ တမန်တော်မြတ်သည် စစ်မြေပြင်အား ကြည့်ရှုခဲ့ပြီး ယခုစစ်မီး

အဟုန်တောက်လောင်စေပြီဟုဆိုကာ သဲတစ်ဆုပ်ယူခဲ့သည်။ ရန်သူမျက်နှာပြင်ဘက် ပက်ဖျန်းခဲ့သည်။ ရန်သူစစ်သားများအားလုံး မျက်စိအတွင်း သဲလူးပေနေခဲ့ကြသည်။

ရန်သူများမရှုမလှရှုံးနိမ့်မှု

တမန်တော်မြတ် သဲတစ်ဆုပ်ပက်ဖျန်းပြီး မကြာမီ ရန်သူများ မရှုမလှရှုံးနိမ့်ခဲ့သည်။ ဆကီးဖ်မျိုးနွယ်မှ (၇၀)ခန့်သေဆုံးခဲ့သည်။ မွတ်စ်လင်မ်များသည် သုံ့ပန်းများရရှိခဲ့သည်။

စစ်ရှုံးသောရန်သူတပ်ဖွဲ့ဝင်အချို့သည် သွာအစ်ဖ်သို့ထွက်ပြေးခဲ့ကြသည်။ အချို့တပ်ဖွဲ့ဝင်များက နခ်လဟ်သို့ထွက်ပြေးခဲ့ကြသည်။ အချို့သည် အောင်သွားစ်သို့ထွက်ပြေးခဲ့ကြသည်။ တမန်တော်မြတ်သည် စစ်ပြေးများရှိရာ အောင်သွားစ်သို့ တပ်စိတ်တစ်ခုစေလွှတ်ခဲ့ပြီး အဗူအာမေရ် အရှ်အရီအား စစ်ဦးစီးခန့်အပ်ခဲ့သည်။ အပြန်အလှန် ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီး ရန်သူစစ်တပ် အရေးနိမ့်ခဲ့သည်။ အစ္စလာမ့်တပ်စိတ်စစ်ဦးစီးမှူးဖြစ်သူ အဗူအာမိရ်အရှ်အရီ ရှဟီးဒ်ဖြစ်ခဲ့သည်။

နခ်လဟ်သို့ထွက်ပြေးခဲ့သည့် ရန်သူတပ်များအား မြင်းတပ်မှလိုက်လံသုတ်သင်ခဲ့သည်။ ဒိုရိုင်းဒ်ဗင်န်ဆွမ္မဟ်အား လိုက်မီခဲ့ပြီး ရဗီအဟ်ဗင်န် ရဖီးအ် ﷺ က ရှင်းလင်းသုတ်သင်ခဲ့သည်။

ရန်သူတပ်အများစုမှာ သွာအစ်ဖ်သို့ ထွက်ပြေးခဲ့သည်။ တမန်တော်မြတ်သည် သုံ့ပန်းများစုစည်းခဲ့ပြီး ကိုယ်တိုင်လိုက်လံ သုတ်သင်ခဲ့သည်။

သဗ္ဗုဒ်စစ်ပွဲ

မက္ကာဟ်အောင်နိုင်ခြင်းသည် အမှန်နှင့်အမှားခွဲခြားပေးခဲ့သော ဖြစ်ရပ်တစ်ခုဖြစ်ခဲ့သည်။ အရဗ်များအတွက် တမန်တော်မြတ်စေလွှတ်ခံရမှုအပေါ် သံသယကင်းရှင်းခဲ့သည်။ ခေတ်ရေစီးကြောင်းသည် တစ်မုဟုတ်ခြင်း ပြောင်းလဲသွားခဲ့သည်။ အစ္စလာမ်သာသနာသို့ အစုလိုက် အသီးသီးဝင်ရောက်လာခဲ့ကြသည်။ ပြည်တွင်းရေးရာ ဝန်များပေါ့လျော့သွားခဲ့သည်။ မုစ်လင်မ်များအတွက် သာသနာရေးဆိုင်ရာပညတ်ချက်များသင်ကြားခြင်း နှင့် ဒအ်ဝတ်ယန္တရား ကွန်မြူးနိုင်ရေး အခွင့်အလမ်းများသည် လွယ်ကူလာခဲ့သည်။

စစ်ပွဲဖြစ်ပွားရခြင်းအကြောင်းခံ

မုစ်လင်မ်များအတွက်ရင်ဆိုင်ကြုံတွေ့နေရသည့် အရေးကိစ္စမှာ ရောမစစ်တပ်အရေးဖြစ်သည်။ ရောမစစ်တပ်သည် ထိုခေတ်အခါက ကမ္ဘာ့စူပါပါဝါနိုင်ငံတစ်ခုဖြစ်သည်။ ထိပ်တိုက်ရင်ဆိုင်ရခြင်းမှာလည်း ဘဆွဲရာဘုရင်ထံ တမန်တော်မြတ်၏စာလွှာပို့ သံတမန် ဟာရစ်ဆ်ဗင်န် အိုမိုင်းရဲ့ အဓိဒအား ဘုရင်ခံဖြစ်သူ ရှိုရဟ်ဗီးလ်ဗင်န် အမ်ရ် ဂတ်စာနီက သတ်ဖြတ်ခဲ့ခြင်း ကြောင့် ဖြစ်သည်။ သွေးကြွေးရယူရန် တမန်တော်မြတ်သည် ဓိုက်ဒ်ဗင်နဟာရေဆဟ် တပ်မအား စေလွှတ်ခဲ့သော်လည်း အရေးယူနိုင်ခြင်းမရှိခဲ့ပေ။ သို့သော်လည်း မို့အ်သဟ်စစ်ပွဲကြောင့် အရဗ်များစိတ်အတွင်း အကြောက်တရားများ ဖြစ်ထွန်းစေခဲ့သည်။

မို့အ်သဟ်စစ်ပွဲပြီး ရောမဘုရင် ကိုင်ဆွရ်သည် မွတ်စ်လင်မ်များအကျိုးရရှိမှုကြောင့် မုစ်လင်မ်အင်အားစုအရေးအား လျစ်လျူမရှုနိုင်ခဲ့ပေ။ စစ်ပွဲပြီးနောက် အရဗ်မျိုးနွယ်များသည် ရောမလက်အောက်မှ လွတ်လပ်ရေး

ရယူလိုကြပြီး မုစ်လင်မ်အင်အားစုနှင့်ပူပေါင်းလိုကြသည်။ ဤအရေးသည် ရောမအင်ပါယာအတွက် တစ်စတစ်စဖြင့် အန္တရာယ်ကြီးမားသည့်အရေး ဖြစ်လာသည်။ အရဗ်နှင့် နယ်နိမိတ်ခြင်းထိစပ်နေသော ဆီရီးယားနယ်စပ်အား ခြိမ်းခြောက်နေခဲ့သည်။ ထို့ကြောင့် အမြစ်ဖြတ် ရှင်းလင်းရန် မဖြစ်နိုင်သည့် အခြေအနေမရောက်ခင် အစ္စလာမ့်အင်အားစုအား အဆုံးစီရင်ရန် ဆုံးဖြတ်ခဲ့သည်။

မို့အ်သဟ်စစ်ပွဲပြီးနောက် တစ်နှစ်အကြာထိ ကိုင်ဆွရ်သည် မည်သည့် စစ်ရေးဆုံးဖြတ်ချက်များမချမှတ်ခဲ့ဘဲ ယခုမှသာ ရောမစစ်သည်များနှင့် လက်အောက်ခံ ဂတ်စ်စားန်မျိုးနွယ်နှင့်အခြားသောအရဗ်မျိုးနွယ် စစ်သည်များ နှင့်အတူ တပ်မကြီးတစ်ခုဖြင့် ချီတက်လာခဲ့သည်။

စစ်အခြေအနေအား ရိပ်စားသိရှိခဲ့သော တမန်တော်မြတ်သည် ရောမ စစ်တပ်အား အစ္စလာမ့်ရုံးချုပ်ရှိရာသို့ ထိုးစစ်ဆင်သည်အထိ အချိန်မဆိုင်း တော့ဘဲ ရောမနယ်စပ်တွင် တိုက်ပွဲအသွင်ဆောင်ရန် အကြပ်တည်းဆုံး ကာလတွင် စစ်ထွက်မိန့်ချမှတ်ခဲ့သည်။

စစ်မိန့်အတွက်သူသူငါငါဖြိုင်ဆိုင်ကြခြင်း

မွတ်စ်လင်မ်များသည် တမန်တော်မြတ်၏ စစ်ထွက်မိန့်ကိုကြားသည် နှင့် အပြိုင်အဆိုင်အသင့်ပြင်ခဲ့ကြသည်။ အစ္စလာမ့်စစ်တပ်နှင့် ပူးပေါင်းရန် နေရာ အသီးသီး မှ မျိုးနွယ်စုများ မဒီနဟ်ဆီဦးတည်ခဲ့ကြသည်။ ဆွဟာဗဟ် များသည် ဤစစ်ပွဲတွင် ပါဝင်လိုကြသည်။ တမန်တော်မြတ်ထံငွေကြေး ချို့ တဲ့ သူများ ရောက်လာခဲ့ပြီး အစီးအနင်းတောင်းခံသောအခါ တမန်တော်မြတ် သည် ကုရ်အာန်အမိန့်အတိုင်း မိန့်ဆိုခဲ့သည်။

وَلَا عَلَى ٱلَّذِينَ إِذَا مَآ أَتَوْكَ لِتَحْمِلَهُمْ قُلْتَ لَآ أَجِدُ مَآ أَحْمِلُكُمْ عَلَيْهِ تَوَلَّوا۟ وَّأَعْيُنُهُمْ تَفِيضُ مِنَ ٱلدَّمْعِ حَزَنًا أَلَّا يَجِدُوا۟ مَا يُنفِقُونَ

ကုရ်အာန် (၉:၉၂)

ထို့ပြင် အကြင်သူများအပေါ်တွင်လည်း (အပြစ်)မရှိပေ။ ထိုသူများသည် အသင်က သူတို့အား အစီးအနင်းပေါ်တင်ပေးရန် အသင့်ထံသို့ လာကြသောအခါတွင် အသင်က သူတို့အား ပြောခဲ့သည်- "အသင်တို့အား အစီးအနင်းတစ်စုံတစ်ခုပေါ်တင်ပေးရန် ငါ့တွင်လည်း (မြင်းများ၊ ကုလားအုတ်များ) မည်သည့်အရာမျှ မရှိပေ။" သူတို့သည် (စစ်ပွဲတွင်)သုံးစွဲရန် မည်သည့်အရာမျှ မရှိကြသည့်အတွက် ဝမ်းနည်းပက်လက်ဖြစ်ပြီး သူတို့၏မျက်စိများတွင် မျက်ရည်များပြည့်လျက်နှင့်ပင် ပြန်လှည့်ခဲ့ကြရသည်။

ဆွဟာဗဟ်များသည် စစ်အသုံးစရိတ်အတွက် အပြိုင်အဆိုင် သုံးစွဲခဲ့ကြသည်။ အွဆ်မာန်သခင်သည် ကုလားအုတ် (၃၀၀)၊ ကုလားအုတ် (၃၀၀) ပေါ်ရှိ ပစ္စည်းများ၊ အောက်ကီယဟ် (၂၀၀)နှင့် ဒီနာရ် (၁၀၀၀) သုံးစွဲခဲ့သည်။ ထို့ထက်မကလျှဒါန်းရင်း အွတ်ဆ်မာန်သခင်၏ လျှဒါန်းမှုမှာ ငွေသား မပါသေးဘဲ ကုလားအုတ် (၉၀၀)နှင့် တိုက်ခိုက်ရေးမြင်း (၁၀၀)ထိဖြစ်ခဲ့ သည်။ တမန်တော်မြတ်သည် အွတ်ဆ်မာန်သခင်၏ လျှဒါန်းမှုအား လက်ခံရင်း "အွဆ်မာန်အား ဤအရာပြီးနောက် (အပြစ်ဒုစရိုက်ငယ်များကျူးလွန်မိပါက) ထိခိုက်မှုမရှိပေ။" ဟုမိန့်ကြားခဲ့သည်။

အဗ်ဒုရ်ရဟ်မာန်အောင့်ဖ် ﷺ သည် အောင်ကီယဟ်ငွေ (၂၀၀)၊ အဗူဗက်ရ် ﷺ သခင်သည် မိမိအိမ်တွင် အလ္လာဟ်နှင့်ရစူလ်အားချန်ထားခဲ့ပြီး

ပိုင်ဆိုင်သမျှ ဒစ်ရ်ဟမ် (၄၀၀)(သာဝကကြီးသည် ပထမဦးဆုံးလူ ဒါန်းခဲ့သူဖြစ်သည်။) ၊ သွလ်ဟဟ်၊ စအ်ဒ်ဗင်န်အိဗာဒဟ်၊ မုဟမ္မဒ်ဗင်န် မတ်စ်လမဟ် အားလုံးသည် အသီးသီးလှူဒါန်းခဲ့ကြသည်။ အာစွင်းမ်ဗင်န် အဒ်ဒိယ် ﷺ သည် စွံပလွံသီး ၉ (ဝစက်) လှူဒါန်းခဲ့သည်။ ထို့နောက် ဆွဟာဗဟ်များက သူသူငါငါ နည်းများ မဆို အပြိုင်အဆိုင်လှူဒါန်းခဲ့ကြသည်။ အမျိုးသမီးများသည် မိမိတတ်စွမ်းနိုင်မှု နှင့် အညီ အမွေးအကြိုင်၊ နားဆွဲ၊ လက်စွပ်များလှူဒါန်းခဲ့ကြသည်။

သဗူးက်ဆီသို့ ဦးတည်ခြင်း

တမန်တော်မြတ်သည် မြောက်ပိုင်းရှိ သဗူးက်သို့ ကြာသပတေး နေ့၌ ဦးတည်ထွက်ခွါခဲ့သည်။ အင်အား သုံးသောင်းခန့်ရှိသည်။ သို့သော် စစ်အသုံး စရိတ်မှာ နည်းပါးလျက်ရှိခဲ့သည်။ ရိက္ခာနှင့် အစီးအနင်းလုံလောက် စွာမရှိ ခဲ့ပေ။ စစ်သည် (၁၈)ဦးသည် အစီးအနင်းတစ်ကောင်အား အလှည့်ကျ စီးခဲ့ရသည်။ သစ်ရွက်ခြောက်များ စားခဲ့ရပြီး နှုတ်ခမ်းများ ယောင်ကိုင်းခဲ့ရ သည်။ နောက်ဆုံး ကုလားအုတ်ဗို့ထဲရှိ ရေအားသောက်ရန် ကုလားအုတ်အား လည်ဖောက်ရသည့်အခြေအနေထိကြုပ်တည်းခဲ့ကြသည်။ ထို့ကြောင့် သဗူးက် စစ်တပ်အား ခက်ခဲလှသောစစ်တပ်ဟုလည်း ခေါ်ဆိုသည်။

သဗူးက်စစ်မြေပြင်တွင်

အစ္စလာမ့်စစ်တပ်သည် သဗူးက်စစ်မြေပြင်သို့ ရောက်ရှိခဲ့သည်။ သဗူးက်တွင် ရန်သူအားရင်ဆိုရန် တပ်စွဲခဲ့သည်။ တမန်တော်မြတ်သည် ဩဝါဒ မိန့်ချွေခဲ့သည်။ စိတ်ဓါတ်တက်ကြွရေး ဟောပြောခဲ့သည်။ လက်နက်နှင့် ရိက္ခာ မလုံလောက်မှုအား ပြတ်သားသောမိန့်ခွန်းများဖြင့် ဖြည့်ဆည်းပေးခဲ့သည်။

အစ္စလာမ့်စစ်တပ်ချီတက်လာကြောင်း ရောမများသိသည့်အခါ ကြောက်စိတ်များ ကိန်းဝပ်နေခဲ့ကြသည်။ ထိပ်တိုက်ရင်မဆိုင်နိုင်ခဲ့ကြပေ။ နိုင်ငံနယ်နိမိတ်အတွင်း အကွဲကွဲအပြားပြားဖြစ်နေခဲ့ကြသည်။ ဤသည် အာရေဗျကျွန်းစွယ်နှင့် ပြင်ပတွင် အစ္စလာမ့်စစ်တပ်အင်အားနှင့်ပတ်သက်ပြီး ပြောစမှတ်ပြု နိုင်ခဲ့ကြသည်။ နိုင်ငံရေးအမြတ်ထုတ်နိုင်ခဲ့သည်။ စစ်ပွဲ ဖြစ်ခဲ့မည်ဆိုပါက ဤကဲ့သို့ အမြန်ထုတ်နိုင်ချေမရှိခဲ့ပေ။

နူတ်ဆက်ခြင်းဟဂျ်

နှစ်ပေါင်း(၂၀) ကျော်ကြာ ဒအ်ဝဟ်ခရီးလမ်းတွင် တမန်တော်မြတ် ဒုက္ခအသွယ်သွယ်အား ခါးစည်းခံခဲ့ရပြီးနောက် အလ္လာဟ်အရှင်မြတ်သည် အသီး အပွင့်များအား တွေ့မြင်စေခဲ့သည်။ မက္ကာဟ်နယ်တဝိုက်တွင် အရဗ်မျိုးနွယ် အသီးသီးနှင့် ကိုယ်စားလှယ်များအား စုစည်းခဲ့သည်။ သာသနာ့ရေးရာ ကတိသစ္စာများအား ရယူခဲ့သည်။

တမန်တော်မြတ်သည် ဟဂျ်ပြုလုပ်မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ တမန်တော်မြတ်နှင့်အတူ ဟဂျ်ပြလုပ်ရန်မဒီနဟ်တွင် လူစုရုံးခဲ့ကြသည်။ ဇုလ်ကအ်ဒဟ်လ (၂၅) ရက် စနေနေ့တွင် တမန်တော်မြတ်သည် ဟဂျ်အတွက် အသင့်ပြင်ခဲ့သည်။ ဇုဟ်ရ်ပြီးတွင် စတင်ထွက်ခွါခဲ့သည်။ အဆွ်ရ်မဖတ်ခင် ဇုလ်ဟိုလိုင်ဖဟ်သို့ရောက်ရှိခဲ့သည်။ နှစ်ရကအဟ်ဝတ်ပြုခဲ့သည်။ ညတာအိပ်စက်ခဲ့ပြီး ဖဂျ်ရ်ချိန်ထိနေခဲ့သည်။ (၂၆)ရက် တနဂ်္ဂနွေနေ့ ဇုဟ်ရ်မဖတ်ခင် အလျင် အဲဟ်ရားမ်ဝတ်ရန် ရေချိုးခဲ့သည်။ အာအေရှဟ်သခင်မသည် တမန်တော်မြတ်အား အမွေးအကြိုင်သုတ်လိမ်းပေးခဲ့ပြီး ကတိုးရောင်များ မုတ်ဆိတ်တော်နှင့် ဆံကေသာခွဲကြောင်းတွင် တလက်လက်ဖြစ်နေခဲ့သည်။ ထို့နောက် ဇုဟ်ရ် ဝတ်ပြုခဲ့ပြီး ဟဂျ်နှင့်အွမ္မရဟ်အား တစ်ဆက်တည်းပြုလုပ်ရန် နီယသ်ပြု သက်ဗီးရ်ဆိုခဲ့သည်။ ပြီးနောက် မိမိ၏ကုလားအုတ်ကဆွဲဝါးအ်အား စီးကာ ထွက်ခွါလာခဲ့သည်။ သက်ဗီးရ်ထပ်မံရွတ်ဆိုခဲ့သည်။ ဗိုင်ဒါးအ်ရွာသို့ရောက်လာခဲ့သည်။

ခရီးဆက်ရင်း မက္ကာဟ်အနီးရောက်လာခဲ့သည်။ ဇီသုဝါတွင် ညတာကုန်ဆုံးခဲ့ပြီး နောက်နေ့ ဇုလ်ဟစ်ဂျာ်လ (၄)ရက် တနဂ်္ဂနွေနေ့ မနက်တွင်

မက္ကာဟ်သို့ဝင်ခဲ့သည်။ လမ်းခရီးသည် (၈)ရက်ကြာမြင့်ခဲ့သည်။ မတ်စ်ဂျေဒ်ဟရာမ်ထဲဝင်ခဲ့ပြီး သွဝါးဖ်လုပ်ခဲ့သည်။ ဆွဖါနှင့်မရ်ဝဟ်ကြား စအီလုပ်ခဲ့ပြီး အဲ့ဟ်ရာမ်မချုတ်ခဲ့ပေ။ တမန်တော်မြတ်သည် ဟဂျ်နှင့်အွမ်ရဟ်တွဲလုပ်ခဲ့ပြီး ဟဒီသားကောင်ကိုပါ ဆွဲလာခဲ့သည်။ မက္ကာဟ်အမြင့်ပိုင်း ဟိုဂျူးန်တွင်း စတည်းချခဲ့သည်။ ဟဂျ်သွဝါးဖ်မှလွဲ၍ သွဝါးဖ်ထပ်မလုပ်ခဲ့ပေ။

သရ်ဝေယဟ်နေ့ ဇုလ်ဟစ်ဂျဟ်လ စရက်နေ့တွင် မေနာသို့ သွားခဲ့သည်။ မေနာတွင် ဇုဟ်ရ်မှ ဖဂျ်ရ်ထိ ဝတ်ပြုခဲ့ပြီး အနည်းငယ်အကြာတွင် တောင်နှစ်ခုကြားမြေနိမ့်ပိုင်းဆီထွက်ခွါခဲ့သည်။ တမန်တော်မြတ်နှင့်အတူ ဆွဟာဗဟ် (၁၀၀၀၂၄)ဦးပါဝင်ခဲ့သည်။ တမန်တော်မြတ်သည် အနှစ်သာရ ပြည့်ဝသော မိန့်ခွန်းများထုတ်ပြန်မိန့်ကြားခဲ့သည်။

“လူထုအပေါင်းတို့ ကျွန်ုပ်၏မိန့်ကြားချက်အား နားစွင့်ကြပါ။ လာမည့်နှစ်တွင် ကျွန်ုပ်အသင်တို့နှင့်သည်နေရာတွင် ထပ်မံတွေ့ဆုံပါဦးမလား ကျွန်ုပ်သေချာမသိပါ။”

“ဤနေရာ၊ ဤအချိန်၊ ဤရက်သည် အထွတ်အမြတ်ထားထိုက်သည့် အတိုင်း အသင်တို့၏ အသက်၊အိုးအိမ်ပိုင်ဆိုင်မှုများအား မတရားသဖြင့် ကျူးလွန်ခြင်း သည်လည်း မပြုအပ်သောအရာဖြစ်သည်။”

“အမိုက်မှောင်ခေတ်၏ အရာများသည် ပယ်ဖျက်ခံရပြီဖြစ်သည်။ သွေးကြွေးများသည်လည်း ပယ်ဖျက်ခံရပြီဖြစ်သည်။ ပထမဦးဆုံးပယ်ဖျက်မှုသည် အစ်ဗ်နှိုရဗီအဟ်ဗင်နဟာရစ်ဆ်၏ သွေးကြွေးဖြစ်သည်။ အမိုက်မှောင်ခေတ်၏ အတိုးများသည် ဖျက်သိမ်းခံရပြီဖြစ်သည်။ ပထမဦးဆုံး ဖျက်သိမ်းခံရမှုသည် အဗ္ဗားစ်ဗင်နအဗ်ဒုလ်မွတ်သွလစ်ဗ် ﷺ ၏ကြွေးမြီးများ ဖြစ်သည်။

"အမျိုးသမီးများနှင့်ပတ်သတ်ပြီး အလ္လာဟ်ကိုကြောက်ကြပါ။ အသင်တို့သည်သူမတို့အား ထိမ်းမြားခဲ့ကြသည့်အခါ ကာမပိုင်ခင်ပွန်းများ ဖြစ်ကြသည်။ သူမတို့ဆီ အသင်တို့မနှစ်သက်သူများ ဝင်ရောက်ခြင်းအား တားမြစ်ပါ။ သူမတို့ချိုးဖောက်ပါက သူမတို့အား ရိုက်ပုတ်ပါ။ သူမတို့ အသုံးစရိတ်အား သိက္ခာရှိစွာပေးပါ။"

"အသင်တို့အတွက် လမ်းမှန်ကိုညွှန်ကြားပြသမည့် ကုရ်အာန်ကျမ်းတော်မြတ်အား ငါကိုယ်တော် ချန်ထားခဲ့ပြီဖြစ်သည်။ မြဲမြံစွာဆုပ်ကိုင်ကြပါ။"

"လူတို့....ကျွန်ုပ်၏နောက် နဗီမရှိသလို အသင်တို့နောက် မည်သည့် အွမ္မသ်မျှမရှိပါ။ သတိရှိကြပါ။ အလ္လာဟ်ကိုခဝပ်ကိုးကွယ်ပါ။ ဆွလားဟ် ဝတ်ပြုပါ။ ဆွေယားမ်စောင့်ထိန်းပါ။ စိတ်သန့်သန့်ဖြင့် ဇကားသ် ပေးဆောင်ပါ။ ဟဂ်ျပြုလုပ်ပါ။ အုပ်ချုပ်သူများအမိန့်နာခံကြပါ။ ဂျန္နဟ်ဝင်ရမည်။"

တမန်တော်မြတ်မိန့်ခွေချက်ပြီးသည့်အခါ အောက်ပါ အာယဟ်တော် ကျရောက်ခဲ့သည်။

ٱلْيَوْمَ أَكْمَلْتُ لَكُمْ دِينَكُمْ وَأَتْمَمْتُ عَلَيْكُمْ نِعْمَتِى وَرَضِيتُ لَكُمُ ٱلْإِسْلَـٰمَ دِينًا

အုမရ်သခင်ငိုကြွေးနေခဲ့သည်။ တမန်တော်မြတ်ကမေးလေရာ အုမရ်သခင်သည် တမန်တော်မြတ်ဝဖွါးသ်ဖြစ်ခြင်းနှင့်ပတ်သတ်ပြီး ခံစားရမိကြောင်းပြောလေရာ တမန်တော်မြတ်က အသင်မှန်ကန်သည် ဟု ပြောခဲ့သည်။

မိန့်ခွန်းပြီးနောက် ဗေလာလ်သခင်အား အဇာန်ဆိုစေပြီး တမန်တော်မြတ်သည် ဇုဟ်ရ်ဆွလားဟ်ဦးဆောင်ဝတ်ပြုခဲ့သည်။ ထိုနေရာ၌ သာအဆွဲရ် ဝတ်ပြုခဲ့သည်။ ကြားကာလတွင် မည်သည့်ဆွလားဟ်မှ ဝတ်မပြုခဲ့ပါ။ ပြီးနောက် သတ်မှတ်နေရာဆီသွားခဲ့သည်။ ရဟ်မဟ်တောင်ခြေရှိ ကုလားအုတ်ဗိုက်နှင့်တပြေးညီဖြစ်နေသည့် ကျောက်တုံးကြီးများနေရာတွင် ရပ်ခဲ့သည်။ တမန်တော်မြတ်ရှေ့တွင် ခြေလျင်လျှောက်သူများ လမ်းရှိသည်။ တမန်တော်မြတ်သည် ကစ်ဗ်လဟ်မျက်နှာမူကာ နေဝင်သည်အထိ အရဖဟ်တွင် ရပ်နားနေခဲ့သည်။

တမန်တော်မြတ်သည် ဇွလ်ဟစ်ဂျ်ဂျဟ်လ (၁၀) ရက် နဟ်ရ်နေ့ နေတက်ချိန်အချိန်တွင် မိမိအစီးအနင်း ရှဟ်ဗားအ်ပေါ်မှ မိန့် ခွန်းပြောခဲ့သည်။ အလီသခင်သည် တမန်တော်မြတ်အတွက် နဟ်ရ်ပြုလုပ်ခဲ့သည်။ လူထုသည် ထိုင်သူ၊ထသူ အသီးသီးရှိနေခဲ့ကြသည်။ တမန်တော်မြတ် သည် လွန်ခဲ့သော နေ့က ကျန်ရှိသည့်အရာများအား ထပ်မံ၍ မိန့်ခွန်းပြောခဲ့ သည်။

“အလ္လာဟ်အရှင်က မိုးမြေအားဖန်းဆင်းသည့်နေ့ကတည်းက အချိန်သည် သူ့သတ်မှတ်ချက်အတိုင်း ရက်လရာသီ လည်ပတ်နေသည်။ လသည် (၁၂)လရှိမည်။ (၄)လသည် အထွတ်အမြတ်ထားရာလဖြစ်သည်။ သုံးလသည် ဆက်တိုက်ဖြစ်သည်။ ဇွလ်ကအ်ဒဟ်၊ ဇွလ်ဟစ်ဂျဟ်၊ မုဟရ်ရမ်လမြတ်တို့ ဖြစ်သည်။ ကျန်လမှာ ယှအ်ဗားန်နှင့်ဂျူမာဒလ်ကြားရှိ ရဂျဗ်လဖြစ်သည်။”

ဟဂ်ျလုပ်ငန်းဆောင်တာများပြီးဆုံးသည့်အခါ မဒီနဟ်သို့ပြန်ရန် အသင့်ပြင်စေခဲ့သည်။ အနားမယူခဲ့ပေ။

အဆုံးသတ် ခွဲခွါခြင်း

ဖိတ်ခေါ်ရေးတာဝန်ပြီးမြောက်လာခဲ့သည်။ အစ္စလာမ်သည်လည်း အချုပ်အခြာအာဏာတည်တံ့လာခဲ့သည်။ နှုတ်ဆက်ခွဲခွါမှု အရိပ်ယောင်များ တမန်တော်မြတ်၏ လုပ်ရပ်များနှင့် မိန့်ဆိုချက်များတွင် ထင်ဟပ်လာခဲ့သည်။

တမန်တော်မြတ်သည် ဟစ်ဂျ်ရီ(၁၀)ခုနှစ် ရမဒွါန်လမြတ်တွင် ရက်(၂၀) ကြာ အေ့အ်သေကားဖ်ထိုင်ခဲ့သည်။ ယခင်က တမန်တော်မြတ်သည် (၁၀) ရက်သာ ထိုင်လေ့ရှိသည်။ ဂျစ်ဗရာအီးလ်သည် တမန်တော်မြတ်အား ကုရ်အာန် (၂)ကြိမ် ပြန်ကျော့ဖတ်စေခဲ့သည်။

တမန်တော်မြတ်သည် ဟဂျ်ဂျသွလ်ဝဒါးအ်တွင် "လာမည့်နှစ်တွင် ကျွန်ုပ်အသင်တို့နှင့်သည်နေရာတွင် ထပ်မံဆုံတွေ့နိုင်မလား ကျွန်ုပ်သေချာ မသိပါ"ဟုပြောခဲ့သည်။

အသင်တို့ လုပ်ငန်းဆောင်တာများအား သင်ယူကြပါ။ ငါသည် နောက်နှစ်တွင် ဟဂျ်ပြုနိုင်တော့မည်မဟုတ်"ဟု ဂျမ်ရသွလ်အကဗဟ်တွင် မိန့်ဆိုခဲ့သည်။ သရှ်ရီးဂ်အလယ်နေ့တွင် စူရဟ်နဆွ်ရ်ကျရောက်လာခဲ့သည်။

ဟစ်ဂျ်ရီ (၁၁)ခုနှစ် ဆွဖရ်လ (၂၈)ရက် (သို့မဟုတ်) (၂၉)ရက်နေ့တွင် တမန်တော်မြတ်သည် ဂျန္နသွလ်ဗကီးအ်တွင် ဂျနာဇဟ်တစ်ခုဦးပါဝင်ခဲ့သည်။ အပြန်လမ်းတွင် ခေါင်းကိုက်ဝေဒနာ ခံစားခဲ့ရသည်။ အပူပြင်းလာခဲ့သည်။ ဦးခေါင်းပတ်ထားခဲ့သည့် အဝတ်ပါပူပြင်းနေခဲ့သည်။ ရောဂါပြင်းထန်လာခဲ့သည်။ မိမိကြင်ယာတော်များအား ငါမနက်ဖြန် အဘယ်မှာရှိမှာလဲ?ဟု မေးနေခဲ့သည်။ ဖသွိလ်ဗင်န်အဗ္ဗားစ်နှင့် အလီသခင်အား တွဲရင်း အာအေရှာ်

သခင်မအိမ်ဆီ လမ်းလျှောက်ခဲ့သည်။ တမန်တော်မြတ် ဦးခေါင်းတွင် အဝတ် ပတ်ထားခဲ့သည်။

အာအေရှာသခင်မသည် ဗရကသ်ရယူရန် စူရဟ်နား၏ ဖလပ်က်နှင့်သင်ယူခဲ့သည့် ဒုအာများအား ဖတ်ရွတ်ပြီး တမန်တော်မြတ်အား မန်းမှုတ်ပွတ်သပ်ပေးခဲ့သည်။

ဝဖွါးသ်မဖြစ်မီ (၅)ရက်အလို ဗုဒ္ဓဟူးနေ့တွင် ခန္ဓာကိုယ်၏အပူပြင်းလာ ခဲ့သည်။ နာကျင်မှုပြင်းထန်လာခဲ့သည်။ တမန်တော်မြတ် ﷺ သည် နာကျင်မှု ဝေဒနာ သက်သာစေရန် ရေ(၇)ပုံးလောင်းစေခဲ့သည်။ တမန်တော်မြတ် ﷺ သက်သာမှုရခဲ့ပြီး ဗလီထဲဝင်ခဲ့သည်။ မင်ဗရ်ပေါ်ထိုင်ခဲ့သည်။ ဤသည် နောက်ဆုံးထိုင်ခြင်းဖြစ်ခဲ့သည်။ တမန်တော်မြတ်သည် လူထုအားဝိုင်းအုံရန် အမိန့်ပေးခဲ့သည်။ ပြီးနောက် အမိန့်ရှိခဲ့သည်။

"နဗီများ၏ ကဗရ်သချိုင်းအား စဂျဒဟ်ချရာအဖြစ်ပြုလုပ်ခဲ့ကြသော ဂျူးများနှင့်ခရစ်ယာန်များ အလွှာဟ်ရှင်ရဟ်မသ်ကနေဝေးကွာပါစေ။"

"အသင်တို့ ငါ၏ကဗရ်အား ကိုးကွယ်ရာအဖြစ်မပြုလုပ်ကြနှင့်"ဟု ထပ်မံမိန့်ဆိုခဲ့သည်။

တမန်တော်မြတ် ﷺ သည် နာကျင်မှုဒဏ်ပြင်းထန်နေသော်လည်း မကွယ်လွန်မီ (၄)ရက်အလို ကြာသပတေးနေ့ထိ လူထုအား ရှေ့ဆောင်အဖြစ် ဆွလားဟ်အားလုံးဝတ်ပြုပေးခဲ့သည်။ ထိုနေ့တွင် မဂ်ရစ်ဗ်ဆွလားသ်၌ စူရဟ် မုရ်စလားသ်ဖတ်ရွတ်ခဲ့သည်။

အေရှာအချိန်တွင် ဝေဒနာပြင်းထန်လာခဲ့ပြီး ဗလီသို့မထွက်နိုင်ခဲ့ပေ။ တမန်တော်မြတ် ﷺ က "လူတွေအေရှာဖတ်ကြပြီလား"ဟု မိမိအနီးနားရှိ

သူများအားမေးရာ မဖတ်ရသေးကြောင်းနှင့်တမန်တော်မြတ် ﷺ အားစောင့်နေကြောင်း ဖြေကြားခဲ့သည်။ တမန်တော်မြတ်သည် ရေလောင်းပေးရန် အမိန့်ပေးခဲ့သည်။ ထရန်ဟန်ပြင်ချိန် သတိလစ်ခဲ့သည်။ ပြန်သတိရသောအခါ ရေပြန်လောင်းစေသည်။ သို့သော် ထဟန်ပြင်ချိန် ပြန်သတိလစ်ခဲ့ ပြန်သည်။ ဤသို့ သုံးကြိမ်တိုင်ခဲ့သည်။

တမန်တော်မြတ်သည် အဗူဗက်ရ် ﷺ ထံလူလွတ်ကာ လူထုအား ရှေ့ဆောင်အဖြစ် ဝတ်ပြုစေသည်။ အဗူဗက်ရ်သည် တမန်တော် သက်ရှိထင်ရှားရှိနေစဉ် ကြာသပတေးနေ့ အေရှာချိန်မှ တနလ်ာနေ့ ဖဂျ်ရ်အချိန်ထိ (၁၇)ကြိမ် ဦးဆောင်ဝတ်ပြုခဲ့သည်။ စနေနေ့ (သို့မဟုတ်) တနင်္ဂနွေနေ့တွင် တမန်တော်မြတ် အနည်းငယ်သက်သာမှု ခံစားခဲ့ရသည်။ ဇုဟ်ရ်ဆွလားဟ် ဝတ်ပြုရန် လူနှစ်ဦးအား တွဲစေခဲ့ပြီး ထွက်လာခဲ့သည်။ အဗူဗက်ရ် ﷺသည် လူထုအား ဇုဟ်ရ်ဆွလားဟ် ဝတ်ပြုပေးနေခဲ့သည်။ တမန်တော်မြတ်ရောက်နေသည်အား ခံစားရသည့်အခါ နောက်ဆုတ်ရန် ဟန်ပြင်နေခဲ့သည်။ တမန်တော်မြတ်သည် နောက်မဆုတ်ရန် လက်ဟန်ပြခဲ့သည်။ အဗူဗက်ရ် ဘေးတွင် ထိုင်စေခဲ့သည်။ အဗူဗက်ရ်သည် တမန်တော်မြတ်အား နောက်လိုက် ဝတ်ပြုပြီး လူထုအား သက်ဗီးရ်အော်ပေးခဲ့သည်။

ဝဖွါးသ်မဖြစ်မီ တနင်္ဂနွေနေ့တွင် တမန်တော်မြတ်သည် ကျွန်များအား သူကောင်းပြုခဲ့သည်။ မိမိပိုင်ဆိုင်သည့် ဒစ်ရ်ဟမ် ၆ ပြား(သို့) ၇ ပြားအား ဆွဒကဟ် ပြုခဲ့သည်။မိမိလက်နက်များအား ခွဲဝေပေးခဲ့သည်။ တမန်တော်မြတ်သည် မိမိ၏ ချပ်ဝတ်အား ဂျူးတစ်ဦးထံတွင် မုယောဆန် (၆၀) ပိသာဖြင့် အပေါင်ထားခဲ့ရသည်။

တမန်တော်မြတ် ﷺ ၏ နောက်ဆုံးနေ့ရက်

တနလ်ာနေ့ဖျိရ်ဆွလားဟ်တွင် လူထုအား အဗူဗက်ရ် ﷺ ဦးဆောင်ဝတ်ပြုနေခဲ့သည်။ တမန်တော်မြတ်သည် မိမိခန်းဆီးအားလှပ်ခဲ့ပြီး လူထုအားကြည့်လိုက်သည့်အခါ အားလုံးအံ့အားသင့်သွားခဲ့သည်။ ဆွဟာဗဟ်များအားပြုံးရယ်ပြခဲ့သည်။ တမန်တော်မြတ်သည် ဆွလားဟ်ဦးဆောင်ရန် ထွက်လာမည်ဟုထင်ရင်းအဗူဗက်ရ် ﷺ သည် ဆွဖ်လိုင်းဆီနောက်ဆုတ်ဟန်ပြုနေခဲ့သည်။ တမန်တော်မြတ်သည် ဆွလားဟ်အားပြည့်ဝအောင်ဖတ်စေခဲ့ပြီး အခန်းထဲပြန်ဝင်ကာ ခန်းဆီးချခဲ့သည်။

နေမြင့်ချိန်တွင် တမန်တော်မြတ်သည် ဖွါသွေမဟ်သခင်မအား အခေါ်လွှတ်ခဲ့သည်။ သမီးဖြစ်သူအား နှစ်ကိုယ်ကြားစကားပြောခဲ့သည်။ သခင်မငိုနေခဲ့သည်။ ဒုတိယအကြိမ် ထပ်မံပြောလေရာ သခင်မပြုံးရယ်တော် မူခဲ့သည်။ အာအေရှဟ်သည် ဖွါသွေမဟ်အား မေးမြန်းလေရာ တမန်တော်မြတ်ကွယ်လွန်ပြီးမှ သခင်မက ပြန်လည်ပြောပြခဲ့သည်။ ပထမအကြိမ် ပြောဆိုသည့်အခါ တမန်တော်မြတ်က မိမိသည် ယခုခံစားနေသည့်ဝေဒနာဖြင့် ကွယ်လွန်မည်ဟု ပြောကြားခဲ့သည်။ ထို့ကြောင့်ငိုရ ခြင်းဖြစ်သည်။ ဒုတိယအကြိမ်တွင် ကျွန်မသည် ကိုယ်တော်မြတ်နောက် ပထမဦးဆုံးလိုက်ရမည့် အိမ်သူအိမ်သားဖြစ်သည်ဟုပြောသည့်အတွက် ပြုံးရယ်ရခြင်းဖြစ်သည်။

ထွက်သက်သဲ့သဲ့

အာအေရှဟ်သခင်မသည် ချစ်နဗီအား အမှီပြုပေးထားသည်။ သခင်မပြောလေ့ရှိသည်။ အလ္လာဟ့်ချီးမြှင့်မှုတွေထဲက တစ်ခုမှာ ချစ်နဗီသည် ကျွန်မ

အလှည့်နေ့၌ ကျွန်မအခန်းတွင်ရှိနေခဲ့ပြီး ကျွန်မရင်ခွင်အတွင်း အရှင့်ထံ ပြန်ခြင်းဖြစ်သည်။

အဗ်ဒုရ်ရဟ်မားန်ဗင်န်အဗီဗက်ရ် ﷺသည် မစ်ဝါးကိုင်ကာဝင်လာခဲ့ သည်။ ချစ်နဗီက မစ်ဝါးက်အားကြည့်နေခဲ့သည်။ ကိုယ်တော် မစ်ဝါးက်စား လိုပါသလားဟု အာအေရှဟ်သခင်မ မေးလေရာ ချစ်နဗီက ခေါင်းငြိမ့်ဖြေကြား ခဲ့သည်။ အာအေရှဟ်သခင်မသည် မစ်ဝါးက်ယူကာ ချစ်နဗီအား စားစေသည့် အခါ မာနေပေသည်။ နူးညံ့အောင်လုပ်လိုက်ရမလားဟု မေးလေရာ ခေါင်းညိတ်ပြခဲ့သည်။ တမန်တော်မြတ်ရှေ့တွင် ရေအိုးတစ်လုံးရှိသည်။ တမန်တော်မြတ်သည် အိုးထဲလက်နှိုက်ကာ မျက်နှာအား ပွတ်သပ်နေခဲ့သည်။ တမန်တော်သည် ... لاإله إلاالله ، إنّ للموت سكرات ဟုပြောနေခဲ့သည်။

မစ္စဝါးက်စားပြီး သိပ်မကြာမီမှာပင် တမန်တော်မြတ်သည် မိမိလက် အားမြှောက်ခဲ့သည်။ ခေါင်မိုးအား မျှော်ကြည့်နေခဲ့သည်။ ချစ်နဗီ၏ နှုတ်ခမ်း တော် လှုပ်နေခဲ့သည်။ အာအေရှဟ်သခင်မ နားစွင့်သည့်အခါ ချစ်နဗီသည် ဤဒုအာအားတောင်းခံနေခဲ့သည်။

အရှင် ချီးမြှင့်ထားသည့် နဗီများ မှန်ကန်သူများ၊ အာဇာနည်သူရဲကောင်းများ သူတော်စင်များနှင့်အတူ။ အိုအရှင် ခွင့်လွှတ်တော်မူပါ။ သနားတော်မူပါ။ အလွာဟ်အနီးခစားခွင့်ပေးပါ။ ချစ်နဗီသည် الرفيق الأعلى အားသုံးကြိမ် ရွတ်နေခဲ့သည်။ တမန်တော်မြတ်လက်တော်များ အရုပ်ကြိုးပြတ်ကျခဲ့သည်။ နောက်ဆုံးအလွာဟ်နှင့်တွေ့ဆုံခဲ့ပေသည်။

ဆွဟာဗဟ်များ အခြေအနေ

တမန်တော်မြတ် ဝဖွါးသ်ဖြစ်သည့်သတင်း မွတ်စ်လင်မ်များ သိသွားသည့်အခါ မယုံကြည်နိုင်ဖြစ်နေခဲ့ကြသည်။ အဆုံးအစွန် ဝမ်းနည်းပူဆွေးမှုများနှင့်အတူ ချစ်နဗီအား နောက်တစ်ကြိမ် မြင်တွေ့ခွင့်မရကြသည်ကို လက်မခံနိုင်ဖြစ်နေခဲ့သည်။

အုမရ်ဗင်ခသ်သွားဗ် ﷺ သည်ထရပ်ပြီး "တမန်တော်မြတ်ကွယ်လွန်ပြီဟု မုနာဖစ်က်များပြောနေကြသည်။ တကယ်သည် တမန်တော်မြတ်ကွယ်လွန် သည်မဟုတ်ဘဲ တမန်တော်မူစာ အလ္လာဟ်ထံ ရက်(၄၀)ကြာသွားသကဲ့သို့ သွားခြင်းသာဖြစ်သည်။ တမန်တော်မူစာ ကွယ်လွန်ပြီဟု ပြောခဲ့ကြသည်။ အလ္လာဟ်အားတိုင်တည်သည်။ တမန်တော်မြတ် ပြန်လာမည်ဖြစ်သည်။ တမန်တော်မြတ်ကွယ်လွန်ပြီဟုပြောသူကို လက်ခြေထောက်တွေဖြတ်ပစ်မည်" ဟုပြောခဲ့သည်။

အဗူဗက်ရ် ﷺသည် မြို့ဆင်ခြေဖုံး မိမိနေထိုင်ရာမှ မြင်းစီးလျက်ရောက်လာခဲ့သည်။ မည်သူ့ကိုမျှ စကားမပြောဘဲ ဗလီအတွင်း ဝင်ခဲ့သည်။ အာအေရှဟ်သခင်မ အခန်းထဲဝင်ခဲ့သည်။ ချစ်နဗီဆီဦးတည်ခဲ့သည်။ တမန်တော်မြတ်အား အဝတ်ဖြင့် ဖုံးထားခဲ့သည်။ အကာအား လှပ်ခဲ့ပြီး မျက်နှာတော်အား နမ်းရှုတ်ရင်း ငိုကြွေးနေခဲ့သည်။ အသင့်အတွက် စတေးပါသည်။ အလ္လာဟ်သည် အသင့်အတွက် သေခြင်းတရား နှစ်ခုအား မစုစည်းစေခဲ့ပါ။ (ကိုယ်တော်မြတ်သည် ကွယ်လွန်ခဲ့ပြီး အစ္စလာမ်သည် ရှင်သန်နေခြင်းအား ဆိုလိုသည်။)

အဗူဗက်ရ် ထွက်လာခဲ့သည်။ အုမရ်သခင်သည် လူထုအား ခြိမ်းခြောက်နေခဲ့သည်။ အုမရ်သခင်အား ထိုင်စေခဲ့သည်။ ငြင်းဆန်ခဲ့သည်။ နောက်ဆုံး အဗူဗက်ရ်သည် ﷺ မိန့်ခွန်းပြောကြားခဲ့သည်။ လူအများ အုမရ်သခင်အား စွန့်ကာ အဗူဗက်ရ်ဆီ လှည့်လာခဲ့သည်။ "အသင်တို့ထဲက ဘယ်သူက တမန်တော်မုဟမ္မဒ်ကို ကိုးကွယ်မလဲ။ ကိုယ်တော်သည် သေဆုံးပြီဖြစ်သည်။ ဘယ်သူက အလ္လာဟ်ကို ကိုးကွယ်မလဲ။ အလ္လာဟ်သည် အမြဲရှင်သန်နေမည့်အရှင်ဖြစ်သည်။အလ္လာဟ်အရှင်က အမိန့်ရှိတော်မူသည်။

وَمَا مُحَمَّدٌ إِلَّا رَسُولٌ قَدْ خَلَتْ مِن قَبْلِهِ ٱلرُّسُلُ أَفَإِيْن مَّاتَ أَوْ قُتِلَ ٱنقَلَبْتُمْ عَلَىٰٓ أَعْقَٰبِكُمْ وَمَن يَنقَلِبْ عَلَىٰ عَقِبَيْهِ فَلَن يَضُرَّ ٱللَّهَ شَيْـًٔا وَسَيَجْزِي ٱللَّهُ ٱلشَّٰكِرِينَ ○

ခန္ဓာမြုပ်နှံခြင်း

တမန်တော်မြတ်အား မြုပ်နှံရေးနှင့်ပတ်သတ်ပြီး ယူဆချက်များ အသီးသီးရှိခဲ့သည်။ ဗနီစာအေဒဟ်နေအိမ်တွင် ဆွေးနွေးခဲ့ကြပြီး တနလ်ာနေ့ ညမကူးခင် အဗူဗက်ရ် ﷺ အားခလီဖဟ်တင်မြှောက်ခဲ့သည်။ တမန်တော်မြတ်အား မြုပ်နှံရန် စီစဉ်နေခဲ့ရင်း တမန်တော်မြတ် ရုပ်ကလာပ်သည် အင်္ကျီနေ့မနက်ထိ နေအိမ်တွင်ရှိနေခဲ့သည်။

အင်္ကျီနေ့ရောက်သောအခါ တမန်တော်မြတ်အား အဝတ်အစားများ မချွတ်ဘဲ ရေချိုးပေးခဲ့သည်။ ရေချိုးပေးခဲ့သူများမှာ အဗ္ဗားစ်၊ အလီ၊ အဗ္ဗားစ်သားနှစ်ဦး ဖဿ်လ် နှင့် ကိုဆွန်းမ်၊ တမန်တော်မြတ်၏ သူကောင်းပြုခံရသူ ရှက်ရာန်၊ အိုစာမဟ်ဗင်နဇိုက်ဒ်နှင့်အောက်စ်ဗင်နခေါင်လဟ် ﷺတို့ဖြစ်သည်။ အဗ္ဗားစ်နှင့် သားနှစ်ဦးသည် တမန်တော်မြတ်အား လှည့်ပေးခဲ့ပြီး အိုစာမဟ်

နှင့် ရှက်ရွံးနာသည် ရေလောင်းပေးခဲ့သည်။ အလီသခင်က ဆေးကြောပေးခဲ့ပြီး အောက်စ်သည် ကိုယ်တော်မြတ်အားမ,ထူခဲ့သည်။

တမန်တော်မြတ်အား ရိုးရိုးရေ၊ ဇီးရွက်ပြုတ်ရေဖြင့် သုံးကြိမ် ဆေးကြောခဲ့သည်။ ကုဗာအရပ် စအ်ဗင်နဲခိုဆိုင်မဟ်ရှိ ဂရ်စ်အမည်ရသော သုံးရေတွင်းမှ ရေဖြင့်ဆေးကြောပေးခဲ့သည်။ တမန်တော်မြတ်အား ဂွမ်း သီးသန့်ဖြင့်ရက်လုပ်ထားသော ပိတ်ဖြူ သုံးထည်ဖြင့် ကဖန်ပတ်ပေးခဲ့သည်။ ချုပ်ထည်နှင့်ခေါင်းစောင်းမပါဝင်ပေ။

တမန်တော်မြတ်မြုပ်နှံရမည့်နေရာနှင့်ပတ်သတ်ပြီး ယူဆချက် အသီး သီးရှိခဲ့သည်။ အဗူဗက်ရ်က ﷺ နဗီတမန်တော်များသည် မိမိကွယ်လွန်သည့် နေရာတွင်သာ မြုပ်နှံခံရမည် ဖြစ်ကြောင်း တမန်တော်မြတ် မိန့်ကြားခဲ့ သည်ကို မိမိကြားခဲ့ကြောင်းပြောပြခဲ့သည်။ အဗူသွလ်ဟဟ် ﷺ သည် တမန် တော်မြတ် ကွယ်လွန်ခဲ့သည့် အိပ်ယာခင်းနေရာအား မ,ပြီး အောက်တည့် တည့်တွင် ကဗရ်ကြွင်းကို လဟ်ဒ်ပုံစံအတိုင်း တူးခဲ့သည်။

လူထုသည် အခန်းအတွင်း ၁၀ဦးဆီ အုပ်စုလိုက်ဝင်ခဲ့ကြပြီး အိမ်သူ အိမ်သားများ၊ ဆွေမျိုးသားချင်းများ၊ မုဟာဂျိရ်များ၊ အန်ဆာရီများ၊ ကလေး သူငယ်များ၊ အမျိုးသမီးများ ﷺ စသည်ဖြင့် အစဉ်လိုက် ဂျနာဇဟ် အသီးသီး သီးသန့်ဖတ်ပေးခဲ့သည်။

ဤသည် တမန်တော်မြတ် ﷺ ၏ ဘဝဖြစ်စဉ်နှင့် ဓမ္မကျင့်စဉ်အား အကျဉ်းချုပ်တင်ပြခြင်းဖြစ်သည်။